www.burmeseclassic.com

တက္ကသိုလ်

# နေဝင်းမောင်

သုံးအုပ်တွဲ သိုင်းစာစဉ်

# အန္တရာယ်ကောင် ယန္တရားဖွား

ဒုတိယပိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

# အန္တရာယ်ကောင်ယန္တရားဖမား

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၀၅၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၉၃၀၆၁၀

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**ပြည်သူ့သဘောထား**

**ပြည်သူ့သဘောထား**

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

(၁)

## ပွဲဦးထွက်အောင်ပွဲ

ကျောက်စိမ်းပလွေမှုတ်သံမြန်လာသောအခါ ဖား၏လှုပ်ရှားမှုလည်း မြန်လာသည်။ သူတို့၏မျက်စိထဲတွင် သက်မဲ့ဖားတစ်ကောင်ကဲ့သို့ မမြင်တော့ပေ။

သက်ရှိဖားတစ်ကောင်ခုန်ထွက်ပြီး သူတို့အားလှည့်ပတ်ပြသနေသကဲ့သို့ မြင်ယောင်နေကြသည်။

နောက်ဆုံး ထိုဖားသည် ကျောက်ကွဲလက်သီးလီချန်းနှင့်မျက်နှာချင်းဆိုင်လိုက်လေ၏။

လီချန်သည် ပထမ၌ကြောက်ရွံ့သွားသော်လည်း နောက်ဆုံး၌စိတ်တည်ငြိမ်သွားပုံရသည်။ သူသည် တည်တည်ငြိမ်ငြိမ်ပင်ဖားနှင့်ရင်ဆိုင်လေ၏။

ကြည့်ရှုနေသည့်ညီသည်ပရိတ်သတ်များမှာမူ ရင်တထိတ်ထိတ် ဖြစ်နေသည်။ အသည်းတထိတ်ထိတ်၊ ရင်တထိတ်ထိတ်ဖြစ်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ထိုဖားသည် နေရာ၌ပင် ခုန်ဆွခုန်ဆွပြုလုပ်လေတော့၏။ သူ၏ဟန်ပန်မှာ လီချန်းအား တိုက်ခိုက်ခုန်အုပ်တော့မည့်ဟန် ဖြစ်လေ၏။

“ဝိုး… ဝိုး”

“ဝှစ်… ဝှစ်”

ကျောက်ကွဲလက်သီးလီချန်းသည် သံမဏိဖားရုပ်ကြီး သူ့နားမကပ်နိုင်အောင် သူ၏သံမဏိပုဆိန်ကြီးကိုဝှေ့ယမ်းနေတော့သည်။

လီချန်း၏ဝှေ့ယမ်းပုံမှာ စကြာလှည့်ပတ်သလို ယမ်းနေသည်။ ရေပက်မဝင်အောင်ဝှေ့ယမ်းနေပုံမျိုး ဖြစ်သည်။ အခြား ဓား လုံလေးမြားများဆိုလျှင် ကျိုးကြေလွင့်ထွက်ကုန်မည်ဖြစ်သည်။

ဖားသည် လီချန်းဆီသို့မခုန်သေးပေ။ သူ့နေရာ၌ပင် ခုန်နေ၏။

လီချန်းသည် ရိပ်မိသွား၏။ သူ့လက်နက်ဖြင့်ဝှေ့ယမ်းနေသဖြင့် ဤသံမဏိဖားအား မည်သို့မျှထိခိုက်စေနိုင်မည်မဟုတ်သည်ကို သိရှိသွား၏။

သူသည် တစ်ပတ်ကျွမ်းပတ်ပြီး သံမဏိဖားအားပုဆိန်ဖြင့် ခုတ်လိုက်သည်။

“ဒေါင်”

လီချန်းသည် တစ်ပတ်ကျွမ်းထိုးပြီး ပြန်ထွက်သွား၏။

သံမဏိဖားကြီးကား ဘာဖြစ်မည်နည်း။ ဘာမျှမဖြစ်ပေ



လီချန်းသည် တစ်ပတ်ကျွမ်းထိုးပြီး ဒုတိယအကြိမ် ခုန်ဝင်ပြန်၏။ သံမဏိပုဆိန်ဖြင့် တိုက်ခိုက်ပြန်၏။

“ဒေါင်… ဒေါင်”

နှစ်ချက်တောင် တိုက်ခိုက်သည်။

သံမဏိဖားကြီးသည် သက်မဲ့တစ်ကောင်ဖြစ်နေ၍သာ ဤသို့ငြိမ်နေခြင်းဖြစ်သည်။ လူဖြစ်လျှင် ရယ်ပင်ရယ်လေမည်လား မသိပေ။

လီချန်းသည် အားမလိုအားမရဖြစ်လာ၏။ ထို့ပြင် ယခုအထိ သံမဏိဖားကြီးက သူ့ကိုမတိုက်ခိုက်သေးပေ။ သူသည် ယှဉ်ရပ်ရင်း ဖားကြီးအား ပုဆိန်ခုတ်ချက်များဖြင့် တိုက်ခိုက်တော့သည်။

“ဒေါင်… ဒေါင်… ဒေါင်”

“ဒေါင်… ဒေါင်… ဒေါင်”

သံမဏိပုဆိန်ခုတ်ချက်သည် သံမဏိဖားကြီးပေါ်သို့ အချက် တိုင်းကျရောက်လေသည်။ သံမဏိပုဆိန်ကြီးသာ ကန်ထွက်သွားသည်။ သံမဏိဖားကြီးကတော့ ဘာမှမဖြစ်ချေ။ ဖားကြီးသည် ရှေ့သို့ ခုန်ထွက်တော့မည်ဟန် လှုပ်ရှားလာသည်။

ကြည့်ရသည့် ပရိသတ်များအဖို့ ပို၍ သည်းထိတ်ရင်ဖိုဖွယ် ဖြစ်လာသည်။ နီရဲနားကပ်နေသည့်ပရိသတ်များသည် အနားငယ်ရဲ ဘင်းလာပြီး ရှေ့သို့တိုးလာကြလေတော့သည်။

လူနှင့်ယန္တရားတိုက်ပွဲကို သူတို့မျက်မြင်တွေ့နေရပြီမဟုတ်ပါလား။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကျား"

ကျောက်ကွဲလက်သီး လီချန်းသည် မာန်သွင်းအော်ဟစ်ပြီး ပုဆိန်ကြီးဖြင့် ထိုးခုတ်လိုက်လေ၏။

"ဒေါင်"

ပရိသတ်များသည် လီချန်းအား ချီးကျူးကြ၏။ လီချန်းမှာ သတ္တိအရာတွင် စံတင်လောက်သူဖြစ်သည်။ သို့သော် သူတိုက်နေသည်မှာ လူသားမဟုတ်။ သံမဏိဖားကြီးသာလျှင် ဖြစ်နေသည်။

ထိုစဉ် ဖားကြီးက အလွန်လျင်မြန်စွာ ခုန်အုပ်လိုက်လေသည်။

"ဟာ"

"အား"

လီချန်းတစ်ယောက် ဖားကြီး၏အောက်တွင် ပိသွားလေသည်။ မချိမဆံ့အော်လိုက်သည့်အသံကြီးသည် မြေအောက်ခန်းတစ်ခုလုံး ပဲ့တင်ထပ်သွားလေ၏။

သံမဏိကိုယ်ထည်ကြီးပိသွားသောအခါ တစ်ကိုယ်လုံးမြင်မကောင်း ရှုမကောင်းအောင် သွေးသံရဲရဲဖြစ်သွားသည်။ ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်သည် အောင်ပွဲခံချေပြီးတည်း။

၉

(၂)

## သစ္စာဖောက်

ယန္တရားဖားကြီးအောင်ပွဲ....။

ယန္တရားဖားကြီး၏သတင်းသည် သိုင်းလောကကြီးတစ်ခုလုံး ပျံ့နှံ့သွားလေ၏။

ယန္တရားဖားတပ်ဆင်သောကျမ်းသည် သိုင်းလောက၌ ပျောက်ကွယ်နေခဲ့သည်မှာ ကြာပြီ။

ထိုကျမ်းသည် ရှောင်လင်ကျောင်းတော်၏ လျှို့ဝှက်သိမ်းဆည်းရာပြတိုက်ထဲ၌ ရောက်ရှိနေခဲ့ ၏။

ထိုမှတစ်ဆင့် ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ရရှိသွားခြင်း ဖြစ်သည်။

စင်စစ်ရရှိသွား၍လည်း ထိုကျမ်းကိုအသုံးချနိုင်ကောင်းမှ အသုံးချနိုင်မည်။ ထိုကျမ်း၏ခက်ခဲနက်နဲမှုကို မည်သူမျှပေါက်သက်

www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ချေ။

ဖန်ကောက်တင်သည် ထိုသိုင်းကျမ်းကိုဖတ်တတ်ရုံမျှမက ပညာသည် အတတ်မျိုးဖြင့် ထိုဖားကိုတပ်ဆင်နိုင်ခဲ့လေသည်။

ကျောက်စိမ်းပညာရှင် ဖန်ကောက်တင်သည်ကြောက်စရာ အကောင်းဆုံး လူသားတစ်ဦးဖြစ်သွားကြောင်းကို သိုင်းလောကမှ သိုင်းသမားအပေါင်း သိရှိသွားကြတော့သည်။

ဖားကြီးသည် ကျောက်ကွဲလက်သီးလီချုန်းအား ကိုက်ခဲခြင်း၊ လက်ဖြင့် ကုတ်ခြစ်ခြင်း၊ အဆိပ်ငွေ့ဖြင့် မှုတ်ထုတ်ခြင်းစသည် တို့ဖြင့် မတိုက်ခိုက်သေးချေ။ ခန္ဓာကိုယ်ကြီးဖြင့် အပေါ်မှတက်ဖိလိုက်ခြင်းသာ ဖြစ်သည်။

အိမ်ကြီးတစ်အိမ် ပိသကဲ့သို့ပိပြားသွားသည့် လီချုန်း၏ သွေးပွက်ပွက်ကျသည့် ခန္ဓာကိုယ်ကို ထိုစဉ်က တက်ရောက်ခဲ့ကြသည့် သိုင်းသမား ဧည့်သည်တော်များ မျက်စိထဲကမထွက်သေးချေ။

ရှောင်လင်အဖွဲ့ကလည်း ဘာမှမလုပ်နိုင်သေးချေ။ ရှောင်လင်သိုင်းသမား ဟုန်ကျင်းထံမှရရှိသည် သတင်းအချက်အလက်များကိုစုစည်းပြီး သုံးသပ်ရုံသာ သုံးသပ်နိုင်လေသည်။

လက်ထောက်ဆရာတော်များသည် သူတို့၏သုံးသပ်နိုင်ချက်ကိုတင်ပြပြီး ဆရာတော်အား မည်သို့ပြုမူဆောင်ရွက်သင့်သည်ကို အကြံပြုပြောဆိုကြလေ၏။

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ ဒီနယ်တစ်ခွင်မှာ ဖြန့်ကြက်ထားပါတယ်ဆရာတော်၊ သူဟာ ဖားကြီးကိုတီထွင်ထားနိုင်ပြီဆို



တော့ သူ့ အစွမ်းဟာ အကြီးမားဆုံးဖြစ်သွားခဲ့ပါပြီ၊ သူ့ဂိုဏ်းတွေဟာလဲ အင်အားအလွန်ကြီးမားသွားပါပြီ၊ ဒီတစ်ခါမှာ သူတို့ဟာ အာဏာထက်သွားမှာ သေချာပါတယ်"

"နေပြည်တော်က အထောက်တော်တွေဆင်းပြီး စုံစမ်းမရတဲ့အပြင် သူတို့အသက်တောင်မှ အန္တရာယ်ရှိမှာစိုးရိမ်ရပါတယ်၊ ဒီတော့ ရှောင်လင်ကျောင်းအနေနဲ့ ကိုယ်တော်ဟုန်ကျင်းကို အားဖြည့်ကူညီခြင်းသာ အကောင်းဆုံးဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်ဘုရား"

မျက်ခုံးဝါ ဘုန်းတော်ကြီးက တင်ပြလျှောက်ထားလိုက်သည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် မျက်ခုံးဝါဘုန်းတော်ကြီး၏တင်ပြလျှောက်ထားချက်ကို သေချာစွာ စဉ်းစားလေ၏။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ကို သူတို့မသတ်မိခြင်းမှာ မှားသည်ဟု ဆရာတော်ကြီး နောင်တရမိသည်။

ဤလူယုတ် မာမျိုးကိုသတ်ပစ်ခြင်းသည် လူကောင်းအရာထောင်၏အသက်ကို ကယ်တင်ခြင်းမည်ကြောင်း ဆရာတော်ကြီးအသိနောင်းသွားသည်။

ဖန်ကောက်တင်အား နှင်းတောင်ဒွီချုပ်ထားရန် သူပင် အမိန့်ပေးလိုက်မိသည်။

နှင်းတောင်မှ ဖန်ကောက်တင် ထွက်ပြေးလွတ်မြောက်သွားသောအခါ ကျောင်းထိုင်ဆရာတော်ကြီး၏လက်အောက်မှ ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ဘော်ကြီးအဖွဲ့သည် ဘုန်းတော်ကြီးအား အပြစ်မတင်သော်လည်း သူတို့စိတ်ထဲ၌မူ ကောင်းကြမည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ဖန်ကောက်တင်အား သုတ်သင်ပစ်ရန် လိုလားခဲ့ကြသည်မဟုတ်ပါလော။

ထိုသို့ နှင်းတောင်မှလွတ်မြောက်သွားသည့်ကိစ္စာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်နေသောကိစ္စဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် နှင်းတောင်၌ဖမ်းဆီးထားခြင်းကိစ္စကို ရှောင်လင်ကျောင်းတော်အတွင်းမှ တစ်ဦးတစ်ယောက်သစ္စာဖောက်၍ အပြင်သို့သတင်းပေးလိုက်၍သာ အပြင်လောကမှသိသွားရခြင်း ဖြစ်ပေလိမ့်မည်။

ထိုသစ္စာဖောက်သူ မည်သူနည်း။ သစ္စာဖောက်သူအားဖော် ထုတ်ရပေလိမ့်မည်။

ဆရာတော်တိုးညင်းစွာ မိန့်ကြားလေ၏။

"မျက်ခုံးဝါကိုယ်တော်အခြေအနေကို စောင့်ကြည့်ဖို့ အကြောင်းရှိသေးတယ်"

"ဘာအကြောင်းများလဲ ဆရာတော်"

"နှင်းတောင်ကိစ္စသတင်းပေါက်ကြားတဲ့ကိစ္စ ရှောင်လင်ကျောင်းတော်မှာသစ္စာဖောက်ရှိနေပြီဆိုတာကို သတိပြုမိမှာပေါ့"

"သတိပြုမိပါတယ်ဘုရား"

"အိမ်း... ရှေ့ဆောင်ရွက်မယ့်ကိစ္စတွေလဲ မပေါက်ကြားဘူးပို့ မပြောနိုင်ဘူးဟ။ သတိထားပြီး ဆောင်ရွက်ကြရတော့မယ်"



ဘုန်းတော်ကြီးအဖွဲ့ထဲမှ ဘုန်းတော်ကြီးနှစ်ပါးသည် လှုပ်လှုပ်ရှရှဖြစ်သွားကြ၏။

"ဆရာတော်ဘုရား သစ္စာဖောက်ကိုသတိထားပြီး ဘာမှမဆောင်ရွက်ရင် ဖားကြီးဟာ သိုင်းလောကတစ်ခုလုံးကို အန္တရာယ်ပေးတော့မှာပေါ့ဘုရား။ တပည့်တော်တို့သိုင်းလောကတစ်ခုလုံးကို အန္တရာယ်ပေးတော့မှာပေါ့ဘုရား၊ တပည့်တော်တို့သိုင်းလောကတစ်ခုလုံးကို မကယ်တင်တော့ပဲ ဒီအတိုင်းပဲကြည့်နေတော့မှာလား ဘုရား"

ဆရာတော်ကြီးသည် အေးဆေးတည်ငြိမ်စွာပင် မေးမြန်းတော်မူလေ၏။

"ကိုယ်တော်တို့ ဒီကျမ်းဟာ အကောင်းကိုဖြစ်စေမည့်ကျမ်းလား အဆိုးကိုဖြစ်စေမည့်ကျမ်းလား ကိုယ်တော်တို့"

ဘုန်းတော်ကြီးနှစ်ပါးသည် ချက်ချင်းဖြေလေ၏။

"အဆိုးကိုဖြစ်စေမည့်ကျမ်းပါ ဆရာတော်"

"သူလုပ်မည့်အဆိုးသည် တစ်မြို့လုံး တစ်နယ်လုံး တစ်ပြည်လုံးကို လွှမ်းမိုးသွားမည်လား ကိုယ်တော်တို့"

"ဒီလိုတော့ ယူဆ၍မရပါ ဆရာတော်"

"အိမ်း... ဒီအတိုင်းပဲမှတ်ယူပေတော့ ကိုယ်တော်တို့ ဤဖားဟာ မြို့ရွာအဆင့်မှာ ပျက်စီးရင်ပျက်စီး။ မပျက်စီးရင် ပြည်နယ်အဆင့်မှာ ပျက်စီးမှာပါ၊ တိုင်းပြည်တစ်ခုလုံးကိုလွှမ်းခြုံအောင်တော့ ဖားဟာ ဒုက္ခပေးမှာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဆိုးဟာ အဆိုးနဲ့ပဲထိပ်တိုက်တွေ့မှာပါ၊ အကောင်းဟာ အကောင်းနဲ့ပဲ ထိပ်တိုက်တွေ့မှာပါ၊ မကောင်းမှု တီထွင်သူဟာမကောင်းသူဒဏ်နဲ့ပဲ ပျက်စီးရမှာပါ၊ နွားခြေရာနောက်ကို လှည်းဘီးရာလိုက်သလို မကောင်းတီထွင်တဲ့နောက်ကို မကောင်းမှုဟာလဲ လိုက်မှာပဲ၊ ဘာမှမစိုးရိမ်ကြပါနဲ့"

ဆရာတော်ကြီး၏စကားမှာ ငြင်းသာသောစကားမဟုတ်ပေ။

ဆရာတော်ကြီးက ဆက်၍မိန့်ကြား၏။

"ဒီယန္တရားဖားရဲ့သမိုင်းကြောင်းကလဲ မကောင်းလှပါဘူး ကိုယ်တော်တို့၊ ဒီသမိုင်းကြောင်းကိုလဲ ကျုပ်သိထားပါရဲ့၊ ဒါကြောင့် ဒီတီထွင်မှုဟာ ပျက်စီးသွားရလိမ့်မယ်လို့ ကျုပ်ပြောရတာပါ"

ဘုန်းတော်ကြီးများမှာ ဆရာတော်၏ပြောဆိုမိန့်ကြားချက်ကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြရလေ၏။

မကောင်းမှုသည် မကောင်းမှုဖြင့် အဆုံးသတ်ပျက်စီးမည်ဟူသည့် တရားသဘောကိုတော့ ဘုန်းတော်ကြီးများ သိရှိကြသည်။ ယန္တရားဖား၏နောက်ကြောင်းသမိုင်းကိုတော့ ထိုဘုန်းတော်ကြီးများ မသိကြပေ။

ထိုဘုန်းတော်ကြီးများသည် ကျောင်းထိုင်ဆရာတော်လောက် သက်တော်မကြီး၊ ဝါတော်မကြီးဟုဆိုရမည်ဖြစ်သော်လည်း ငယ်ရွယ်သူများကား မဟုတ်ကြပါ။ သက်တော်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော် ဝါစဉ်ကြီးဆရာကြီးများသာ ဖြစ်ကြပါသည်။



ထိုမျှ ဝါစဉ်ကြီး ဆရာတော်ကြီးများဖြစ်ကြသော်လည်း ယန္တရား၏သမိုင်းကြောင်းကို လုံးဝမသိကြပါပေ။

ဆရာတော်သည် တိတ်ဆိတ်စွာ ထသွားကော်မူလေ၏။

ဝါစဉ်ကြီး ဘုန်းတော်ကြီးအဖွဲ့ဝင်များသာ ကျန်ရစ်ခဲ့ကြတော့သည်။

"ဆရာတော်ကြီးပြောတဲ့စကားကို ကျုပ်နားမရှင်းဘူးဗျ"

ဘုန်းတော်ကြီးတစ်ပါးက ပြောလိုက်လေ၏။ ထိုအခါ မျက်ခုံးဝါဘုန်းတော်ကြီးက....

"ဆရာတော်မှာ အကြောင်းရှိပါလိမ့်မယ် ကိုယ်တော်၊ ဆရာတော်ဟာ စကားကိုအကြောင်းမရှိဘဲနဲ့ ပြောကြားလေ့မရှိပါဘူး"

"ဒါတော့ တပည့်တော်တို့သိပါတယ်၊ ဆရာတော်ကြီးဟာ ဖန်ကောက်တင်ကိုနှင်းတောင်မှာချုပ်ထားဖို့ မိန့်ကြားခဲ့တယ်မဟုတ်လား။ အဲဒီအမှာကိုလဲ ဆရာတော်ကြီး သတိထားပုံရပါတယ်"

"ကိုယ်တော်တို့ ဒါတွေကိုတောင် သတိပြုနေမိကြတာပဲ၊ စဉ်းစားကြည့်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်ကိုယ်တော်"

ဘုန်းတော်ကြီးအဖွဲ့ ထိုသို့ပြောဆိုနေသည်ကို ချောင်းမြောင်းနားထောင်နေသူ ဘုန်းတော်ကြီးတစ်ပါးရှိ၏။

ထိုသူကား ဘုန်းတော်ကြီး ဆမ်ဝမ်ဇီပင်ဖြစ်လေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆမ်ဝမ်ဇီသည် မည်သူနည်း။ ဆမ်ဝမ်ဇီသည် ကျောက်စိမ်းနဂါးကိုဏ်းအဖွဲ့ဝင် တစ်ဦးဖြစ်သည်။

ဆမ်ဝမ်ဇီသည် ဖန်ကောက်တင်ကျောင်းတော်အတွင်း ဓာတ်မြှုပ်ဝင်စလောက်ကပင် ရှောင်လင်ကျောင်းတော်သို့ဝင်ခဲ့သည်။

သူသည် ကျောက်စိမ်းနဂါးကိုဏ်းသားဖြစ်ကြောင်း မည်သူမှမသိစေဘဲ ရိုးရိုးနှင့်မှန်မှန် ကျင့်ဆောင်ခဲ့သည်။

ဖန်ကောက်တင်ကတော့ ထက်မြက်သူဖြစ်သည့် အလျောက် ထိပ်ပိုင်းဆရာတော်များနှင့် ရင်းနှီးပြီး ထိုအဖွဲ့ဝင်ဖြစ်သွားခဲ့သည်။ ဆမ်ဝမ်ဇီကတော့ တစ်ဆင့်ခြင်းသာ တက်ခဲ့ပြီး ယခုဆိုလျှင် လက်ထောက်ဂိုဏ်းခွဲမှူးဖြစ်ခဲ့ပေပြီ။

သူသည် နှင်းတောင်၌ ဖန်ကောက်တင်အား ချုပ်ထားမည့်သတင်းကို ကျောက်ဖိန်တို့အားပေးနိုင်ခဲ့၏။ ယခုလည်း သတင်းရရှိရန် ချောင်းမြောင်းနားထောင်နေကြပြန်လေပြီ။

(၃)

## လက်စဖျောက်ခြင်း

ဆမ်ဝမ်ဇီ.....။

ဘုန်းတော်ကြီးဆမ်ဝမ်ဇီသည် ရှောင်လင်ကျောင်းတော်၏ အနောက်ဘက်တောင်ကုန်းဆီသို့ တက်လာခဲ့၏။ ကျောင်းဝင်းအပြင်သို့ ဘုန်းတော်ကြီးတိုင်း လွယ်ကူစွာ မထွက်နိုင်ပေ။

အကြောင်းကြီးငယ်ရှိသည်တို့ကို ကိုယ့်ဆရာတော်အား တိုယ်လျှောက်ထားရ၏။ သို့မှသာ ကျောင်းဝင်းအပြင်သို့ထွက်ခွင့်ရသည်။

ဘုန်းတော်ကြီးဆမ်ဝမ်ဇီသည် ဆရာဖြစ်သူအား လျှောက်ထားပြီး အပြင်သို့ထွက်လာခြင်းဖြစ်သည်။ သူ့အကြောင်းပြသည်ကတော့ ရွာသားတစ်ဦးအား သွားရောက်ကူညီရန်ပင်ဖြစ်သည်။

ဘုန်းတော်ကြီးဆမ်ဝမ်ဇီသည် အနောက်ဘက်တောင်ကုန်းပေါ်သို့ ခပ်ဖြည်းဖြည်းတက်လာသည်။ တောင်ကုန်းပေါ်၌ ဒူးသစ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိသောမြက်ရှည်များသာ ပေါက်ကြသည်။

သူက ရှောင်လင်ကျောင်းမှ သူ့ဆရာအား အရှေ့ဘက်သို့ သွားမည်ဟု လျှောက်ထားခဲ့ပြီး၊ ယခုတော့ သူက အနောက်ဘက် တောင်ကုန်းပေါ်တက်လာခဲ့ခြင်းဖြစ်သည်။ သူ ဤတောင်ကုန်းသို့ တက်လာမည်ဟု မည်သည့်ရှောင်လင်ဘုန်းကြီးကမျှရိပ်မိမည် မဟုတ်ချေ။

သူ ဤတောင်ကုန်းသို့တက်လာခဲ့ခြင်းမှာ အကြောင်းရှိသည်။ ရှောင်လင်ဘုန်းတော်ကြီးများထံမှ နောက်ဆုံးရရှိခဲ့သည့်သတင်းများကို ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီး ဖန်ကောက်တင်ထံသို့ သတင်းပို့ရမည်မဟုတ်ပါလား။

လေသည် တဟူးဟူးတိုက်နေ၏။

မြက်ပင်များသည် လေထဲ၌ယိမ်းနွဲ့နေသည်။ ထိုလေနှင့်အတူ မကြာမီ နှင်းများကျဆင်းလာတော့သည်။

နှင်းများသည် သစ်ပင်၊ သစ်ကိုင်းများပေါ်ကျဆင်းရန် မရှိသဖြင့် တောင်ကုန်းပေါ်ရှိ မြက်များပေါ်သို့သာ ကျဆင်းကြတော့သည်။

ဆမ်ဝမ်ဇီသည် ဤသို့နှင်းကျလိမ့်မည်ဟု မထင်ခဲ့ချေ။ ရာသီဥတုသည် အလွန်သာယာကြည်လင်သဖြင့် သူလုပ်ရမည့်အလုပ်ကို လွယ်လွယ်ကူကူလုပ်နိုင်မည်ဟုထင်ခဲ့ခြင်း ဖြစ်ပေသည်။ ယခုတော့ သူထင်သလို ဖြစ်မလာပါလေလား။

သူသည် တောင်ကုန်းပေါ်ဆက်လျှောက်လာခဲ့လေသည်။



ထိုမှဘက် တောင်ကုန်းအဆင်းတွင် သစ်ပင်များပေါက်ရောက်နေပြီး ထိုသစ်ပင်များအကြား၌ သူသည် သစ်လုံးအိမ်ကလေးတစ်လုံး ဆောက်လုပ်ထားခဲ့သည်။

ထိုသစ်လုံးအိမ်ကလေး၌ သူလုပ်ရမည့်အလုပ်ရှိနေလေသည်။ ထိုအရာကား စာပို့ခိုများဖြင့် စာပို့ခြင်းတည်း။

စာပို့ခိုကလေးများကို လှောင်အိမ်အသီးသီးဖြင့် ချိတ်ဆွဲထား၏။ ထိုစာပို့ခိုကလေးများ စားသောက်ရန် အစားအစာ ရေစသည်တို့ကို အဆင်သင့်ထားရှိပြီး သူက တစ်ရက်ခြားလာကြည့်လေ့ရှိသည်။

ယခုကဲ့သို့ နှင်းများကျဆင်းလာသောအခါ စာပို့ခိုကိုလွှတ်ရန် အခက်အခဲရှိသည်။ စာမပို့နိုင်လျှင် ကျောက်စိမ်းနဂါးဂိုဏ်းနှင့်သူ အဆက်အသွယ်ပြတ်သွားပေလိမ့်မည်။

သို့သော် မကြာခင် နှင်းများအကျစဲသွား၏။ ထိုအခါမှ ...င်း ချနိုင်သည်။

သူသည် စာပို့ခိုတစ်ကောင်ကိုယူကာ ခြေထောက်တွင် ဝါးကျည်တောက်အသေးကလေး တပ်ဆင်ပေးလိုက်သည်။

သူသည် ဝါးကျည်တောက်ကလေးကိုသေချာစွာ ချည်နှောင်သည်။

ထို့နောက် သူ့လုပ်ရပ်ကိုကျေနပ်သဘောကျသွားပြီး ပြုံးလိုက်၏။ သူသည် စာပို့ခိုကလေးကိုယူကာ အိမ်အပြင်ဘက်တောင်ကုန်းဘက်သို့ ထွက်လာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



လေကြောင်းသင့်ပြီး ခိုကလေးက လေထဲသို့ပို့လွှတ်နိုင်မည့်နေရာကို သူသည် ရှာဖွေနေလေ၏။ လေက ကြမ်းလွန်းပြင်းလွန်းလှသည်။ နှင်းများကလည်း ပြန်၍ကျလာတော့သည်။

ထို့ကြောင့် သူသည် စာပို့ခိုကလေးကိုမလွှတ်နိုင်တော့ပြန်ပေ။ သူသည် စိတ်ပျက်လက်မျက် တဲအိမ်ကလေးဆီသို့ပြန်လာခဲ့ရသည်။

"ဟင်"

သူသည် လန့်သွားလေ၏။ လန့်သွားခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ တဲအိမ်၏အဝင်ဝ၌ ခြေရာတစ်စုံကိုတွေ့လိုက်ရသောကြောင့်ပေတည်း။

ဤနေရာ၌ သူ၏ခြေရာတစ်စုံသာရှိရမည် မဟုတ်ပါလား။ ယခု အဘယ်က ခြေရာတစ်စုံသည် ဤနေရာသို့ရောက်ရှိနေပါသနည်း။ သူ၏ခြေရာနှင့်ထင်နေသောခြေရာ ခြားနားမှုကို သိရှိပါသည်။

သူစိမ်းတစ်ယောက်။ လူစိမ်းတစ်ယောက်သည် သူ၏စာပို့ခိုထားသည့် လျှို့ဝှက်နေရာကိုသိရှိသွားပြီ မဟုတ်ပါလော။

ရောင်လင်ဘုန်းတော်ကြီး ဆမ်ဝမ်ဇီသည် ဦးနှောက်ခြောက်သွားရလေ၏။

သူသာ ရောင်လင်ဘုန်းတော်ကြီးဆမ်ဝမ်ဇီဖြစ်သည်ကို တစ်ယောက်တစ်ယောက်ကသာ သိရှိသွားပါက သူသည် ရောင်လင်ကျောင်းမှပေးသည့် ကြီးလေးသည့်ပြစ်ဒဏ်ကို ခံယူရရှိပေတော့မည်။



ထို့ကြောင့် သူ့အား ရောင်လင်ဘုန်းတော်ကြီးဆမ်ဝမ်ဇီဖြစ်ကြောင်း မသိဖို့အရေးကြီးသည်။

သူသည် အမြဲတမ်းအသင့်ပါရှိသော မျက်နှာဖုံးတစ်ခုကို ဝတ်ရုံထဲမှ ယူလိုက်လေသည်။ ထို့နောက် မျက်နှာ ဖုံးကိုတပ်ဆင်ပြီး ရုပ်ဖျက်လိုက်သည်။

သူသည် ရောင်လင်ကျောင်းတော်၌ သူလျှိုအဖြစ် နှစ်ပေါင်းများစွာနေခဲ့ရသဖြင့် အန္တရာယ်အငွေ့အသက်ကို သူသိနေခဲ့သည်။ ယခု တဲအိမ်ကလေးထဲ၌ အန္တရာယ်အငွေ့အသက်ရှိနေသည်။

ထိုအန္တရာယ်ကို သူရင်ဆိုင်တွေ့ပြီး အပြတ်ရှင်းသွားမှသာ နောက်ကြောင်း အေးပေလိမ့်မည်။ ဆမ်ဝမ်ဇီသည် သတိအနေအထားဖြင့် ဆက်လက်၍ လျှောက်လာ၏။

"ဝှစ်... ဝှစ်... ဝှစ်"

"ကျား"

"ဖမ်း... ဖမ်း... ဖမ်း"

သူ့ထံသို့ အဆိပ်လက်နက်ပုန်းကလေးများသည် တဝှစ်ဝှစ်နှင့်ပြေးဝင်လာလေ၏။ သူသည် လေတိုးသံကြားသည်နှင့် သူ့အား အဆိပ်လက်နက်ပုန်းနှင့်ပစ်ပြီကို သိရှိလိုက်လေသည်။ သူသည်လေထဲ၌ သင်္ကန်းနှင့်ခါယမ်းပစ်လိုက်လေသည်။

သူ့လက်ထဲမှ ခိုကလေးသည် တဖျပ်ဖျပ်နှင့်လေထဲသို့ ပျံတက်သွားလေ၏။ ခိုကလေးကို ရာသီဥတုအခြေအနေမကောင်း၍ မလွှတ်ခဲ့သော ဆမ်ဝမ်ဇီသည် ယခု ခိုကလေးကိုလွှတ်ခဲ့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆမ်ဝမ်ဇီအား နောက်ယောင်ခံလိုက်လာသူမှာ တစ်ယောက်တည်းမဟုတ်ပေ။ လေးယောက်တိတိ ဖြစ်သည်။ ထိုလေးယောက်သည် ရှောင်လင်ကျောင်းမှအဖွဲ့သားများတည်း။

ရှောင်လင်ဝိုဏ်းသားလေးယောက်တို့သည် ပုန်းကွယ်နေရာမှထွက်လာကြပြီး ဆမ်ဝမ်ဇီအား ဝိုင်းထားလိုက်ကြသည်။ လေးယောက်စလုံး တုတ်ကိုယ်စီကိုင်ဆောင်ထားကြသည်။

ဆမ်ဝမ်ဇီ မျက်နှာဖုံးစွပ်လိုက်သည်မှာ အချိန်မီကလေးဖြစ်သည်။ ဝိုင်းထားသူများသည် ရှောင်လင်ကျောင်းမှဖြစ်သည်ကိုသာ သိရှိကြပြီး မည်သူမည်ဝါဖြစ်သည်ကို မသိရှိကြတော့ပေ။

ဝိုင်းထားသူများက မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

"မိစ္ဆာစေတမန်ဆိုတာ ကျုပ်ပဲ"

"ဟား... ဟား... ဟား လက်ဆုပ်လက်ကိုင်မိတာတောင် လိမ်ညာချင်သေးတယ်"

"ကျုပ် ဘာမှမလိမ်ဘူး"

"ဘာမလိမ်ရမှာလဲ၊ ခင်ဗျားဟာ ရှောင်လင်ကျောင်းကဆိုတာ ကျုပ်တို့သိတယ်၊ ခင်ဗျားဟာ ရှောင်လင်ကျောင်းက သတင်းတွေကိုလျှို့ဝှက်ခိုတွေနဲ့ စာပို့နေတာကိုလဲ ကျုပ်တို့သိတယ်၊ ခင်ဗျား ဘယ်သူဆိုတာကို မျက်နှာဖုံးချွတ်ရင် သိရမှာပဲ"

(၄)

ဆမ်ဝမ်ဇီသည် သူ့နောက်သို့လိုက်လာသည့် ရှောင်လင်အဖွဲ့သားများကိုကြည့်ပြီး စိတ်သက်သာရာရမိသည်။

အဘယ်ကြောင့်ဆိုသော် သူတို့အားလုံး သိုင်းပညာအဆင့်မမြင့်လှသောကြောင့်တည်း။

"ဟား... ဟား... ဟား ခင်ဗျားတို့က ကျုပ်ကိုသိချင်ကြတယ်မဟုတ်လား၊ လွယ်ပါတယ်ဗျာ၊ ခင်ဗျားတို့ပြောတဲ့အတိုင်း ကျုပ်ကိုရိုက်လှဲပြီး မျက်နှာဖုံးချွတ်ကြည့်ရင် ကျုပ်ဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျားတို့သိမှာပေါ့"

တုတ်ကိုင်ထားသူ လေးယောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူတို့ကို ဆမ်ဝမ်ဇီက စိန်ခေါ်နေပြီမဟုတ်ပါလား။

ဆမ်ဝမ်ဇီ၏သိုင်းပညာအဆင့်ကို ထိုသူလေးယောက်မသိရှိကြသော်လည်း သူတို့သည် ရှောင်လင်ဝိုဏ်းသားများဖြစ်ကြသည်။

ရှောင်လင်ဝိုဏ်းသားများသည် မည်သည့်အခါမျှ အလျှော့မပေးတတ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ခင်ဗျားကို အတင်းအကျပ်မျက်နှာဖုံးချွတ်ကြည့်ရမှာပဲ"

တုတ်ရှည်ကိုင် ရှောင်လင်ဂိုဏ်းသားများသည် ရှေ့သို့တက်လာကြ၏။ သူတို့လေးယောက်တက်လာပုံမှာ အကွက်ညီလှသည်။

သူတို့လူချင်းနေရာပြောင်းပုံကလည်း မြန်ဆန်လှသည်။ မည်မျှမြန်ဆန်သည်ဆိုစေ ထိုအကွက်များကို ဆမ်ဝမ်ဇီသိနေပြီပဲ။

"ဖြောင်း"

"အင့်"

နောက်မှ တုတ်ဖြင့် ဝင်ရိုက်လာသူကိုရှောင်တိမ်းရင်း ရှေ့မှလူကို ရိုက်ချလိုက်၏။

အတွင်းအားအပြင်းအထန်သုံးပြီး ရိုက်ချလိုက် ခြင်းဖြစ်၍ ရှေ့မှရှောင်လင်ဂိုဏ်းသားမှာ ပုံခနဲလဲကျသွားသည်။

ထိုအခါ ကျန်သုံးယောက်မှာ လန့်သွားကြသည်။ တွန့်ဆုတ်သွားကြသည်။

သို့သော် မကြာမီပင် သုံးယောက်စလုံးဝင်တိုက်ကြတော့သည်။

သုံးယောက်ပူးပေါင်းတိုက်ကွက်မှာ မဆိုးလှချေ။ အကွက်ညီလှသည်။

သို့သော် သုံးယောက်စလုံးသိုင်းပညာနုနယ်လှသည်။ ထို့ကြောင့် ပူးပေါင်းတိုက်ကွက်မည်မျှအဆင့်မြင့်သည် ဖြစ်ပါစေ ဆမ်ဝမ်ဇီအတွက်တော့ အသေးအဖွဲ့သာဖြစ်နေတော့သည်။



ဆမ်ဝမ်ဇီသည် နှစ်ယောက်ကြားထဲမှတိုးဝင်ပြီးနောက် ရှောင်လင်ဂိုဏ်းသားတစ်ယောက်ကို လက်ဝါးနှင့်ရိုက်ချလိုက်သည်။

"ဝုန်း"

"အား"

ရှောင်လင်ဂိုဏ်းသားမှာ လွင့်စဉ်ထွက်သွားသည်။

ရှောင်လင်ဂိုဏ်းသားနှစ်ယောက်မှာ တိုက်ကွက်ပျက်သွားလေ၏။

သူတို့ငေးကြောင်နေစဉ် ဆမ်ဝမ်ဇီက တစ်ယောက်ကိုခြေထောက်နှင့်ကန်ပြီး တစ်ယောက်ကို လက်သီးနှင့်ထိုးလိုက်လေ၏။

သူ၏ခြေထောက်ကန်ချက်နှင့် လက်သီးထိုးချက်မှာ တကယ်ပြင်းထန်လှ၏။

"ဝုန်း"

"အား"

"ဝုန်း"

"အား"

ထိုရှောင်လင်ဂိုဏ်းသားနှစ်ယောက်မှာလည်း လွင့်စဉ်သွားရသည်။

ပြင်းထန်လှသောခြေကန်ချက်နှင့် လက်သီးထိုးချက်များကြောင့် ထိုနှစ်ယောက်မှာသွေးလန်ပြီး သေဆုံးသွားရသည်။

ယခုအခါ ရှောင်လင်ဂိုဏ်းသားလေးယောက်မှာ သူတို့၏ပုံဘမပြည့်နိုင်ဘဲ အသက်သေဆုံးသွားရသည်။

www.burmeseclassic.com



ဆမ်ဝမ်ဇီသည် ထိုအခါမှသက်ပြင်းချနိုင်သည်။ သူသည် သူ့ မျက်နှာ၌တပ်ဆင်ထားသော မျက်နှာဖုံးကိုချွတ်လိုက်သည်။

ဤနေရာ၌ သူကြာကြာနေ၍ မဖြစ်တော့ချေ။ ထို့ကြောင့် အိမ်ကလေးဆီမှ ထွက်ပြေးတိမ်းရှောင်သွားလေတော့၏။

ဤအိမ်ကလေးကို နောက်ထပ်သုံးမသုံး သူ စဉ်းစားရပေတော့မည်။

(၅)

ကြာဖြူကန်ဘွားဘွား

ကြာဖြူကန်....။

ထိုနယ်တစ်ဝိုက်တွင် အလွန်လှပသောကန် ဖြစ်လေ၏။ နယ်စွန်နယ်ဖျားဖြစ်နေသဖြင့် လူသူအရောက်အပေါက်နည်းလှသည်။

ကန်ကတခြား ရွာကတခြားဖြစ်နေခြင်းကလည်း သာယာသောကန်ဖြစ်သော်လည်း လူသူအရောက်အပေါက်နည်းခြင်း ဖြစ်တော့သည်။-

ထိုကြာဖြူကန်အနီးတွင် အသက် ၆ဝခန့်ရှိသည့် ဆံဖြူဖြူနှင့် အဘွားကြီးတစ်ယောက်နေထိုင်သည်။ ရေကန်အနီးတွင် တဲတစ်လုံးထိုးပြီး နေထိုင်ခြင်းဖြစ်သည်။

ထိုအဘွားကြီးနေထိုင်ခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှ မသိကြချေ။ အဘွားအိုကြီးသည် မည်သူနှင့်မျှလည်း မရောနှောချေ။

ထို့ကြောင့် အဘွားအိုကြီးကို စပ်စုမည့်သူမရှိဘဲ သူ့အကြောင်း မည်သူမျှ မသိကြခြင်းဖြစ်သည်။

ထိုအဘွားအိုကြီးကား 'ကြာဖြူကန်ဘွားဘွား'ဟု ခေါ်ဆိုကြလေ၏။

ညနေစောင်းပြီး မိုးကလေးလည်း တစ်ပြိုင်နက်ပြိုက်ရွာသွန်းချလိုက်သောကြောင့် ရွာလမ်းမ၌ လူခြေတိတ်သွားလေသည်။

ထိုစဉ် လူတစ်ယောက် ရွာလမ်းမသို့မြင်းတစ်စီးနှင့် ဒုန်းစိုင်းဝင်ရောက်လာလေ၏။ ထိုလူဦးတည်ရာအရပ်မှာ ကြာဖြူကန်ပင်ဖြစ်သည်။

ထိုလူ၏မျက်နှာမှာ ကြမ်းတမ်းခက်ထန်လှသော်လည်း တစ်စုံတစ်ရာ ကြောင့်ကြပူပန်နေကြောင်း မျက်နှာအနေအထားက ဖော်ပြနေ၏။

မိုးရွာသွန်းလိုက်၍ တစ်ကြောင်း၊ မှောင်ရီပျိုး၍ တစ်ကြောင်း လူရှင်းနေသော လမ်းမဆိုင်တန်းများမှာ သိမ်းဆည်းနေကြလေပြီ။

မြင်းစီးဧည့်သည်သည် ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်လိုက်၏။ သူသည် မြင်းပေါ်မှဆင်းပြီး ဆိုင်ထဲသို့ဝင်လာသည်။

ဆိုင်ရှင်က ဧည့်သည်ကိုကြည့်ပြီး....

"တို့က ပစ္စည်းတွေ သိမ်းနေပြီကွယ်၊ ဘာစားစရာမှ မရှိ



တော့ဘူး၊ တခြားဆိုင်တွေမှာတော့ ရနိုင်ဦးမယ်နဲ့တူပါတယ်"

ဧည့်သည်က တစ်ချက်ပြုံးလိုက်၏။

"ကျုပ်လဲ ဘာမှစားချင်တာ မဟုတ်ပါဘူးဗျာ"

"ဒီလိုဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ခဏဝင်နားတာလား၊ နားတာဆိုရင်တော့ ရပါတယ် ထိုင်ပါ ထိုင်ပါ"

"မဟုတ်ပါဘူး၊ ကျုပ်က ကြာဖြူကန်ဘွားဘွားဆီသွားမလို့ပါ"

"ဟော်... အရူးမကြီးဆီကိုသွားမှာကိုး"

ဆိုင်ရှင်လူကြီးက အရူးမကြီးဟုဆိုသဖြင့် ဧည့်သည်၏မျက်နှာက သိသိသာသာ မျက်နှာပျက်သွားတော့သည်။

"လူတစ်ယောက်ကို ဘာကြောင့်များ မှိုချိုးမှုစ်ချိုးပြောချင်ရတာလဲဗျာ၊ စိတ်အထင်နဲ့ ဒီလိုမပြောသင့်ပါဘူး၊ ဘွားဘွားဟာ ခင်ဗျားတို့ပြောသလို မဟုတ်ပါဘူး"

ဆိုင်ရှင်လူကြီးက တဇွတ်ထိုးသမားကြီးဖြစ်ပါသည်။

"မင်းနှယ်ကွာ နေ့တိုင်းကြာနွယ်ရိုး ကြာသီးတွေချည်းပဲစားနေတဲ့လူကို အရူးလို့မခေါ်ရင် ဘယ်သူ့ကိုအရူးလို့ခေါ်ရမလဲကွယ်"

ထိုစဉ် မိုးကလေး ရွာချလာသည်။ ဧည့်သည်သည် ဆိုင်ရှင်၏အပြောကို သဘောမကျသော်လည်း သူ့ဆိုင်၌ မိုးခိုနေရသဖြင့် ဘာမျှပြန်မပြောတော့ဘဲ ငြိမ်နေလိုက်ရသည်။

ဧည့်သည် အံ့သြနေ၏။ ဤလူများသည် ဘွားဘွားအကြောင်း ဘာမျှမသိပါကလားဟု တွေးနေ၏။ ဘွားဘွားအကြောင်း

www.burmeseclassic.com



သိသွားလျှင် အလွန်အံ့ဩပေလိမ့်မည်။

ကြာဖြူကန်ဘွားဘွားအပေါ် တစ်ရွာလုံးက အထင်မကြီးကြချေ။ ရွာသူရွာသားများမလာသော်လည်း ဘွားဘွားသည် ကန်တော်သန့်ရှင်းရေးကို သူတစ်ယောက်တည်း ပြုလုပ်သည်။

စင်စစ် ကြာဖြူကန်ဘွားဘွားက နှယ်နှယ်ရရမဟုတ်ပေ။

ကြာဖြူကန်ဘွားဘွားသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်ခဲ့သော ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်လေ၏။

ကြာဖြူကန်ဘွားဘွားသည် သိုင်းပညာရှင်ဖြစ်မှန်း တစ်ရွာလုံးက မသိကြချေ။

ထို့ပြင် ဘွားဘွားသည် ဆေးပညာကိုသမားတော်ကြီးတစ်ယောက် တတ်မြောက်သကဲ့သို့ တတ်မြောက်သည်။

ကြာဖြူကန်ဘွားဘွား ဤရွာသို့အဘယ်ကြောင့် ရောက်လာခဲ့ပါသနည်း။

ဘွားဘွားသည် သူ့ပတ်ဝန်းကျင်ကိုစိတ်နာသဖြင့် ဤရွာဆီသို့ပြေးလာခဲ့ခြင်း ဖြစ်သည်။ ဇာတ်မြှုပ်နေခဲ့သူဖြစ်သည်။

ကြာဖြူကန်ဘွားဘွားသည် သူသိုင်းပညာတတ်မြောက်သည့်အကြောင်းကို တစ်စွန်းတစ်စမျှ မပြောခဲ့ချေ။ ပြောရန် အခွင့်အလမ်းကြုံလျှင်ပင် ဘွားဘွားသည် သူ၏ပညာကိုပြသလိမ့်မည် မဟုတ်ချေ။

အဘွားသည် လူများကိုစိတ်ကုန်ခဲ့သည်ဖြစ်၍ ရွာတွင်းရှိ မည်သည့်လူသားနှင့်မျှ အဆက်အဆံမလုပ်ခဲ့ချေ။



ထိုအခါ ရွာသားများသည် သူတို့နှင့်အဆက်အဆံမရှိသော အဘွားအိုကြီးအား တောင်ပြောမြောက်ပြော ပြုလုပ်ကြလေ၏။

မြင်းစီးငြိမ့်သည်သည် ဆိုင်အပြင်ဘက်၌ မိုးတိတ်သွားသောအခါ ဆိုင်ရှင်အား နှုတ်ဆက်ပြီး ထွက်လာခဲ့လေ၏။ သူသည် ကြာဖြူကန်ဘက်သို့ ဒုန်းစိုင်းနှင်လေ၏။

ကြာဖြူကန်အတွင်း၌ မြင်းခွာသံများ ပွဲတင်ထပ်နေတော့သည်။

"ဘယ်သူလဲကွယ့်"

အေးစက်သောအသံသည် ငြိမ်သက်လှသည်။

မည်သည့်နေရာက အသံထွက်ပေါ်လာသည် မသိပါ။ ငြိမ့်သည်သည် မြင်းကိုတံ့ခနဲဆွဲလိုက်၏။

"ကျွန်တော် ဝမ်ဖေးပါအဘွား"

ဝမ်ဖေးသည် မြင်းပေါ်မှဆင်းသက်ပြီး ခမောက်ကိုချွတ်ကာ ရိုရိုသေသေဖြေလိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးလွှမ်းသွားချေပြီ။

ရေကန်ကြီးကိုတော့ တွေ့ရသည်။ ပတ်ဝန်းကျင်မှ အခြားအရာဝတ္ထုမှန်သမျှကို မမြင်နိုင်တော့ပြီ။

"ရှဲ"

မီးတောက်တစ်ခု ပေါ်လာ၏။ ထို့နောက် မီးတုတ်၏အလင်းရောင် အမှောင်ထဲ၌လင်းလာ၏။

"ဒီဘက်ကိုလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်သံထွက်ပေါ်လာသည်။

ဝမ်ဖေးသည် အသံရှိရာသို့လျှောက်သွားလေ၏။ တစ်ခေါင်းလုံးဖြူဖွေးနေပြီး ဝတ်စုံအဖြူဝတ်ဆင်ထားသော ကြာဖြူကန်အဘွားကို တွေ့မြင်ရသည်။

အဘွားသည် အသက်အရွယ်အတော် ကြီးရင့်နေချေပြီ။ သို့သော် မျက်လုံးများက အရောင်တောက်ပနေသည်။ ထို့ကြောင့် အတွင်းအား မည်မျှကောင်းကြောင်း သိရှိနိုင်သည်။

"လာရင်းကိစ္စကို ပြောစမ်း"

ကြာဖြူကန်အဘွားက လိုရင်းတိုရှင်းမေးသည်။

ဝမ်ဖေးသည် ဝတ်ရုံထဲမှစာတစ်စောင်ဆွဲနှုတ်ယူ၍ ကြာဖြူကန်အဘွားကို လှမ်းပေးလိုက်သည်။

ကြာဖြူကန်အဘွားက မီးတုတ်ကို ဝမ်ဖေးထံလှမ်းပေးပြီး...

"ရော့... ကိုင်ထားစမ်း"

ဝမ်ဖေးသည် အဘွားပေးသည့်မီးတုတ်ကို လှမ်းကိုင်ရ၏။ အဘွားမြင်သာအောင် ထောင်၍ပြသည်။

အဘွားသည် စာကိုစတင်ဖွင့်ဖောက်လေသည်။

"အဘွား...

သိုင်းလောကတစ်ခုလုံး မျက်စီးလုနီးပါးဖြစ်နေပါပြီ။ ဖန်ကောက်တင် ဘယ်လိုဟာမျိုးတီထွင်နေတယ်ဆိုတာ အဘွားသိရဲ့လား။ ဖန်ကောက်တင်ဟာ ယန္တရားဖားတစ်ကောင်ကိုတီထွင်ပြီး မြို့စားကြီးဟွမ်ပင်းကို ခြိမ်းခြောက်နေပါတယ်။



အဘွား လက်ပိုက်ကြည့်မနေပါနဲ့၊ ကျောက်စိမ်းနဂါးဂိုဏ်း ဖြိုခွင်းဖို့အရေးကြီးနေပါပြီ။ အဘွားလဲ ဒီဂိုဏ်းကိုဖြိုခွင်းဖို့ပါဝင်ပါ။

မိစ္ဆာဂိုဏ်းကျန်ရှု

အဘွားက စာကိုပြန်ခေါက်လိုက်သည်။ သူသည် လေးနက်စွာ ...ခဉ်းစားနေတော့၏။ သိုင်းလောကထဲမှ သူမထွက်လာခဲ့သည်မှာ ...ယ်နှစ်ကျော်လေပြီ။

သူသည် ဤကြာဖြူကန်ကလေး၌လာရောက်ဓာတ်မြှုပ်...ခြင်း ဖြစ်သည်။

သိုင်းလောက၌ သူတစ်လူငါတစ်မင်းဖြစ်နေသည်ကိုလည်း ...ဘွားက မနှစ်မြို့ပေ။ ထို့ကြောင့် ဓာတ်မြှုပ်လိုက်ခြင်းဖြစ်သည်။

ယခုတော့ သိုင်းလောကထဲပြန်ဝင်ပါရန် ကျန်ရှုက တိုက်...နေလေပြီ။ အဘွားသည် အတန်ကြာစဉ်းစားပြီးမှ ပြောလိုက်...

"မင်း ဒီညပြန်လို့မဖြစ်တော့ဘူး"

"ခင်ဗျာ"

ဝမ်ဖေး အံ့သြသွားသည်။

အဘွားက ဆက်၍ပြောလေ၏။

"ငါ့အာရုံထဲမှာ မင်းရင်ဆိုင်ရမယ့် အန္တရာယ်တွေပေါ်နေ...ါကြောင့် မင်းကို ငါမပြန်နိုင်းတာ၊ ငါတို့မိစ္ဆာအဖွဲ့သားတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



အယူအဆတစ်ခုရှိတယ်ကွ၊ စာကိုယူဆောင်လာတဲ့သူဟာ အန္တရာ
ကိုဖိတ်ခေါ်တာပဲတဲ့၊ မမြင်နိုင်တဲ့ ဓားလှံလေးမြားလက်နက်တွေ
မင်းရဲ့ရင်ဝနားကပ်နေပြီဟေ့"

အဘွားကား သိုင်းလောကၥ္ဍ ကာလရှည်ကြာစွာ က
လည်ခဲ့သူဖြစ်၏။ အဘွားစကားကိုမယုံ၍ မဖြစ်ပေ။

ပမ်ဖေးက...

"အဘွားက မပြန်နဲ့ဆို မပြန်ရုံပေါ့၊ ဒါနဲ့အဘွား ကျွန်တော်
ပြန်လိုက်ခဲ့မှာလားဟင်"

ဝမ်ဖေးသည် ဂိုဏ်းစည်းကမ်းအကြောင်း သိပ်မသိပေ။
ကြောင့် မေးရဲခမ်းရဲသည်။

"အေး... ငါလိုက်ခဲ့ရမှာပေါ့၊ မိစ္ဆာဂိုဏ်းကိုပြန်ထူထော
ဖြစ်လိမ့်မယ်၊ ဒါကြောင့် ငါ မင်းနဲ့အတူ လိုက်ခဲ့မယ်"

ဝမ်ဖေး ဝမ်းသာသွားသည်။ သူတို့ဂိုဏ်းသည် နာမည်
လှသောဂိုဏ်းဖြစ်သည်။ သို့သော်လည်း သိုင်းလောကၥ္ဍမှု အသ
တင့် နာမည်ရသည်။

ထိုအဖွဲ့ကို မည်သူတည်ထောင်သနည်း။ ထိုအဖွဲ့က
ထောင်သူမှာ ပမ်ဖေးရှေ့ရပ်နေသည့် ကြာဖြူကန်အဘွားတည်

နောက်ပိုင်းတွင် ကြာဖြူကန်အဘွားသည် ကျန်ရှုအား
ပြောင်းပေးအပ်ခဲ့သည်။

ဝမ်ဖေး၏ဆရာ ကျန်ရှု၏လက်ထက်၌ ကျောက်စိမ်းန
နိုပ်စက်မှုကို အလူးအလဲခံရလေတော့သည်။



"ဝုန်း"

"ခွိ... ခွိ... ခွိ"

မျောက်ဝံကြီးတစ်ကောင် ပေါ်ထွက်လာသဖြင့် ဝမ်ဖေးလန့်
သွား၏။ မျောက်ဝံကြီးသည် ကုန်းကုန်းကွကွနှင့် သူ့ထံသို့လျှောက်
လာနေသည်။

"မကြောက်နဲ့ အဘွားရဲ့သားသမီးတွေပဲ၊ အဘွားကို သူ
တို့ပဲ စောင့်ရှောက်နေကြတာ၊ သစ္စာရှိသားသမီးတွေပဲ"

မျောက်ဝံကြီးသည် လိမ္မာရေးခြားရှိသည်။ အဘွား၏လက်
ကိုတွဲသည်။ ဝမ်ဖေးမှာ သူစိမ်းတစ်ယောက်ဖြစ်၍ မျောက်ဝံကြီးက
ကြာခဏလှမ်းကြည့်နေသည်။

"ကဲ... လာ... လာ"

အဘွားက ဝမ်ဖေးကိုတဲအတွင်းသို့ခေါ်သည်။ ထို့နောက်
မျောက်ဝံကြီးကို လှမ်းပြောလေ၏။

"ကဲ... သားကြီး၊ ဧည့်သည်စားဖို့ သွားယူစမ်း"

အဘွားပြောလိုက်သည်နှင့် မျောက်ဝံကြီးသည် တဲအပြင်သို့
ထွက်သွားတော့သည်။

ဘွားဘွားက ဝမ်ဖေးအား ရှင်းပြ၏။

"အနောက်ဘက်မှာ ဂူတစ်ဂူရှိတယ်ကွ၊ အဘွားက ဒီတဲမှာ
နေတာဟာ ယောင်ပြလောက်နေတာ၊ အဲဒီဂူထဲမှာ နေတာများ
တယ်၊ အဲဒီဂူထဲမှာ ဒီကောင်တွေရှာထားတဲ့ သစ်သီးဝလံတွေ အစုံရှိ
တယ်၊ သူ အဲဒီသစ်သီးဝလံတွေကို သွားယူနေတာ"

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မျောက်ဝံကြီးသည် ငှက်ပျောသီးတစ်ဖီးကိုဆွဲ၍ ပြန်ထွက်လာသည်။

"ခွီး... ခွီး... ခွီး"

သူသည် ငှက်ပျောသီးကို ခုံတစ်လုံးပေါ်တင်ကာ ပြန်ထွက်သွား၏။

"ကဲ... စားလိုက်ဦး၊ အဘွားဆီမှာတော့ အသီးအနှံက လုံးဝ ပြတ်တာ မဟုတ်ဘူးကွယ့်၊ အဘွားက ချက်ပြုတ်တဲ့အစားအစာတွေကို မစားဘူး၊ အဲဒီသစ်သီးဝလံတွေပဲ စားတယ်"

"အဲဒါကတော့ သတ္တဝါတွေအပေါ် ညှဉ်းဆဲခြင်းကို ရှောင်တာပေါ့ကွယ်"

မျောက်ဝံကြီးသည် တဲအဝင်ဝ၌ ထိုင်နေ၏။ သူမည်သည့်အချိန်က ပြန်ရောက်နေသည်ကို ဝမ်ဖေးမသိပေ။

ဝမ်ဖေးက...

"မိစ္ဆာဂိုဏ်းဝင်ဖြစ်ပေမယ့် ကျွန်တော်ဟာ မိစ္ဆာဂိုဏ်းအကြောင်း သေသေချာချာမသိပါဘူး၊ မိစ္ဆာဂိုဏ်းအကြောင်းပြောပြပါလား အဘွား"

"မင်းရဲ့ဆရာကို ငါကလွှဲပေးခဲ့တာပဲ၊ မင်းဆရာက မင်းကို မပြောပြဘူးလား"

အဘွားက ပြန်မေးလိုက်၏။

"ပြည့်ပြည့်စုံစုံတော့ မပြောပြပါဘူး အဘွား၊ မိစ္ဆာဂိုဏ်းကို အဘွားကိုယ်တိုင်တည်ထောင်ခဲ့တယ်ဆိုတာတော့ ပြောပြပါတယ်"



ဝမ်ဖေးက ရိုးရိုးသားသားပြောပြသည်။

အဘွားက ခေါင်းညိတ်လိုက်သည်။ အမှန်တော့ မိစ္ဆာဂိုဏ်း၏နောက်ကြောင်းရာဇဝင်ကို မည်သူကမျှ မသိကြချေ။

ထိုအကြောင်းကို အဘွားတို့မောင်နှမနှစ်ဦးသာ သိရှိကြသည်။

သူသည် ဝမ်ဖေးကိုစိုက်ကြည့်လိုက်၏။ ဝမ်ဖေး၏ရုပ်ရည်မှာ တည်တည်ကြည်ကြည်ရှိသည်။ အားကိုးရသောရုပ်ရည်မျိုး ဖြစ်သည်။

အဘွားတွေးနေသည်။ မိစ္ဆာဂိုဏ်းကိုစောင့်ရှောက်ကာကွယ်နိုင်သည့် တပည့်ကောင်းတစ်ယောက်ကို သိုင်းလောက၌ထားခဲ့ဦးမည်။

ဝမ်ဖေးသည် သူယုံကြည်အားထားလောက်သည့် တပည့်တစ်ယောက်ဖြစ်နိုင်သလော။

အဘွားက...

"မင်းကို ငါ့ဂိုဏ်းအကြောင်းပြောပြမယ်၊ မပြောပြခင် မင်းက ငါ့ကိုကတိတစ်ခုပေးရမယ်၊ ငါ့ဂိုဏ်းအကြောင်းသိချင်တဲ့လူဟာ ဂိုဏ်းအပေါ် သစ္စာစောင့်သိရိုသေရမယ်၊ အဲဒီကတိကို ပေးနိုင်မလား"

ဝမ်ဖေးသည် မိစ္ဆာဂိုဏ်းအကြောင်းသာသိသည်။ အခြားဂိုဏ်းများအကြောင်းကို မသိပေ။

"ကျွန်တော် ကတိပေးပါတယ် အဘွား"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကန်အဘွားသည် ခေါင်းညိတ်လိုက်၏။

အဘွားက....

"အတိတ်ဆိုတာ အမှန်တကယ် ခံစားနေရသူအတွက်တော့ မမေ့စရာပေါ့ကွာ၊ အဘွားသိုင်းလောကထဲက ခြာတ်မြုပ်နေခဲ့တာ အနှစ်နှစ်ဆယ်ရှိသွားပြီ"

"အနှစ်နှစ်ဆယ်ဆိုတာ နည်းတဲ့နှစ်တွေ မဟုတ်ဘူးနော်အဘွား"

"ဒါပေါ့ အဘွားရဲ့နာမည်ရင်းက ချူယန်းတဲ့၊ ဇီချွမ်နယ်မှာ ပထမဆုံး တည်ထောင်ခဲ့တဲ့သိုင်းအဖွဲ့ အစည်းတစ်ခုရဲ့ သခင်မလေးပေပဲ"

အဘွားက ဆက်ပြောသည်။

"တိမ်ပျံအဖွဲ့ကို အဘွားရဲ့အဖေ စတင်တည်ထောင်စဉ်က အဘွားနဲ့အဘွားရဲ့ အစ်ကို ချူယန်းတို့ဟာ ငယ်ငယ်ပဲရှိကြသေးတယ် အဘွားတို့ဟာ သိုင်းပညာကိုသိပ်ချစ်မြတ်နိုးကြတယ်၊ ဇီချွမ်ပြည်နယ် တစ်ပြည်လုံးကလဲ သိုင်းပညာကိုလေ့လာကြတယ်၊ ဒါနဲ့တိမ်ပျံအဖွဲ့ ဟာ တဖြည်းဖြည်းအင်အား ကြီးမားလာတာပေါ့"

ကြာဖြူကန်အဘွားသည် ဤသို့ဖြင့် မိစ္ဆာဂိုဏ်းအကြောင်း ပြောပြလေတော့၏။



(၆)

တိမ်ဖျံဂိုဏ်း

ဝန်လိုမြို့....။

ဇီချွမ်ပြည်နယ်အတွင်းရှိ မြို့တစ်မြို့ဖြစ်ပြီး သစ်တောထွက် ...ည်းများကိုရောင်းဝယ်ဖောက်ကားသောမြို့ ဖြစ်လေသည်။

စီးပွားရေးအခြေအနေမြင့်တက်သည်လည်းမဟုတ်၊ နိမ့်ကျ ...ည်လည်း မဟုတ်သောမြို့ဖြစ်သည်။

ထိုမြို့အား အုပ်ချုပ်နေသော နယ်စားမှာ ကွမ်ရှိဖြစ်သည်။

ကွမ်ရှိမှာ မြို့စားဖြစ်သော်လည်း သိုင်းပညာနှင့်ပတ်သက် ...ဟုတ်တိပတ်တိတတ်ကျွမ်းသူမဟုတ်ပေ။ ပညာမတတ်သည့်မြို့ ...ကို မြို့သူမြို့စားများက အပြည့်အဝမလေးစားကြချေ။

အပြည့်အဝလည်း မကြည်ညိုကြချေ။ မြို့သူမြို့သားများ ကြည်ညိုကြသည့်အတိုင်းအတာကို မြို့စားမင်းကွမ်ရှိ သိသည်။ ...အတွက် သူ့စိတ်ထဲက မကျေမချမ်းဖြစ်နေမိသည်။ သူသည် စိတ်

www.burmeseclassic.com



ထဲ၌ကျိတ်၍ ဒေါသထွက်နေသည်။

သူ့ရင်ထဲကတော့ မြို့သူမြို့သားများသည် သူ့ကိုသာချ စေချင်သည်။ ကြည်ညိုစေချင်သည်။ အားကိုးစေချင်သည်။

"တောက်... ငါ့ကိုတော့ ဘယ်သူကမှ အားမကိုးကြဘူး မကြည်ညိုကြဘူး၊ ဘာမဟုတ်တဲ့ တိမ်ပျံဂိုဏ်းကိုကြတော့ အထ ကြီးကြတယ်၊ လေးစားကြတယ်၊ ကြည်ညိုကြတယ်၊ ပွဲတော်တွေ အထိမ်းအမှတ်တွေလုပ်ကြတယ်၊ ကြာရင် ငါ့သိက္ခာလုံးလုံးကျသွား မှာပဲ"

မြို့စားသည် မကျေနိုင်မချမ်းနိုင် ထိုသို့ပင် ထုတ်ဖော် သည်။ မြို့စား၏လက်စွဲတော်က....

"မှန်ပါတယ်... မြို့စားမင်း၊ အဲဒီတိမ်ပျံဂိုဏ်းကိုကြည့်မ တာ ကြာပါပြီ၊ သူတို့ကို ဒီအတိုင်းထားလို့ မသင့်တော်ဘူးနဲ့တူတယ် သိုင်းသမားတိုင်း အမှုထမ်းရမယ်လို့ ဆင့်ခေါ်ရင်ကောင်းလိမ့်မယ် ထင်တယ် မြို့စားမင်း"

မြို့စားမင်းကမူ ရှိသည် သူ၏မုတ်ဆိတ်မွေးများကိုပွတ်သ ရင်း စဉ်းစားနေသည်။ သူသည် တပ်မှူးကြီးနှင့်တိုင်ပင်သည်။

"မှန်ပါတယ်... မြို့စားမင်း၊ သိုင်းသမားတိုင်း မင်းမှုထ လုပ်ရမယ်လို့ ဆင့်ခေါ်နိုင်ရင်တော့ ရပါတယ် မြို့စားမင်း"

တိမ်ပျံဂိုဏ်းအင်အားကြီးမားလာခြင်းမှာ သူ့အတွက် အ ရာယ်တစ်ခုပင်။ တိမ်ပျံဂိုဏ်းသည် ကောင်းတာလုပ်မည်ဆိုသေ မူဝါဒကို လက်ကိုင်ထားသည်။



ထို့ကြောင့် နေပြည်တော်မှ ထိုသတင်းကိုကြားပြီး ကွင်းဆင်းစစ်ဆေးလာလျှင် တိမ်ပျံဂိုဏ်းကိုမြှောက်စားမည်မှာ သေချာသည်။

တိမ်ပျံဂိုဏ်း၏ဂိုဏ်းချုပ်ကြီး'ချူရှန်း'၏အရည်အချင်းကို သူ့ အနေဖြင့် မည်သို့မျှယှဉ်၍ရမည် မဟုတ်ချေ။

မြို့စားမင်းက....

"တပ်မှူးကြီး တိမ်ပျံဂိုဏ်းတစ်ခုလုံးကို နေပြည်တော်ကိုပုန်ကန်မယ့် အဖွဲ့အစည်းတစ်ခုအနေနဲ့ ကြေညာလိုက်ရင် မရဘူးလား ဘပ်မှူးကြီး"

"အမှန်က တိမ်ပျံဂိုဏ်းကိုစည်းရုံးကြည့်ရင် သင့်တော်ပါလိမ့်မယ်၊ စည်းရုံးလို့မရရင်တော့ ခုနက ပြောသလို မင်းမှုထမ်းဖို့ဆင့်ခေါ်လိုက်ပေါ့၊ အားလုံးမြို့စားမင်းရဲ့လက်အောက်ကိုရောက်လာရမှာပေါ့"

တပ်မှူးကြီးမှာ ဆင်ခြင်တုံတရားရှိသဖြင့် တက်သာဆုတ်သာရှိအောင် တင်ပြသည်။

မြို့စားမင်းအလိုနှင့်ကတော့ တိမ်ပျံဂိုဏ်းကိုဖြိုချင်စိတ်သာရှိသည်။ မြို့စားမင်းသည် အချိန်ရှိသရွေ့ တိမ်ပျံဂိုဏ်းကိုဖြိုခွင်းရန်သာ စိတ်စောနေ၏။ အဘယ်ကြောင့်ဆိုသော် တိမ်ပျံဂိုဏ်းကလည်း အချိန်နှင့်အမျှ တိုးတက်နေသည်မဟုတ်ပါလော။

ထို့ကြောင့် သူ့အနေဖြင့် တိမ်ပျံဂိုဏ်းကိုဖြိုခွင်းရန် စိတ်စောနေသည်မှာ မလွန်လှပါ။ တိမ်ပျံဂိုဏ်းကိုဖြိုမှ သူစိတ်အေးရမည်မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါလော။

ငရဲကွေ့တိမ်ပျံ။

နာမည်ကတော့ ခပ်ဆန်းဆန်းပင်။ နာမည်ဆန်းနေသလောက် ရေခံမြေခံကဆန်းပြားသည်။ ငရဲကွေ့သည် မီးပြတိုက်အဟောင်းတည်ရှိသော အရပ်ပင်။

ဤအရပ်သည် မြစ်ကွေ့ကြီးတစ်ခုဖြစ်၏။ မြစ်ပြင်ကကျယ်သည်။ ငရဲကွေ့၌ ကျောက်ဆောင်ကျောက်သား ကျောက်ကမ်းပါး များပြားသည်။

ရောက်ရှိလာသည့် လှေတိုင်းလိုလို ငရဲကွေ့ရှိ ကျောက်ဆောင်၊ ကျောက်သားများဖြင့် တိုက်မိသည်။ အားလုံးလိုလို ပျက်စီးကြသည်။

ထို့ကြောင့် မီးပြတိုက်ကြီး တည်ဆောက်ထားရ၏။ ကြာသော် မီးပြတိုက်ကြီးပျက်စီးသွားသည်။ လှေများ တိုက်မိခိုက်မိ ပျက်စီးကြပြန်သည်။

ထိုအခါ လှေနာဝါများက မြစ်ကမ်းသို့မဖြတ်ကျော်ရဲကြတော့ပေ။

ငရဲကွေ့ကား ဤသို့ဖြင့်လှေနာဝါတို့၏သချိုင်းအဖြစ် ကျော်ကြားခဲ့၏။ ထိုကျော်ကြားသောငရဲကွေ့၌ တိမ်ပျံဂိုဏ်းကို စတင်တည်ထောင်ခဲ့၏။



(၇)

လှေနာဝါများသည် မသွားလာရဲ။ ကုန်းကြောင်းခရီးကလည်း လမ်းကမသာ။ ဤသို့ဖြင့် ငရဲကွေ့သည် လူ**အရောက်အ**ပေါက်နည်းသောနေရာဖြစ်ခဲ့၏။

သို့သော် တိမ်ပျံအဖွဲ့တည်ထောင်လိုက်သောအခါ ထိုနေရာသည် အောင်ပွဲခံသည့်နယ်မြေဖြစ်လာ၏။

တိမ်ပျံအဖွဲ့ဖွဲ့စည်းစဉ် သင်တန်းသားတစ်ရာကျော်မျှသာရှိသည်။ သင်တန်းသားများအား ငါးလသင်တန်း၊ ရှစ်လသင်တန်း၊ တစ်နှစ်သင်တန်းစသဖြင့် သင်တန်းအစားစားတက်ရောက်စေသည်။

လူ့အရည်အချင်းကိုခွဲခြား၍ ထိုသို့သင်တန်းတက်စေရာထိရောက်သည်ကို တွေ့ရှိရသည်။ သင်တန်းသားများသည် တစ်နေ့တခြား ပိုများလာသည်။

ဂိုဏ်းချုပ်ကြီးချူရှန်းသည် အအုပ်အချုပ်အစီအမံကောင်းသူ ဖြစ်၏။

သူ၏သား ချူယန်းနှင့်သမီးဖြစ်သော ချူယီတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



တိမ်ပျံအဖွဲ့၏စီမံအုပ်ချုပ်မှုတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြသဖြင့် အဖွဲ့ကြီးသည် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာပေသည်။

ချူယန်းက....

"မြို့စားကြီးက စာတစ်စောင်လာတယ်ဆိုဖေဖေ၊ ဘာကိစ္စများလဲ"

ဖခင်ဖြစ်သူအား သားဖြစ်သူက မေးမြန်းလာလေ၏။

ဖခင်ဖြစ်သူက....

"ဝန်လိုမြို့မှာရှိတဲ့ကာကွယ်ရေး တပ်အင်အားတွေမှာ တိမ်ပျံအဖွဲ့အနေနဲ့ တစ်တပ်တစ်အားပါဝင်ရေးကို ရေးထားတာပဲကွ၊ ပြည့်ပြည့်စုံစုံတော့ မပါသေးဘူး၊ ကြည့်ရတာ သူဆက်ဆွေးနွေးမယ်လို့ ထင်တာပဲ"

ချူရှန်းသည် မြို့စားကွမ်ရှိအကြောင်း ကောင်းစွာသိထားသူဖြစ်၏။ သည်ယုန်မြင်၍ ဤချုံထွင်သောကိစ္စကို ချူရှန်းက ကြိုတင်၍မြင်သည်။

မြို့စားအမိန့်အာဏာကိုရှေ့တန်းတင်ကာ သူတို့၏တိမ်ပျံအဖွဲ့အား ထိန်းချုပ်လိုသည့်သတင်းကိုလည်း ချူရှန်းကြားသိထားသည်။

သို့သော် ချူရှန်းသည် သားနှင့်သမီး စိတ်မကောင်းမည်စိုးသဖြင့် ဖွင့်မပြောချေ။

သို့သော် ချူယန်းမှာ အလွန်အသော သားတစ်ယောက်မဟုတ်ပါ။ အခြေအနေကို ရိပ်စားမိပါသည်။



ချူယန်းက....

"ဖေဖေ မြို့စားက ကျွန်တော်တို့အဖွဲ့သားတွေကို ဘယ်လိုကာကွယ်ရေးမှာ တစ်တပ်တစ်အားပါရမယ်လို့ ဆိုလိုတာလဲ၊ အခုကျွန်တော်တို့မြို့မှာ ဆူပူမှုမှမရှိတာ၊ ဆူပူမှုရှိရင်တော့ ဟုတ်တာပေါ့၊ အခုတော့ ကျွန်တော်တို့ကိုသက်သက်မဲ့ ဒုက္ခလာပေးတာပေါ့"

ချူယန်း၏စကားက မှန်သည်။

ဖခင်ဖြစ်သူ ချူရှန်းသည် သိုင်းပညာလေ့ကျင့်နေသူများအား ငေးကြည့်နေလိုက်၏။ တိမ်ပျံအဖွဲ့ကိုအနာဂတ်အထိ သယ်ပိုးသွားမည့်သူကလေးများတည်း။

သူတို့လေးတွေကို ပြုစုစောင့်ရှောက်ရမည်။ ထိုလူငယ်ကလေးများကို စောင့်ရှောက်ရမည့်တာဝန် မည်မျှကြီးကြောင်း ချူရှန်းသဘောပေါက်မိလေ၏။

"ဘာပဲဖြစ်ဖြစ် ငါတို့တိမ်ပျံအဖွဲ့ကိုကာကွယ် စောင့်ရှောက်ရမှာပဲလား"

ချူရှန်းသည် ထိုသို့တွေးမိလေ၏။ သူသည် သူ၏သားဘက်သို့ လှည့်လိုက်သည်။

"သား.. ချူယန်း၊ သားကို အဖေတစ်ခုပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"သိုင်းပညာကို နကန်းတစ်လုံးမသိတဲ့မြို့စား ဘာတွေပဲပြောပြော အတတ်နိုင်ဆုံးသည်းခံရမယ် ငါ့သား"

"ကျွန်တော်လဲ သည်းခံနိုင်ဖို့ကြိုးစားပါ့မယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"သူရဲ့အာဏာစက်အောက်က အထက်လမ်းအဖွဲ့သား သိုင်းသမားဖြစ်အောင် ကြိုးစားရမယ်"

"ကြိုးစားပါ့မယ် ဖေဖေ"

"ရန်ကိုရန်ချင်း တုံ့နှင်းတဲ့အလုပ်မျိုး မလုပ်ပါနဲ့"

"ကျွန်တော်မလုပ်မိအောင် ကြိုးစားပါ့မယ်"

ချူယန်းသည် လိမ္မာသောသားဖြစ်သဖြင့် ဖခင်၏စကားကို မဖယ်ရှားဝံ့ချေ။

"ကဲ… သားလုပ်စရာရှိတာ ဆက်လုပ်ချေ"

"ဟုတ်ကဲ့"

သားဖြစ်သူသည် ပေ့ါပါးစွာ ထွက်ခွာသွား၏။

ထိုအခါ ချူရှန်းသည် ကွင်းပြင်ထဲ၌ ဓားရေးပြသနေသည့် သမီးဖြစ်သူ ချူယီအား လှမ်းကြည့်လိုက်၏။

ချူယီသည် သိုင်းသမား ကလေးများအား သိုင်းပညာသင်ကြားပြသနေသည်။ သူသည် လေ့ ကျင့်ရေးမှူးပေတည်း။

ချူရှန်းသည် အားကိုးလောက်သည့် သားနှင့်သမီးကိုရထားသည့်အတွက် အလွန်ကျေနပ်မိလေ၏။ တကယ့်ရတနာများပေတကား။



(၈)

## မြို့စားကြီး၏အကြံ

ဤုငရဲကွေ့၌ မီးပြတိုက်အဟောင်းကြီးရှိသည်။

ထိုမီးပြ တိုက်အဟောင်းကိုမှတည်၍ အဆောင်အသီးသီးကို ဆောက်လုပ်ထားခြင်း ဖြစ်သည်။ မီးပြတိုက်အဟောင်းကြီးသည် အိုမင်းရင့်ရော်သော်လည်း လုံးဝပျက်စီးယိုယွင်းခြင်း မရှိသေးချေ။

ရှေးဟောင်းဗိသုကာလက်ရာများဖြင့် ရဲတိုက်ကြီးတစ်ခုကဲ့သို့ ခန့်ညားစွာ တည်ရှိနေဆဲဖြစ်သည်။

ချူရှန်းက ဤနေရာကိုရွေးချယ်ခြင်းမှာ အကြောင်းရှိသည်။

လှေသဘော်၊ သမ္ဗန်များ အပျက်အစီးများသဖြင့် ထိုနေရာကိုမကောင်းဆိုးဝါးများရှိသောနေရာဟု လူများစွာက ပြောဆိုကြလေ၏။

အတိတ်နိမိတ်မကောင်းသောနေရာဟုလူများက ယူဆကြသည်။ ထိုနေရာကို တော်လှန်ဆန့်ကျင်ပြီး အောင်မြေဖြစ်စေလို

www.burmeseclassic.com

www.burmeseclassic.com



သောရည်ရွယ်ချက်ဖြင့် ထိုနေရာ၌လာရောက် အခြေချခြင်း ဖြစ်လေသည်။

နောက်တစ်ကြောင်းမှာ ထိုနေရာသည် လူသူကင်းဝေးသည့်နေရာဖြစ်သဖြင့် မင်းစိုးရာဇာတို့၏ဘေးမှလွတ်ကင်းရန် ရည်ရွယ်ခြင်းဖြစ်သည်။

ချူရှန်းသည် ထီးသွေးနန်းသွေးပါသူဖြစ်၏။ ထို့ကြောင့် သားသမီးများကိုခေါ်ကာ ဤနေရာ၌လာရောက်ဇာတ်မြုပ်နေခြင်းဖြစ်သည်။

သူသည် အုပ်စိုးသူလူတန်းစားနှင့် လုံးဝမပတ်သက်လိုပေ။ သို့သော် ယခု မြို့စားနှင့်ပတ်သက်ရပေတော့မည်။

ချူရှန်းသည် အဆောက်အအုံကိုစနစ်တကျဆောက်လုပ်ခဲ့သည်။ အဆောင်များ၊ သိုင်းလေ့ကျင့်ရန် ကွင်းများ၊ အုတ်တံတိုင်းများကို စနစ်တကျဆောက်လုပ်ထားသည်။

ထိုအုတ်တံတိုင်းအတွင်း တံတားများ၊ လျှို့ဝှက်မြေအောက်ခန်းများ၊ သီးသန့်တိုက်ခိုက်ရေး အဆောင်တို့ကိုလည်း ဆောက်လုပ်ထားသည်။ သာမန်အားဖြင့် ကြည့်လျှင် မီးပြတိုက်အဟောင်းကိုသာ ထီးထီးတွေ့မြင်ရမည်ဖြစ်ပေသည်။

"အဖွဲ့ချုပ်ကြီး အဝေးမှာအလံတွေတလူလူလွှင့်ပြီး မြင်းတွေနဲ့ချီတက်လာနေပါတယ်"

ကင်းမှူးသည် အဖွဲ့ချုပ်ကြီးချူရှန်းကိုပြေး၍ အစီရင်ခံလေ၏။



ချူရှန်းသည် မြို့စား၏စစ်သည်များ ချီတက်လာပြီကို သိလိုက်မိလေသည်။

ချူရှန်းက....

"ကင်းမှူး ဘာမှမစိုးရိမ်နဲ့၊ ဂိုဏ်းသားတွေကိုမစိုးရိမ်ဖို့ သတိပေးလိုက်၊ နောက်ပြီး ကိုယ့်အလုပ်သာ ကိုယ်လုပ်ကြလို့ အမိန့်ပေးလိုက်၊ သူတို့က ဒီဂိုဏ်းရဲ့လေ့ကျင့်ပုံကိုလာလေ့လာတာ"

သူသည် လုံးဝတုန်လှုပ်ခြင်းမရှိဘဲ ပြောလေ၏။ မှန်သည်။ သူသည် မှန်ကန်သောအလုပ်ကို လုပ်နေခြင်းဖြစ်သည်။ မည်သူ့ကိုမျှ ကြောက်ရွံ့နေရန် မလိုပေ။

ထို့ပြင် သင်တန်းသားများကို ရုတ်ရုတ်သဲသဲမဖြစ်စေလိုပေ။ သူသည် ချီတက်လာသည့်မြို့စား၏တပ်များကို မည်သို့မျှဂရုမပြုဘဲ ဘုရားခန်းဆီသို့လျှောက်သွားကာ ဘုရားဝတ်ပြုနေတော့သည်။

မြို့စား၏တပ်များကို သက်ဆိုင်ရာအဆင့်ဆင့်တို့က ကြိုဆိုကြပေမည်။

ဘုရားဝတ်ပြုနေစဉ် ထွန်းညှိထားသည် ဆီမီးတိုင်နှစ်တိုင်သည် အလိုလိုငြိမ်းသွား၏။ ချူရှန်း၏မျက်နှာမသာမယာ ဖြစ်သွားသည်။ အတိတ်နိမိတ်ကတော့ မကောင်းပေ။ သို့သော် သူသည် စိတ်ကို အထူးလျှော့ကာ ဘုရားကိုသာဝတ်ပြုနေတော့သည်။

မကြာမီ မြင်းခွာသံများသည် သင်တန်းကျောင်းကိုဝိုင်းမိလေ၏။ ဝေါယာဉ်တစ်ခုကို လူလေးယောက်ထမ်းလာသည်။ ဝေါယာဉ်ကို ကျောင်းဝင်းတံခါးဝမှ ဝင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းမှူးအဆောင့်ဆင့်နှင့်တာဝန်ရှိသူများသည် ဝေါယာဉ်ကြ ကြိုဆိုလာပြီး ကျောင်းဝင်းထဲရှိခန်းမဆောင်သို့ ခေါ်ဆောင်လာလေ၏။

ဧည့်ခန်းမဆောင်တွင် ကျောင်းအုပ်ကြီးက ကြိုဆိုသည် ဝေါယာဉ်ထဲမှ မြို့စားကြီးထွက်လာသည်။

"ဟဲ… ဟဲ… ဟဲ… ကျုပ်ရောက်လာလို့ သိပ်များအံ့ဩသွ သလား"

မြို့စားကြီးက မေးသည်။

ချူရှန်းက ပြုံးလိုက်၏။

"ဘာများ အံ့ဩစရာရှိလို့လဲ မြို့စားကြီးရဲ့၊ ကျုပ်တို့ တိမ် ဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းမှမဟုတ်ဘဲဗျာ၊ လူတွေအားလုံးအတွက် တံ ခါးမရှိဓားမရှိတဲ့ဂိုဏ်းပဲ၊ အဲ လူကောင်းတွေအတွက်ဆိုပါတော့ဗျ လူဆိုးသူခိုးတွေအတွက်တော့ တံခါးမဖွင့်ထားဘူးပေါ့"

မြို့စားကြီးမှာ ခံရခက်သွားလေ၏။ ရုတ်တရက် ဘာစကာ မျှမပြောနိုင်ဘဲ ဖြစ်သွားသည်။ ပိရိပိုင်နိုင်သောစကားမျိုးဆိုရလျှ ချူရှန်းကို မနိုင်နိုင်ပေ။

ဤသည်ကို မြို့စားသိ၏။ နောက်ဆုံး သူသည် ချူရှန်း ဖိနှိပ်ပြောဆိုရန် ဆုံးဖြတ်လိုက်၏။

"ခင်ဗျားကသာ လူကောင်းတွေအတွက် တံခါးဖွင့်ထာ တယ်လို့ပြောတယ်၊ ခင်ဗျားရဲ့ဌာနချုပ်ရှိတဲ့နေရာကိုကြည့်စမ်းပါဦး လူသူအရောက်အပေါက် လုံးဝမရှိဘူး၊ နောက်ဌာနချုပ်ရဲ့စခန်းတေ



ကိုလဲ ကြည့်စမ်းပါဦး၊ ရဲတိုက်ကြီးတစ်ခုကျနေတာပဲ"

ချူရှန်းသည် ထောင်းခနဲဒေါသထွက်သွား၏။ ပါးစပ်ထဲ ထွက်လာသောစကားလုံးများကို ချူရှန်းသည် ပြန်လည်မျိုချပစ်နေရ ၏။

"ကဲ… ကဲ အထဲရောက်နေမှတော့ ကျုပ်ရဲ့သင်တန်းဆောင် တွေကိုပဲ လိုက်ကြည့်ပါဦး"

မြို့စားသည် အဆောင်များမှာ ညစ်ညစ်ပတ်ပတ်ဖြစ်လိမ့် ည်ဟု ထင်နေ၏။ သူသည် နှာခေါင်းရှုံ့၏။ သို့သော် သူမြင်ရသည် ာတော့ အဆောင်များသည် သန့်ရှင်းသပ်ရပ်နေသည်။

သူသည် တပ်မှူးကြီးနှင့်ကိုယ်ရံတော်တစ်ဦးခြံရံကာ ချူရှန်း နောက်သို့ လိုက်လေ၏။ သူ့၌အကြံအစည်တစ်ခုရှိသည် မဟုတ်ပါ လော။

ချူရှန်းက….

"ဘယ်လိုပါလဲ မြို့စားကြီး၊ အရေးတကြီး ဘယ်လိုများ ကိစ္စရှိနေလို့လဲ"

ထိုအခါ တပ်မှူးက…..

"ကိစ္စရှိမှလာရမှာလားဗျ၊ မြို့စားကြီးအနေနဲ့ ဒီမြို့မှာ ဘယ်အရာမဆို စစ်ဆေးနိုင်ခွင့်ရှိတယ်ဆိုတာ ခင်ဗျားမသိဘူးလား"

"သိပါတယ်"

"သိလျက်သားနဲ့ ဘာကိစ္စလဲလို့ ခင်ဗျားမေးနေရသေးသ ား။ မကြာခင် ကျုပ်တို့ဘာကိစ္စလာတယ်ဆိုတာ ခင်ဗျားသိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူး၏စကားက တင်းမာလှသည်။ အခြေအနေဆိုးလာ ပြီဟု ချူရှန်းသိလိုက်သည်။ ဤမြို့တွင် မြို့စားကြီးသည် အာဏာပိုင် ပင်ဖြစ်လေ၏။

တိမ်ပျံ့ဂိုဏ်းသားများသည် မြို့စား၏တပ်များက သူတ် အား ဝိုင်းထားသဖြင့် စိတ်ထဲ၌မသက်သာကြချေ။ ဧည့်သည်တော်အ ဖြစ်လာရောက်လျှင် တပ်များဝိုင်းထားရန်မလိုချေ။

မြို့စားကြီးသည် အဆောင်များကို စစ်ဆေးလိုက်လေ၏ အဆောင်တိုင်း သန့်ရှင်းသပ်ရပ်လေသည်။

အဆောင်များကိုစစ်ဆေးပြီးသောအခါ ချူရှန်းက ဦးဆော ၍ ဧည့်ခန်းဆောင်သို့ခေါ်ဆောင် လာလေ၏။

မြို့စားက မေးသည်။

"တိမ်ပျံ့ဂိုဏ်းမှာ သင်တန်းသားဦးရေ ဘယ်လောက်ရှိ လဲ"

"ငါးရာကျော် ရှိပါတယ်"

"အဲဒီထဲက သင်တန်းသားနှစ်ရာကို ကျုပ်ရဲ့လုံခြုံရေးတ ဖွဲ့အတွက် လိုချင်တယ်"

"မဖြစ်နိုင်ပါဘူး မြို့စားကြီး"

"ဘာ... မဖြစ်နိုင်ဘူး ဟုတ်လား"

မြို့စား၏အသံသည် ကျယ်လောင်လှသည်။

ချူရှန်းသည် အာဏာဖီဆန်သူဖြစ်လေမည်လော။

သူသည် ချူရှန်းအား ယခင်ကပင်အမြင်မကြည်လင်ခဲ့



ဖြစ်၍ သူ့အား ငြင်းဆန်လိုက်သောအခါ ခက်ထန်သောအကြည့်ဖြင့် ကြည့်၍အော်လိုက်ခြင်းဖြစ်သည်။ မြို့စားကြီးသည် အသံကိုထိန်း၍ ပြောလိုက်သည်။

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

ချူရှန်းက လေအေးအေးနှင့်ရှင်းပြ၏။

"သိုင်းပညာဟာ တစ်ကိုယ်ချင်း ခုခံကာကွယ်ဖို့နဲ့ အမျိုး သားရေးတာဝန်အရ ခုခံကာကွယ်နိုင်ဖို့ ပညာသင်ကြားရတာကို တော့ မငြင်းပါဘူး။ ဒါပေမယ့် တိုင်းပြည်ကို ကိုယ့်လူမျိုးကို ဒုက္ခပေး တဲ့လူတွေရှိသလား ပေါ်ပေါက်လာသလား ဒါတွေကို သိရပါမယ်"

မြို့စားကြီးသည် မဲ့ရွဲ့လေ၏။ ချူရှန်းက ဆက်ပြော၏။

"ကိုယ့်တိုင်းပြည်ကို ဒုက္ခပေးမယ့်လူမရှိရင် အမျိုးသားကာ ကွယ်ရေးတပ်ဖွဲ့ထဲဝင်ဖို့ မလိုပါဘူး၊ နောက်ပြီး ကျုပ်ဟာ ဒီသင်တန်း ကိုတက်ဖို့ ဒီလူတွေအားလုံးကို အတင်းအကျပ်ခေါ်တာ မဟုတ်ဘူး"

"ကိုယ့်သဘောနဲ့ကိုယ် ဝင်လာကြတာပါ၊ အဲဒီလူတွေကို မြို့စားကြီးရဲ့တပ်ဖွဲ့ထဲ ဝင်ရမယ်လို့ ကျုပ်ပြောရင် တရားရာမကျ တော့ပါဘူး၊ သူတို့ကို အတင်းအဓမ္မမဝင်စေသင့်ပါဘူး"

ထိုအခါ မြို့စားကြီးက မဲ့ရွဲ့၍ ပြောလိုက်၏။

"ဒါဟာ သက်သက်မဲ့ အာဏာဖီဆန်တာပဲ"

မြို့စားသည် သူဖြစ်စေလိုသည့်အတိုင်း စွဲချက်တင်လိုက် လေသည်၊ တပ်မှူးသည် ပြုံးနေ၏။ ဤအတိုင်းဖြစ်လာမည်ကို သူသိ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်ပုံ့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ ခင်ဗျားပဲ မဟုတ်လား"

"ဟုတ်ပါတယ် ကျုပ်ပါဝဲ၊ ဒါပေမယ့် ကျုပ်ပိုင်ဆိုင်တာက သိုင်းပညာနဲ့ အဆောက်အအုံတွေပါ၊ သင်တန်းသားတွေကို ကျုပ်ပိုင်ဆိုင်ပါဘူး"

တပ်မှူးက ကြားဖြတ်ဝင်ပြော၏။

"ဒါဆိုရင် ခင်ဗျားဂိုဏ်းချုပ်ကြီးအဖြစ်က နုတ်ထွက်လိုက်ပေတော့၊ ဟောဒီက ကိုယ်ရံတော်ကြီးကိုဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်လိုက်မယ်၊ မြို့စားရဲ့အမိန့်နဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ကင်မြှောက်လိုက်မယ်"

ချူရှန်းက ပြုံးလိုက်၏။

"ကောင်းပြီလေ… ခင်ဗျားတို့ရဲ့ဆုံးဖြတ်ချက်ကို ကျုပ်သဘောကျရမှာပေါ့၊ သဘောမတူလို့ ရမှမရတာကိုး၊ ဂိုဏ်းချုပ်ကြီးအဖြစ်ကနုတ်ထွက်ဖို့သင်တန်းသားတွေထံမှ တောင်းခံခွင့်ပြုပါတော့"

"ဒါဖြင့် မြန်မြန်တောင်းခံ"

မြို့စားက မြန်မြန်ပြောသည်။ မြန်မြန်ပြောလျှင် မြန်မြန်ပြတ်မည်ဟု သူထင်လေသည်။

ချူရှန်းကမူ သူ့အား သင်တန်းသားများက ဂိုဏ်းချုပ်အဖြစ်မှ ထွက်ခွင့်ပြုလိမ့်မည်ဟု မယုံကြည်ချေ။ ထို့ကြောင့် ထိုစကားကိုပြောခြင်း ဖြစ်သည်။

မကြာမီ ချူရှန်းသည် သင်တန်းသားများကိုစုစည်းစေလိုက်သည်။ လက်ထောက်များက သင်တန်းသားများကို စုဝေးစေပြီးနောက်



ဂိုဏ်းချုပ်ကြီးအား အကြောင်းကြားသည်။

ဂိုဏ်းချုပ်ကြီးက သင်တန်းသားများက ရှေ့၌ရပ်လိုက်ပြီး…

"သင်တန်းသားအပေါင်းတို့ မြို့စားက ကျုပ်ကို ဂိုဏ်းချုပ်ကြီးအဖြစ်က နုတ်ထွက်ခိုင်းနေပါပြီ၊ အဲဒီလိုနုတ်ထွက်ခွင့် ရှိမရှိ သင်တန်းသားများမှာ ဆုံးဖြတ်ခွင့်ရှိပါတယ်၊ ဒါကြောင့် သင်တန်းသားများက ကျုပ်ကိုဂိုဏ်းချုပ်ကြီးအဖြစ်က နုတ်ထွက်ခွင့်ပြုဖို့ အဆုံးအဖြတ်ပေးကြပါ"

"ကျွန်တော်တို့ သဘောမတူပါဘူး"

"ဂိုဏ်းချုပ်ကြီးအဖြစ်က နုတ်ထွက်ဖို့ကို သဘောမတူပါဘူး"

သင်တန်းသားများက တညီတညွတ်တည်း အော်ဟစ်ကြလေတော့၏။ မြို့စား၊ တပ်မှူးနှင့်ကိုယ်ရံတော်ကြီးတို့မှာ မျက်လုံးပြူးသွားကြလေ၏။

သင်တန်းသားများသည် စည်းလုံးတက်ကြွစွာ အော်ဟစ်နေကြသည်။ မြို့စားကြီးသည် သူ့အမှားကိုမြင်သွားသည်။ သူ့အလိုနှင့်သူ့ဇာတ် ဤသို့ပင်ဖြစ်မည် မဟုတ်ပါလော။

သူသည် တပ်မှူးအား မျက်နှာရိပ်မျက်နှာကဲ ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

## သင်တန်းသားကျောင်းတိုက်ပွဲ

တပ်မှူးကလည်း မြို့စား၏အတွင်းသဘောကိုသိသည်။ မသိခံနိုင်ရိုးလား။ သူတို့လက်ဝါးချင်းရိုက်ပြီးမှလာကြခြင်း မဟုတ်ပါလား။

"ဟိတ်... အားလုံး တိတ်ကြစမ်း"

တပ်မှူးကြီးက အော်လိုက်၏။ အားလုံးငြိမ်သွားသည်။

"မင်းတို့က မြို့စားကြီးရဲ့အမိန့်ကို ဘာများမှတ်နေသလဲ၊ မြို့စားရဲ့အမိန့်ကိုဖီဆန်ရင် အားလုံးသေကုန်မယ်၊ မြို့စားကြီးက ကောင်းဖို့စီစဉ်တာကို လက်မခံရင် အားလုံးကိုဖမ်းချုပ်လိုက်မယ်၊ မင်းတို့က မြို့စားကြီးကို ဘာမှတ်သလဲ"

ထိုအခါ လက်ထောက်မှူးတစ်ဦးက တပ်မှူးကြီးကိုလှမ်းအော်လိုက်၏။

"တပ်မှူးကြီး ဒီလိုမတရားမလုပ်ပါနဲ့"

"ဟုတ်တယ်... ဟုတ်တယ် မတရားမလုပ်ပါနဲ့"



သင်တန်းသားများကလည်း အော်ဟစ်ကြသည်။

လက်ထောက်မှူးက....

"အဖွဲ့ချုပ်ကြီးရာထူးလိုချင်ရင် အရည်အချင်းကတော့ရှိရမယ် တပ်မှူးကြီး၊ အဖွဲ့ချုပ်ကြီးရာထူးကိုလိုချင်ပြီး ဘာအရည်အချင်းမှ မရှိရင် ပါးစပ်နဲ့ပြောလို့မရဘူး အားလုံးလက်ခံနိုင်အောင် အရည်အချင်းကိုပြပါ"

"ဟုတ်တယ်... ဟုတ်တယ်"

"အဖွဲ့ချုပ်ကြီးနဲ့ယှဉ်လိုက်ရင် အရည်အချင်းကိုသိသွားမှာပဲ၊ အဖွဲ့ချုပ်ကြီးနဲ့ယှဉ်ပါ"

"သိုင်းပညာယှဉ်ပြိုင်ပါ"

ဂိုဏ်းသားများသည် တညီတညွတ်တည်း အော်ဟစ်နေကြသည်။ ဂိုဏ်းချုပ်ကြီးမှာ အသက်အရွယ်ကြီးရင့်လှပြီ။ သို့သော် သိုင်းပညာအရမူ မည်သူ့ကိုမျှမကြောက်ချေ။

တရားသဖြင့် ယှဉ်ပြိုင်ရမည့်အရေးအခင်းအားလုံးကိုယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

"ဒီလိုလား ဒီလိုဆိုရင် ကျုပ်က လူမရွေးပါဘူး၊ ယှဉ်ဆိုတော့လဲ ယှဉ်ရမှာပေါ့"

မြို့စားကြီးနှင့်အတူပါလာသော ကိုယ်ရံတော်က ပြောလေ၏။ သူ့ကိုဂိုဏ်းချုပ်ခန့်မည်ဟု မြို့စားကြီးကပြောကြားခဲ့သကိုး။

ထိုအချိန်တွင် ချူရှန်း၏သား ချူယန်းနှင့်သမီးဖြစ်သူ ချူယီတို့သည် ဂိုဏ်းချုပ်ကြီးနောက်ပါးသို့ ရောက်ရှိလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချူယန်းက....

"ဖေဖေ ယှဉ်ပြိုင်မလား ဖေဖေ"

"အေး... ငါယှဉ်ပြိုင်ရမှာပေါ့၊ မပြိုင်လို့ဘယ်ဖြစ်မှာလဲ၊ သူကို့တောင်းဆိုတဲ့ကိစ္စက တရားသဖြင့် တောင်းဆိုတာပဲ"

ဂိုဏ်းချုပ်ကြီးက ပြောလေ၏။

ဤအချိန်ကား တိမ်ဖျံဂိုဏ်းကြီးအတွက် အရေးအကြီးဆုံးအချိန်ပင် ဖြစ်လေ၏။ တိမ်ဖျံဂိုဏ်းကြီးအရှင်ရှည်ရေးကိစ္စမှာ ဤယှဉ်ပြိုင်မှုပေါ်တွင် တည်မှီနေ၏။

ဤသို့ဖြင့် သင်တန်းကွက်လပ်ရှေ့သို့ ဂိုဏ်းချုပ်ကြီးနှင့် ကိုယ်ရံတော်တို့ထွက်လာကြလေ၏။ သူတို့နှစ်ယောက်ယှဉ်ပြိုင်ကြပေတော့မည်။

မြို့စားကြီးက ကိုယ်ရံတော်ကို မျက်နှာအမူအရာဖြင့် အချက်ပြ၏။ ပိုင်နိုင်ပါ၏လောဟု မေးခြင်းဖြစ်သည်။

ကိုယ်ရံတော်က ခေါင်းညိတ်ပြလေ၏။

"ကဲ... တိုက်ကြပေတော့"

မြို့စားကြီးက အမိန့်ပေးလိုက်သည်။

ကိုယ်ရံတော်သိုင်းသမားမှာ မျက်လုံးများတောက်ပနေသဖြင့် အတွင်းအား၌ မည့်လှကြောင်းသိရသည်။



သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ကျားချောင်းချောင်းနေကြလေ၏။

"ကျား"

"ဝုန်း"

ကိုယ်ရံတော်သည် ဂိုဏ်းချုပ်ကြီးထံသို့ မာန်သွင်းအော်ဟစ်ပြီး ဝင်ရောက်တိုက်ခိုက်တော့၏။

ဂိုဏ်းချုပ်ကြီးသည် ပန်းခြွေလက်သိုင်းဖြင့် ရှောင်တိမ်းလိုက်၏။ ကိုယ်ရံတော်သည် အရှိန်လွန်ကျော်ထွက်သွားလေ၏။

"ဘာဖြစ်လို့ ရှောင်ထွက်သွားတာလဲ တိုက်စမ်းပါဗျာ"

ဂိုဏ်းချုပ်ကြီးအား ကိုယ်ရံတော်ကြီးက ပြောလိုက်လေသည်။

"အစဆိုတော့ ကြည့်ဦးလေ"

သူတို့သည် ငိုသဲ့သဲ့ပြောရင်း တိုက်ခိုက်နေကြသည်။ ညာဘက်လက်က ရင်ဘတ်ကိုကာ၍ ဘယ်လက်ဖြင့် ချူရှန်းက ရိုက်ချ၏။

"ဝုန်း"

ကိုယ်ရံတော်က လက်ဝါးဖြင့်ခံလိုက်သည်။ ဝုန်းခနဲမြည်သွားပြီး ကိုယ်ရံတော်တုန်လှုပ်သွားသည်။ သို့သော် ကိုယ်ရံတော်

www.burmeseclassic.com



သည် အနိုင်မခံ၊ အရှုံးမပေးဘဲ ပြန်လည်ခုခံတိုက်ခိုက်နေ၏။

(၁၀)

ပွဲသည် ကြည့်ကောင်းစပြုလာသည်။

ကိုယ်ရံတော်သည် ယိမ်းကာနွဲ့ကာ ရှောင်တိမ်းလိုက်သည်။ တိုက်ခိုက်သောအခါ၌လည်း လက်ဝါး၊ လက်သီး၊ လက်ဝါးစောင်း အစရှိသည့်အရာများဖြင့် တိုက်ခိုက်နေသည်။

သို့သော် တစ်ချက်မျှ မထိပါချေ။ သို့သော် ကိုယ်ရံတော်သည် အဆင့်မြင့်သိုင်းကွက်များကို အသုံးမပြုသေးကြောင်း ချူရှန်းသိသည်။

ထိုသို့ တိုက်ရင်း ကိုယ်ရံတော်သည် အဆင့်မြင့်သိုင်းကွက်များကို စတင်တိုက်လာတော့၏။

"ဝိုး"

"ဝှစ်... ဝှစ်"

ကိုယ်ရံတော်၏လက်ဝါးသည် ချူရှန်း၏ဦးခေါင်းနားမှ ဖြတ်သန်းသွား၏။

"ဪ... ခင်ဗျားက ဒါတွေရှိသေးသကိုး"

ချူရှန်းက မိုးကြိုးလက်ဝါးသိုင်းကွက်ဖြင့် ဆက်တိုက် တိုက်



ခိုက်လိုက်၏။

ကိုယ်ရံတော်သည် နောက်သို့ရှောင်တိမ်းပေးရသည်။ သုံးကွက်တိတိ ဆက်တိုက်ပင် ရှောင်တိမ်းပေးရလေတော့သည်။

"ကျား"

ထိုစဉ် ကိုယ်ရံတော်က နောက်သို့ဆုတ်နေရာမှ ရှေ့သို့လှမ်းခုန်ကာ ဘယ်ခြေဖျားဖြင့် ရင်ဝဆီသို့လှမ်းခတ်လိုက်သည်။

ချူရှန်းသည် ထိုခြေဖျားကိုခေါင်းငုံ့ ရှောင်တိမ်းလိုက်၏။ လွန်သွားသော ကိုယ်ရံတော်၏ကျောပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲ တိုက်ခိုက်လိုက်လေ၏။

သို့သော် ကိုယ်ရံတော်က ခါးကော့ရှောင်တိမ်းလိုက်သဖြင့် အင်္ကျီကိုသာ ရှပ်၍ရိုက်မိသည်။ ကိုယ်ရံတော်မှာ မည်သို့မျှ ဒဏ်ရာမရချေ။

သူတို့နှစ်ဦး ပြန်လည်ရင်ဆိုင်ကြပြန်၏။

"ဝုန်း... ဝုန်း"

"ဝိုး"

"ဝှစ်... ဝှစ်"

လက်သီး၊ လက်ဝါး၊ တံတောင်များ စုံသွားသည်။ ကိုယ်ရံတော်သည် လက်ဝါးတစ်ချက်မိသွားပြီး လွင့်စဉ်ထွက်သွားသည်။

"အား"

သို့သော် သူသည် ဒယီးဒယိုင်ဖြင့် ပြန်ထလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူရှန်းသည် သူတိုက်ပွဲအပြီးသတ်နိုင်ရန် ဝုန်းခနဲဝင်သွား၏။

ဤသည်မှာ သူ့အမှားပင်။ သူလောကြီးပြီး ဝင်သွားမိသည်နှင့် ကိုယ်ရံတော်က သူ့အား လက်ဝါးတစ်ချက်ရိုက်ချလိုက်တော့သည်။

"ဝုန်း"

"အား"

ချူရှန်းမှာ လည်ဆင်းသွား၏။ ပြန်မထနိုင်တော့ပါချေ။

ထိုအခါ ချူရှန်း၏သား ချူယန်းနှင့် ချူရှန်း၏သမီးတို့သည် ဖခင်ဒုက္ခဖြစ်နေသည်ကို မကြည့်နိုင်သဖြင့် ဝုန်းခနဲဝင်ရောက်ကာ အပြင်းအထန်ကိုတိုက်ခိုက်ကြလေတော့သည်။

နှစ်ယောက်ပူးပေါင်းတိုက်ကွက်ဖြစ်၍ ကိုယ်ရံတော်မှာ အပြင်းအထန်ခုခံရသည်။

"ဝုန်း... ဝုန်း"

ချူယန်းက လက်ဝါးဖြင့် ဖိတိုက်သကဲ့သို့ ချူယီကလည်း ခြေကန်ချက်များဖြင့် ကိုယ်ရံတော်ကို ဖိကန်သည်။ ကြာသော် ကိုယ်ရံတော် မခံနိုင်တော့ချေ။ ဝုန်းခနဲ လဲကျသွားလေတော့၏။

"ဒီကောင်တွေကို ဖမ်းစမ်း"

တပ်သားများကို မြို့စားကြီးက အမိန့်ပေးလိုက်လေ၏။

သို့သော် တိမ်ပျံဂိုဏ်းသားများ ဝုန်းခနဲရှေ့တိုးပြီး တိုက်ခိုက်ခုခံရန် ပြင်ဆင်လိုက်သောကြောင့် တပ်သားများ တုံ့ခနဲ ရပ်



သွားကြသည်။

"ဘာဖြစ်လို့ ရပ်နေတာလဲ၊ အဲဒီကောင်တွေကို တိုက်၊ ဘယ်သူ့မှ ဂရုမစိုက်နဲ့"

မြို့စားကြီးက အမိန့်ပေးလိုက်သောအခါ မြို့စားကြီးတပ်သားများသည် တိမ်ပျံဂိုဏ်းသားကို ဝင်ရောက်တိုက်ခိုက်ကြတော့၏။

ထိုအခါ အခြေအနေသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားလေတော့သည်။

သင်တန်းကျောင်းကိုဝိုင်းထားသော တပ်သားများသည်လည်း ဝင်ရောက်တိုက်ခိုက်ပြီး သင်တန်းကျောင်းတစ်ခုလုံးမှ သင်တန်းသားများသည် ခုခံကြသောအခါ ကျောင်းဝင်းကြီးတစ်ခုလုံး ဓားသံ၊ လှံသံ တချွင်ချွင်မြည်ပြီး မာန်သွင်းအော်ဟစ်သံများ ဆူညံနေတော့သည်။

သင်တန်းကျောင်း တိုက်ပွဲကြီးကား စလေပြီ။

www.burmeseclassic.com



(၁၁)

ဂိုဏ်းသစ်ဖွေးမွှားခြင်း

တိုက်ပွဲသည် ဧရာမွက်သံအလား အော်ဟစ်ဆူညံသံများနှင့် ပြည့်လွှမ်းနေသည်။

ချူယန်းနှင့်ချူယီတို့သည် တိုက်ပွဲမှဖခင်ကြီးကိုပွေ့ထုတ်ကာ ပြုစုကုသနေကြသည်။ ဖခင်ကြီးရရှိထားသောဒဏ်ရာကား ပြင်းထန်လှလေ၏။

တိုက်ပွဲသည် ပြင်းထန်ပြီး ရှည်ကြာနေသဖြင့် အကျအဆုံးများပြားလာသည်။

မြို့စားသည် သူ၏တပ်သားများ အကျအဆုံးများ လာသဖြင့် မြားသည်တော်များကို အဆင်သင့်ပြင်ဆင်ခိုင်းလေ၏။

"တိုက်နေတဲ့တပ်သားတွေ နောက်ဆုတ်ကြ"

တပ်မှူးကြီးသည် တပ်သားများကိုနောက်ဆုတ်ခိုင်းပြီး မြားသည်တော်များကို မြားနှင့်ပစ်ခိုင်းသည်။

ထိုအခါ သင်တန်းသားများ အတုံးအရုံး ကျဆုံးကုန်ကြလေ



တော့သည်။

"ဗိုး... ဗိုး... ဗိုး"

"အား... အား... အား"

နားကျင်စွာ အော်ဟစ်သည့်အသံများ မိုးလုံးညံနေလေသည်။

သိုင်းသမားတို့က လက်နက်ပုန်းနှင့်မြားတို့ကို အကြောက်ဆုံးဖြစ်သည်။

လက်နက်ပုန်းသည် အလွန်သေးငယ်ပြီး လူကိုသေစေနိုင်သကဲ့သို့ မြားသည်လည်း အရှိန်အဟုန်ပြင်းစွာဖြင့် လူကိုသေစေနိုင်သောကြောင့် ဖြစ်သည်။

သင်တန်းသားများသည် အတုံးအရုံးကျဆုံးနေကြသည်။ ချူယန်းနှင့်ချူယီတို့မှာ ဖခင်ကြီးကိုပြုစုနေရသဖြင့် သင်တန်းသားများသေဆုံးနေသည်ကို မကူညီနိုင်ကြပေ။

မြို့စားသည် သင်တန်းသားများအားလုံး သေဆုံးကုန်လျှင်ကောင်းသည်ဟု ယူဆလေသည်လားမသိ။ မြားနှင့် တွင်တွင်သာပစ်ခိုင်းနေတော့၏။

မောင်နှမနှစ်ယောက်သည် ရုတ်ရုတ်သဲသဲ တိုက်ခိုက်နေကြစဉ် ဖခင်ကြီးကို သင်တန်းခန်းတစ်ခုထဲသို့ ခေါ်လာပြီး ထိုမှတစ်ဆင့် မြေအောက်ခန်းထဲသို့ခေါ်ခဲ့သည်။

တိမ်ပျံဂိုဏ်းသားများက သတ္တိရှိစွာ ခုခံတိုက်ခိုက်နေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီး အဖေ့ကိုထားခဲ့ ရော... ဒီသိုင်းကျမ်းကိုယူ ထွက်ပြေးကြတော့၊ သားတို့ သမီးတို့ ဒီမြို့စားကိုဘယ်လိုမှမခုခံနိုင် ဘူး၊ အခုထွက်ပြေးရင် အချိန်မီသေးတယ်"

"ဟာ... မဟုတ်တာ ဖေဖေရယ်၊ ကျွန်တော်တို့မောင်နှ အဖေ့နားမှာပဲ နေမယ်၊ အဖေနဲ့အတူ အသေခံမယ်"

ဂိုဏ်းချုပ်ကြီးချူရှန်းသည် နာကျင်သည့်ဝေဒနာကိုခံစားနေ သည့်ကြားမှ ခေါင်းယမ်းပြလေ၏။ မြို့စားသည် မည်မျှရက်စက် ကောက်ကျစ်သည်ကို သူသိသည်။

မြို့စား၏စက်ကွင်းမှ မိမိသားနှင့်သမီး မည်သို့မျှမလွတ်နိုင် သည်ကို သူသိသည်။

"ခေါင်းမမာကြနဲ့ သားနဲ့သမီးတို့၊ အဖေ အသေဖြောင့်စေ ချင်ရင် အဖေပြောသလိုလုပ်ကြ"

နှမဖြစ်သူ ချူယီက အစ်ကိုဖြစ်သူ၏လက်မောင်းကိုဆုပ် ကိုင်လိုက်၏။ ချူယန်းသည် စိတ်ကိုလျှော့လိုက်၏။ အခြေအနေ လည်း စိတ်လျှော့ရမည့်အခြေအနေသာတည်း။

"မြို့စား ဒီကိုလာတာဟာ အကြံနဲ့လာတာ၊ တိမ်ပျံဂိုဏ်း တစ်ခုလုံး ဖျက်ဆီးဖို့လာကြတာပဲ၊ တိမ်ပျံဂိုဏ်းဟာ သိုင်းလောက က ပျောက်ကွယ်သွားလိမ့်မယ်၊ မင်းတို့ဟာ ဂိုဏ်းတစ်ဂိုဏ်းကိုထ ရွေးကြရလိမ့်မယ်၊ နောက်... အဲ... ဂိုဏ်းရဲ့အမည်ကို စဉ်းစားထား ကြ"

ချူယန်းက စိတ်နောက်ကျိစွာ ပြောလိုက်၏။



"ဖေဖေ့ ဆန္ဒအတိုင်း ကျွန်တော်တို့လုပ်ပါ့မယ်"

"အေး... ကောင်းတယ်၊ တစ်ခုတော့ ငါ့ကိုကတိပေးကြရ ယ်၊ ရန်ငြိုးရန်စကိုတုံ့ပြန်ကလဲ့စားချေတဲ့အလုပ်မျိုးကိုမလုပ်ပါဘူး ငါ့ကိုကတိပေးရမယ်"

နှစ်ယောက်စလုံး မျက်ရည်များ ရစ်ဝဲလာကြ၏။ ဖခင်ကြီး ည် တိမ်ပျံဂိုဏ်းကိုကောင်းသောရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ င်းပညာကို မျိုးဆက်အမွေပေးခြင်းဖြစ်သည်။

ယခု မြို့စားကြီး အဘယ်ကြောင့် သူတို့အဖွဲ့အစည်းကို ဆီးရသနည်း။

ရှင်းပါသနည်း။ သူတို့အဖွဲ့ကိုမလိုလား မရှုဆိတ်ခြင်းပင် သည်။

ယခုတော့ သူတို့မိသားစု သေကွဲ ကွဲရုံသာမကဘဲ သိုင်းပ မြတ်နိုးသော သိုင်းသမားများစွာ သွေးမြေခဲ့ကြရလေ၏။

တိမ်ပျံဂိုဏ်းအား ဖြိုခွင်းခဲ့သောနေ့ကို ချူယန်းနှင့် ချူယီတို့ ကြမည်မဟုတ်တော့ပေ။

ထိုစဉ် သင်တန်းသားတစ်ယောက်သည် အမောတကော လာလေ၏။

"ဆရာလေး... မြို့စားရဲ့တပ်သားတွေ ဒီအဆောင်ဘက်ကို လာပါပြီ ဆရာလေး"

"ဟေ"

ချူရှန်းသည် ခေါင်းထောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီးတို့ အချိန်မရှိဘူး။ ပြေးကြပေတော့။ ဈေး- ဒီသိုင်းကျမ်းကိုယူသွားကြ"

"ဖေဖေ"

"ဖေဖေ"

"မင်းတို့ ဘာမှစကားမရှည်ကြနဲ့တော့၊ ငါပြောသလိုလ ကြ၊ ငါ အသေမဖြောင့်အောင် မလုပ်ကြပါနဲ့"

ချူယန်းနှင့်ချူယီတို့သည် ရောက်ရှိလာသည့်သိုင်းသမ အား မှာကြားစရာရှိသည်တို့ကို မှာကြားပြီးနောက် ဖခင်အား နှ ကန်တော့ကြ၏။

"ကောင်းလေစွ... ကောင်းလေစွ၊ ကဲ... သွားကြပေတော့"

ချူယန်းနှင့်ချူယီတို့သည် နောက်ဆံတင်းစွာဖြင့် လျှို့ဝှ ပေါက်မှ ထွက်ခွာသွားကြလေ၏။

ဂိုဏ်းချုပ်ကြီးမှာ ရရှိသော ဒဏ်ရာဖြင့် မသေပေ။ မြို့စ ကြီး၏ ဖမ်းဆီးခြင်းကိုခံရသည်။

မြို့စားကြီးသည် ဒဏ်ရာပြင်းထန်သော်လည်း အသက် သေအောင် မြို့စားကြီးက ဒဏ်ကြေးဆေးဖြင့် ကုသပေးခဲ့၏။

ဤသို့ကုသပေးခြင်းမှာ အကောင်းမဟုတ်ချေ။ မြို့စားကြ က ဂိုဏ်းချုပ်ကို သေဒဏ်အပြစ်ပေးလို၍ ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးကိုသတ်ပြခြင်းဖြင့် သိုင်းပညာသင်လိုသ အညွန့်အညောက်များကို အညွန့်ချိုးပြလိုခြင်းဖြစ်သည်။

ဤသို့ဖြင့် သင်တန်းကျောင်းကိုဖြိုခွင်းပြီးသည့် သုံးရ



မြောက်မြောက်နေ့တွင် ဂိုဏ်းချုပ်ကြီးကိုသတ်ရန် ပြင်ဆင်လေတော့၏။ သူ သည် ဂိုဏ်းချုပ်ကြီးကိုသတ်ရန် စင်မြင့်ကြီးတည်ဆောက်၏။

ဤဂိုဏ်းချုပ်ကြီးသတ်မည့်ပွဲကို သင်တန်းသားများကြည့် စေ၏။ ဖမ်းဆီးထားသည့်သင်တန်းသားအားလုံး ဤသတ်ဖြတ်ပွဲကို ကြည့်ရှုရမည် ဖြစ်ပေသည်။

မြို့သူမြို့သားများလည်း ဤပွဲကိုကြည့်ရှုရမည်ဟု မြို့စား ကြီးက အမိန့်ထုတ်လေ၏။

ထိုနေ့ကား တစ်မြို့လုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသောနေ့ပင်။ အဘယ်ကြောင့်ဆိုသော် ဂိုဏ်းချုပ်ချူရှန်းကိုကား စင်တင်သတ်မည့် ဖြစ်သောကြောင့်တည်း။

မြို့ပြင်တောင်ကုန်းအထက်တွင် ချူယန်းနှင့်ချူယီတို့မောင် သည် တောင်ကုန်းအောက်ခြေကွင်းပြင် လူသတ်ပွဲကိုကြည့်ရှုနေ လေ၏။ သူတို့မှာ ရင်ဖိုလှိုက်မောနေကြသည်။

ဖခင်ကြီးကိုသတ်မည့်အရေးအခင်းအား သူတို့ကြည့်ရှုနေ ရသည် မဟုတ်ပါလား။

ဖခင်ကြီးအား သူတို့မောင်နှမနှစ်ယောက် ဝင်ကယ်ရန် လည်း မစွမ်းနိုင်ပေ။ သူတို့သည် အခြေအနေကို စောင့်ကြည့်ကာ သာ နေရ၏။

မကြာမီလူများ ရုတ်ရုတ်သဲသဲဖြစ်လာ၏။ သူတို့၏ဖခင် ကြီးကိုခေါ်ထုတ်လာကြောင်း တွေ့ရသည်။ စင်ပေါ်တင်သည်။ စင် ပေါ်၌ ပါးကွက်သားက ကွပ်မျက်လိုက်ကြောင်းတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူယီနှင့် ချူယန်းသည် မျက်ရည်များ တွေတွေကျဆင်း
ကြ၏။

ချူယန်းသည် သူ၏မျက်ရည်များကိုသုတ်ပြီး ညီမဖြ
အား အားပေးနှစ်သိမ့်၏။

"တိတ်ပါ ညီမလေးရယ်၊ ငိုနေလို့ တို့တစ်တွေအတွက်
မှအကြောင်းထူးလာမှာ မဟုတ်ပါဘူး၊ ငါတို့အတွက် 'နေမင်း
ပျောက်ကွယ်သွားပေမယ့် သူပေးခဲ့တဲ့အလင်းရောင်တွေ ကျန်
သေးတယ်"

ချူယန်းပြောသည့် သူပေးခဲ့သည့်အလင်းရောင်ဆိုသည်
ဂိုဏ်းချုပ်ပေးခဲ့သည့်သိုင်းကျမ်းကို ဆိုလိုပေသည်။

ချူယန်းသည် ပြောပြောဆိုဆို လက်ထဲမှသိုင်းကျမ်း
ကြည့်လိုက်မိသည်။ ထိုသိုင်းကျမ်းသည် သူ့ဖခင်နေမင်းကြီးထံမှ
လင်းရောင်တည်း။

ဖခင်ကြီးပြောသည့်အတိုင်း တိမ်ပျံဂိုဏ်းနှင့်တိမ်ပျံသို
သင်တန်းကျောင်းသည် ပျောက်ကွယ်သွားပေတော့မည်။

နာမည်ဆိုသည်မှာ အရေးမကြီး။ အသစ်တစ်ဖန် ပေး
သည်။

သိုင်းပညာဖြင့် သိုင်းလောကအကျိုးပြုရန်ဆိုသည့် အ
သာရ မပျက်ရန်သာ လိုသည်။

မောင်နှမနှစ်ယောက်သည် သိုင်းဂိုဏ်းနာမည်အသစ်တ
ကို ရွေးချယ်ကြရပေတော့မည်။ ဤတစ်ကြိမ်တွင် နာမည်လှရန်



ရေးမကြီးတော့ပေ။ ကြားရသူများ ကြောက်ရွံ့သွားရန်သာ အရေး
ကြီးသည်။

မိစ္ဆာဂိုဏ်း.....။

မောင်နှမနှစ်ယောက် ရွေးချယ်လိုက်သည့်ဂိုဏ်း၏နာမည်
အသစ်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

## အဖြူနှင့်အမည်း

မိစ္ဆာဂိုဏ်း….။

နာမည်က ကြောက်စရာကောင်းသည်။ ရက်စက်ကြမ်းကြုတ်သောနာမည် ဖြစ်သည်။

ဖခင်ဖြစ်သူနှင့် သင်တန်းသားသိုင်းသမားများ ရက်စက်စွာ အသတ်ခံရသည်ကိုမြင်ပြီး ဤအမည်ကိုပေးခဲ့ခြင်းဖြစ်၏။ ဇီချွမ်နယ်တစ်နယ်လုံး မိစ္ဆာဂိုဏ်း၏အမည်သည် ပျံ့နှံ့သွားခဲ့လေ၏။

မြို့စားကြီးမှာလည်း ဒုက္ခနှင့် ရင်ဆိုင်နေရသည်။ သူသည် သင်တန်းသားများကိုသတ်ပြီး သင်တန်းကျောင်းကိုဖြိုဖျက်ခဲ့၏။ ကျန်သောသင်တန်းသားများကိုလည်း ဖမ်းဆီးခဲ့သည်။

ထိုသိုင်းသင်တန်းကျောင်းသားများကလည်း သူ့တပ်ဖွဲ့ကိုမဝင်ဘဲ နေကြ၏။

အတင်းအကျပ်ခိုင်းစေလျှင် သူတို့၏သိုင်းပညာများကို အ



သုံးမပြုဟု တညီတညွတ်တည်း ဆန္ဒပြကြသည်။

မြို့စားကြီးမှာ ဖွတ်မရ မားမဆုံးနေလေပြီ။

သူသည် တပ်မှူးကြီးနှင့်တိုင်ပင်လေ၏။

“ဘယ်လိုလုပ်မလဲ တပ်မှူးကြီး၊ ကျုပ်တို့တစ်တွေ အကျဉ်းသားတွေကို ဒီလိုအလုပဲ ကြည့်နေရတော့မလား၊ အကျဉ်းသားများများကို ကျုပ်တို့ဒီလောက်တော့ မကျွေးနိုင်ဘူးဗျာ၊ ကြာရင် ရိက္ခာအခက်အခဲရှိလာမယ်”

တပ်မှူးကြီးက အလွယ်ကူဆုံးနည်းကို ပြောလိုက်၏။

“ဒါဆိုလဲ ထုံးစံအတိုင်း သတ်ပစ်လိုက်ပေါ့ဗျာ”

“ဟာ… တပ်မှူးကြီး ဘယ်လိုပြောလိုက်တာလဲ၊ အခု တိမ်ပျံဂိုဏ်းကို ကျုပ်တို့ဖျက်ဆီးတာကိုကြည့်ပြီး မြို့သူမြို့သားတွေက ကျုပ်တို့ကိုမတရားဘူးလို့ ပြောနေကြပြီ၊ ဒီကြားထဲ ကျန်တဲ့ဂိုဏ်းသားတွေကိုသတ်လိုက်ရင် တစ်မြို့လုံးဆူပူကြတော့မှာပေါ့၊ ကျုပ်ကို ဇီချွမ်ပြည်နယ်က ထွက်ပြေးအောင် ခင်ဗျားလုပ်နေတာလား”

မြို့စားကြီးမှာ တိမ်ပျံဂိုဏ်းနှင့်ပတ်သက်၍ ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိတော့ပေ။

တိမ်ပျံဂိုဏ်းသား အကျဉ်းသားအားလုံးမှာ ဂိုဏ်းချုပ်ကြီးကဲ့သို့ အသေခံဝံ့သူများဖြစ်ကြသည်။

သူတို့ကို လုံးဝသတ်၍မဖြစ်ပေ။

ထိုသို့ အခက်ကြုံနေရသည့်အထဲတွင် မြို့စား၏တပ်များကို မကြာခဏတိုက်ခိုက်နေသည့် မိစ္ဆာဂိုဏ်းက ပေါ်လာပြန်သဖြင့် မြို့

www.burmeseclassic.com



စားကြီးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတော့သည်။

တပ်မှူးကြီးက....

"မိစ္ဆာဂိုဏ်းဆိုတာပေါ်နေတယ် မြို့စားကြီး၊ ဒီဂိုဏ်းက ကျူပ်တို့တစ်တွေကို မကြာခဏတိုက်ခိုက်နေတယ်၊ ဒုက္ခပေးနေတယ်၊ အဲဒါကိုလဲ ရှင်းရဦးမယ်"

"အဲဒီမိစ္ဆာဂိုဏ်းကို ဘယ်သူက ဦးဆောင်တာလဲ"

"ဒီခေါင်းဆောင်ဆိုတာကတော့ လျှို့ဝှက်ချက်မဟုတ်ပါဘူး သေသွားတဲ့ဂိုဏ်းချုပ်ကြီးရဲ့ သားနဲ့ သမီးနှစ်ယောက်ပဲလို့ အထောက်တော်တွေဆီက သိရတယ်"

"ဘာ... သေသွားတဲ့ဂိုဏ်းချုပ်ကြီးရဲ့ သားနဲ့သမီး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ရန်ငြိုးရန်စပါလား၊ မီးကြွင်းမီးကျန်ပေါ့၊ မဖြစ်ဘူး မဖြစ်ဘူး၊ မီးကြွင်းမီးကျန်ဆိုတာ မထားကောင်းဘူး၊ အကုန်လုံးကို လောင်နိုင်တယ် လောင်တတ်တယ်၊ တပ်မှူးကြီးကိုယ်တိုင် ဒီဂိုဏ်းကို ဖြိုဖျက်ဖို့ကြံစည်ပါ၊ အမြန်ဆုံးစီစဉ်ပါ"

မြို့စားသည် သူ့အလှည့်ပြန်ရောက်မည်ကို အလွန်စိုးရိမ်လေသည်။

သူသည် တိမ်ပျံ့ဂိုဏ်းကို အလကားသက်သက်ဖြိုခွင်းနှိမ်နင်းခဲ့သည် မဟုတ်ပါလား။

ဂိုဏ်းချုပ်ကြီးကို သတ်ခဲ့သည်။ ဂိုဏ်းသားများကို သတ်ခဲ့



သည်။ ကျန်ဂိုဏ်းသားများကို အကျဉ်းချခဲ့သည်။

သူ၏မှားယွင်းသော အပြုအမူက သူ့အားပြန်၍ ခြောက်လှန့်နေလေ၏။

တစ်နေ့တွင် မိစ္ဆာဂိုဏ်းသည် သူ့အလှည့်မကြုံဘူးဟု မပြောနိုင်ပေ၊ ထိုအခါ သူသည် တစ်လှည့်ဝင့်ပြန်ခံရပေလိမ့်မည်။

ထိုအဖြစ်ကိုတွေးတိုင်း မြို့စားကြီးသည် အိပ်မပျော်နိုင်တဲ့ဖြစ်ရသည်။

မိစ္ဆာဂိုဏ်း၏တိုက်ခိုက်မှုသတင်းများသည် ဇီချွမ်ပြည်နယ်အတွင်း လွှန်စွာသတင်းပျံ့နှံ့လာလေ၏။

မြို့စား၏တပ်များမှာ မြို့ ကိုကျော်လွန်ပြီး တပ်ထွက်တိုင်း အတိုက်ခံရလေသည်။

ကြာသော် မြို့စား၏တပ်များမှာ မြို့ပြင်သို့ပင် မထွက်ဝံ့တော့ချေ။

မြို့စား၏တပ်များက ဤသို့ကြောက်ရပြီဟု လူအများက ပြောပြီး ရယ်ပွဲဖွဲ့စရာ ဖြစ်လာသောအခါ မြို့စားမှာ မခံမရပ်နိုင်ဖြစ်လာသည်။

ချူယန်းနှင့် ချူယီတို့လည်း သူတို့၏နာမည်ပျောက်ပြီး မိစ္ဆာမောင်နှမဟု အမည်တွင်လေတော့သည်။

သူတို့သည် အခြားသူများ ကို မတိုက်ခိုက်ပေ။ မြို့စားကြီးနှင့်ပတ်သက်သမျှကို တိုက်ခိုက်သည်။

သူတို့မောင်နှမသည် ယခုအခါ ချောက်ချားနေပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး၏သတင်းကိုစုံစမ်းစနည်းနာရန် ထွက်လာကြ၏။

မြို့စား၏သတင်းကိုစုံစမ်းလျှင် မြို့သို့သာတက်ရမည်ဖြစ်၍ မြို့အတွင်းသို့ဝင်ရန် မြို့ပြင်တံတားဆီသို့ ရပ်ဖျက်ဝင်လာကြလေ၏။

(၁၃)

သတင်းစုံစမ်းမည်ဆိုသည်မှာလည်း အကြောင်းမဲ့မဟုတ်ချေ။ မိစ္ဆာဂိုဏ်းအကြောင်းသတင်းစုံစမ်းလာသည့်အထောက်တော် နှစ်ဦးအား ခေါင်းဖြတ်၍ မြို့စားထံ ပြန်ပို့ခဲ့သည်မဟုတ်ပါလား။

ထိုသတင်းကို ကွမ်ရှိက မည်သို့တုံ့ပြန်မည်ကို သူတို့သတင်းယူရပေမည်။

မြို့အဝင်မှာ တံခါးရှိသည်။ ယခင်က နံနက်အရုဏ်ကျင်းသည်နှင့် မြို့တံခါးဖွင့်ပြီး ညမှောင်စပြုလျှင် မြို့တံခါးကိုပိတ်သည်။

ယခုအခါ မြို့တံခါးကိုအစောင့်အကြပ်များက စောင့်ကြပ်ကြသည်။ မြို့တံခါးဝအဝင်အထွက်ကို စစ်ဆေးသည်။ ယခုလည်း စစ်ဆေးနေသည်။

လူဝင်လူထွက်နှင့် လက်နက်များကို စစ်ဆေးနေခြင်းဖြစ်သည်။ ယခုတလော မိစ္ဆာဂိုဏ်း၏တိုက်ခိုက်မှုက အကွက်စိပ်လှသည် မဟုတ်ပါလော။



မြို့တွင်းသို့ဝင်ရန် လူအုပ်စုတစ်စုစီ တန်းစီနေကြရသည်။ မိစ္ဆာမောင်နှမမှာ တတိယအုပ်စုတွင်ပါဝင်သည်။

သူတို့မှာ ရုပ်ဖျက် လာခြင်းဖြစ်သည်။ သာမန်ကြည့်လျှင်တော့ သူတို့ကို မည်သူမျှ မသိနိုင်ချေ။

တတိယအုပ်စုတွင် ပါဝင်သောလူများမှာ မိန်းမပျိုနှစ်ယောက်၊ အဘွားအိုတစ်ယောက်၊ ထိပ်ပြောင်လူကြီးတစ်ယောက်၊ ပုညက်ညက်လူတစ်ယောက် ခပ်ဝဝမုတ်ဆိတ်နှင့်လူတစ်ယောက် ခါးကုန်းကုန်းအဘွားကြီးတစ်ယောက်သာ ပါသည်။

လူအားလုံးမှာ ပုံစံတစ်မျိုးစီဖြစ်သဖြင့် အားလုံးကိုမှတ်မိလွယ်သည်။

အခြားပထမအုပ်စုနှင့် ဒုတိယအုပ်စုမှာ လူနာမည်တူများ ရောနှောနေသဖြင့် မှတ်မိရန် မလွယ်ပေ။

"အစ်ကို ဟိုမှာကြည့်စမ်း"

ချူယီက အစ်ကိုဖြစ်သူ ချူယန်အား လှမ်းပြောလိုက်လေ၏။

"ဘာလဲဟ"

"ဟိုမှာကြည့်စမ်းပါ"

သူမသည် တံခါးပေါက်အနီး သစ်ပင်တစ်ပင်ဆီသို့ လက်ညိုးညွှန်ပြလိုက်၏။ သစ်ပင်တွင် စာရွက်တစ်ရွက် ကပ်ထားသည်။

စာရွက်ပေါ်တွင် သူတို့မောင်နှမပုံကို အနီးကပ်ဆုံးတူအောင် ရေးဆွဲထားသည်။ အောက်တွင် မိစ္ဆာမောင်နှမကို အလိုရှိ

www.burmeseclassic.com



သည်ဟူ၍ ရေးထားသည်။

အရေးကြီးသည်မှာ ဆုငွေဖြစ်သည်။ ဆုငွေမှာ ငွေသားတစ်ထောင်တိတိ ဖြစ်သည်။ တစ်ထောင်ဆိုသည်မှာ နည်းသောငွေမဟုတ်။ သာမန်လူတစ်ယောက် သုံးနှစ်လောက်ထိုင်စားနိုင်သည်။

ထို့ကြောင့် တံခါး၌အစောင့်ကျနေသော တပ်သားများသည် မြို့ဝင်မြို့ထွက်လူများကို သေချာစွာ စစ်ဆေးနေခြင်းဖြစ်သည်။ ချူယန်းတို့မောင်နှမရုပ်ဖျက်လာသည်ဟုဆိုစေကာမူ သေချာစွာစစ်ဆေးလျှင် ရုပ်ဖျက်လာကြောင်းသိနိုင်ပေသည်။

"ဘယ်လိုလုပ်မလဲ အစ်ကို"

"ဘယ်လိုမှမလုပ်နဲ့ အခုနေ လူအုပ်ထဲက အပြင်ထွက်သွားရင်လဲ မသင်္ကာဖြစ်ဦးမယ်၊ အဲဒီတော့ ဣန္ဒြေမပျက်လိုက်သွားမယ်၊ အခြေအနေကို မီးစဉ်ကြည့်ကရမယ်"

သူတို့နှစ်ယောက်သည် တရွေ့ရွေ့နှင့် လိုက်ပါသွားတော့၏။

ချူယန်းက ခပ်တိုးတိုးပြော၏။

"ညီမလေး အခြေအနေမဟန်ရင် ငါတို့တိုက်ခိုက်ထွက်ပြေးကြရမယ်၊ လက်နက်ပုန်းတွေကို အဆင်သင့်လုပ်ထား၊ ဒီကောင်တွေကို သိပ်ကြောက်စရာမလိုပါဘူး"

ချူယန်းက သတိပေးလိုက်သောအခါ ချူယီက အိတ်အတွင်းမှ လက်နက်ပုန်းများကိုဆုပ်ကိုင်ထားလိုက်သည်။

သူတို့ရုပ်ဖျက်ထားကြောင်း အစောင့်များသိသွားမည်ဆိုလျှင် သူတို့သည် တံခါးစောင့်များကိုတိုက်ခိုက်၍ထွက်ပြေးမည် ဖြစ်လေ၏။



ထိုစဉ် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာ၏။ တံခါး၌စစ်ဆေးသူများသည် မြင်းများပြေးလာရာသို့ မျက်လုံးများရောက်ရှိသွား၏။

"တပ်မှူးလာတယ်ဟေ့ ကြိုကြ"

တံခါးစောင့်များသည် တပ်မှူးကိုကြိုဆိုရန် အလုပ်များသွား၏။ ထိုအခိုက် ချူယန်းနှင့်ချူယီတို့သည် ဖျတ်ခနဲ ဖျတ်ခနဲအုပ်စုနှစ်စုကိုကျော်ဖြတ်၍ တံခါးအတွင်းသို့ဝင်လိုက်၏။

တံခါးစောင့်များသည် ထိုမောင်နှမနှစ်ယောက်ကို မမြင်ကြပါ။ တပ်မှူးကြိုရန်သာ အလုပ်ရှုပ်နေကြပါသည်။

မောင်နှမနှစ်ယောက်သည် တံခါးအတွင်းသို့ရောက်သွားသည်။ သူတို့သည် ပုတ်ကြီးလေးငါးလုံး၏အကွယ်၌ ပုန်းလိုက်ကာ တပ်မှူးနှင့်တံခါးစောင့်များကို ပြန်လည်အကဲခတ်နေကြ၏။

တပ်မှူးက အော်ဟစ်မေးသည်။

"ဘာထူးခြားသလဲဟေ့"

တံခါးစောင့်များက....

"ဘာမှမထူးခြားပါဘူး တပ်မှူး၊ ကျွန်တော်တို့အားလုံး သူတိုင်းကိုပိုက်စိပ်တိုက်ရှာနေကြပါတယ်၊ အခုအထိတော့ ဘာမှမထူးခြားသေးဘူး"

"အေး... ဆက်ရှာကြ၊ ဓားလုံလေးမြားတွေ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လှည်းတွေ မြင်းရထားတွေကို သေသေချာချာစစ်ဆေးကြ နော်၊ ဒီနေ့မြို့စားကြီးကွမ်ရှီနဲ့ မွေးနေ့ပွဲလဲ လုပ်မယ်"

ထိုစကားကိုကြားလိုက်ရသောအခါ ချူယီ၏မျက်နှာသည် ဝင်းပသွား၏။

"ကြားလားအစ်ကို၊ မြို့စားကွမ်ရှီနဲ့ မွေးနေ့ပွဲတဲ့"

"အဲဒါဘာဖြစ်သလဲ ညီမလေးရဲ့"

ချူယန်းက ပေါ့ပေါ့ဆဆပင် ပြန်ပြောလိုက်၏။

"အစ်ကိုကလဲ ဖေဖေ့အတွက် လက်စားချေဖို့ အကွက်ဝင် လာပြီဆိုတာ အစ်ကိုမသိဘူးလား"

"မဟုတ်သေးပါဘူး၊ ဖေဖေမဆုံးခင်က ပြောသွားတဲ့စကား ကို ညီမလေးမေ့သွားပြီလား"

"ဘာပြောခဲ့လို့လဲ"

"ခက်တယ်၊ ညီမလေး မေ့ချင်ယောင်ဆောင်နေပေမယ့် ငါ ပြန်ပြောရဦးမယ်၊ ဖေဖေက ရန်ကြွေးကိုကလဲ့စားမချေရဘူးလို့ ပြော သွားတယ်လေ"

"အို... ဒါတွေကို ညီမလေးမသိဘူး"

"မသိလို့မရဘူး ညီမလေး၊ အခု ငါတို့ဟာ မိစ္ဆာဂိုဏ်းဆိုပြီး အခိုင်အမာ သိုင်းဂိုဏ်းကြီးကိုထူထောင်နိုင်ခဲ့ပြီ၊ ဖေဖေ့အတွက် လက် စားချေရင် မြို့စားရဲ့တပ်တွေကို တိုက်ပြီးပဲ လက်စားချေသင့်တယ် မြို့စားကိုတော့ ဘာမှမလုပ်ဘူး၊ သူ့အကုသိုလ်နဲ့သူ သွားလိမ့်မယ်"

"အို... ညီမလေးတို့အောင်မြင်နေပြီ၊ ဒါကို အခြေခံပြီး သူ့



ကိုကလဲ့စားချေရမယ်"

"ခက်တယ် ညီမလေး၊ အစ်ကိုတို့မိစ္ဆာဂိုဏ်းဟာ လူတကာ သတ်ဖြတ်နေတဲ့ဂိုဏ်း မဟုတ်ဘူး၊ လက်စားချေတဲ့ဂိုဏ်းမဟုတ် ဘူး၊ မြို့စားကွမ်ရှီကိုသတ်ဖို့ဆိုတာတော့ အစ်ကိုသဘောမတူဘူး၊ သူ့ရဲ့တပ်သားတွေကို တိုက်ခိုက်ဖို့တော့ သဘောတူတယ်"

မောင်နှမနှစ်ယောက်သည် လုံးဝသဘောတူညီချက်မရဘဲ ငြင်းခုန်နေကြလေ၏။

မြို့စားကိုသတ်ဖြတ်ရန်ကိစ္စသည် ချူယီထင်သလောက် လွယ်မှန်း ချူယန်းက သိသည်။ ထို့ကြောင့် ချူယန်းက သဘောမတူ ခြင်းဖြစ်သည်။

မောင်နှမနှစ်ယောက်၏စိတ်ဓာတ်သည် အဖြူနှင့်အမည်း ကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း ပေါ်လွင်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

## မွေးနေ့လက်ဆောင်ဆေးဝါး

**မြို့စား၏မွေးနေ့ပွဲ....။**

မြို့စား၏မွေးနေ့ပွဲဆိုတော့ မည်မျှစည်ကားမည်ကို … စားတောင် မစဉ်းစားပုံချေ။

တစ်မြို့လုံးရှိ ဂုဏ်သရေရှိလူကြီးလူကောင်းအားလုံး ဖိတ် … ကြားခြင်းခံရသည်။

မြို့စားအတွက် လက်ဆောင်ပဏ္ဏာများကား ကျောက် … ပွဲကြီးသုံးလုံး အပြည့်ပင်။

ချူယီနှင့်ချူယန်းတို့ သဘောထားကွဲလွဲနေဆဲပင်ဖြစ်၏။ … ယီက သတ်မည်၊ လက်စားချေရမည်။

ချူယန်းက မသတ်ရ၊ လက်စားမချေရ၊ ဖခင်ကြီး၏ … ကိုနားထောင်ရမည်ဟု ပြောသည်။



တည်းခိုခန်းတစ်ခုတွင် ချူယန်းအစားအသောက်ထဲ အိပ် …ဆေးအထည့်ခံရပြီး အိပ်ပျော်သွားခဲ့သည်။ ထိုစဉ် ချူယီသည် မြို့ …ကြီး၏မွေးနေ့ပွဲဆီသို့ အရောက်လာလေတော့သည်။

**တိဗက်**သူကဲ့သို့ အဝတ်အစားဝတ်လာသူ ချူယီအား မည် …မျှ **အထူးသ**တိမထားမိချေ။ အဘယ်ကြောင့်ဆိုသော် ဤဇိမ်ချမ်းဒေ …သို့ တိဗက်သူများ အရောက်များသောကြောင့်ပေတည်း။

ဤတိဗက်သူမှာ မြို့စားကြီး၏အထူးဧည့်သည်ဟု အား …က ထင်မှတ်ထားကြလေ၏။

အစောင့်များကလည်း မတားဆီးရဲပေ။ ဧည့်ကြိုအရာရှိ …ဦးက သူမကို ကြိုဆိုလာ၏။

တပ်မှူးက မေးမြန်းလိုက်သည်။

"အဘယ်က ဧည့်သည်များလဲ"

ချူယီက ပြုံးချိုစွာ ဖြေကြား၏။

"တိဗက်ပြည်ကပါ၊ **ကျွန်မ တရုတ်စကားမပြောတတ်**ပါ"

ချူယီပြောကြား**သည့်စကား**ကို တပ်မှူးက နားမလည်ပေ။ …အဘယ်ကြောင့်ဆိုသော် **ချူယီက တိဗက်**စကားဖြင့် ပြောကြားခြင်း …ကြောင့်ပေတည်း။

"ဟော"

တပ်မှူးမှာ တိဗက်စကားမပြောတတ်သဖြင့် ဒုက္ခရောက် …သွားသည်။ နောက်ဆုံးတွင် မြို့စားကြီး၏ဧည့်သည်ဟုယူဆ…

www.burmeseclassic.com



အဆောင်အတွင်းသို့ ခေါ်ဆောင်လာလေတော့သည်။

"ကြွပါ… အထဲကိုကြွပါ"

တပ်မှူးက လက်ဟန်ခြေဟန်ဖြင့်ပြကာ အဆောင်ထဲသို့

စေသည်။

ချူယီသည် ချိုသာသောအပြုံးကိုဆောင်ရင်း လက်ဆော

ပစ္စည်းများကိုပေးအပ်လိုက်၏။ ဧည့်ပရိသတ်များကား ပြည့်နေ

ပြီ။

တိဗက်ပြည်သူများ ဤဒေသသို့ရောက်သည်မှာ မဆန်း

သော်လည်း ကွမ်ရှိ၏မွေးနေ့ဧည့်ခံပွဲသို့တက်ရောက်လာသည့်

ဗက်သူကား အားလုံးဝိုင်းကြည့်စရာဖြစ်နေတော့သည်။

ထို့နောက် နေရာလွတ်တစ်ခုတွင် ဝင်ထိုင်ပြီး ကွမ်ရှိထွက်

လာကို စောင့်နေမိကြသည်။ ထိုသို့ စောင့်နေစဉ်မှာပင် ဖခင်ကြီး

ကွမ်ရှိသတ်ဖြတ်ခြင်းကို မြင်ယောင်နေခဲ့လေသည်။

သူမ၏ဒေါသများမှာ တရိပ်ရိပ် တက်နေသည်။

တပ်မှူးများသည် အစီအစဉ်မည့်ကြပါ။ အဆောင်အတ

သို့ မည်သူတစ်ဦးတစ်ယောက်မျှ လက်နက်ယူလာခွင့်မပြုကြပါ

သော် ချူယီ၌ လက်နက်တစ်ခုပါလာလေသည်။

သူမ၏ဝတ်ရုံအတွင်း၌ ယပ်တောင်တစ်ချောင်းပါလာ

အဆိပ်အပ်များထည့်ထားသော ယပ်တောင်တစ်ချောင်းကို ချ

သည် အဆောင်တွင်းသို့ အပါယူဆောင်လာနိုင်ခဲ့၏။

ချူယီသည် သူမ၏သိုင်းပညာကို တကယ်ယုံကြသည်



ကြောင့်လည်း ဤသားရဲတွင်း အတွင်းသို့ဝင်ရဲခြင်းဖြစ်သည်။

မကြာမီ တီးလုံးသံများ ကြားရပြီးနောက် မြို့စားကြီးကွမ်ရှိ

သည် မင်းလမ်းမ၌လျှောက်လာလေ၏။ ကွမ်ရှိကား ကော်ဇောနီခင်း

ားသော မင်းလမ်းတစ်လျှောက်လျှောက်လာခြင်း ဖြစ်သည်။

ချူယီသည် ကွမ်ရှိနှင့် မျက်နှာချင်း မဆိုင်မိစေရန် ခေါင်းကို

ားမိသည်။ သူမသည် ကွမ်ရှိ၏မျက်နှာကိုမြင်လိုက်သည်နှင့် ဒေါ

ထွက်ပြီး ထသတ်မိမည်စိုးသောကြောင့်ပေတည်း။

ကွမ်ရှိ၏ဘေးတွင် ကိုယ်ရံတော်များ ရှိနေသည်။ ကိုယ်ရံ

တ်များသည် မိစ္ဆာဂိုဏ်း၏သတင်းကိုကြားထားသဖြင့် အထူးဝါယ

ိုက်နေကြသည်။

ကွမ်ရှိသည် သူထိုင်ရန် မြင်ဆင်ထားသည့် ကျွန်းကုလား

ကြီးရှိရာသို့သွားနေခြင်း ဖြစ်၏။ ကျွန်းကုလားထိုင်ကြီးမှာ ခန့်

ားလှသည်။

ထို့နောက် ကွမ်ရှိသည် ကျွန်းကုလားထိုင်ကြီးပေါ် ထိုင်ချ

တ်လေ၏။

ထိုစဉ် သမားတော်ကြီးတစ်ဦးသည် ရှေးဦးစွာ ထရပ်လိုက်

ထိုသမားတော်ကို ချူယီက မသင်္ကာသည့်မျက်လုံးများဖြင့် လှမ်း

ည့်မိသည်။

သမားတော်လက်ထဲ၌ ပုလင်းကလေးတစ်လုံးရှိ၏။ ထိုပု

င်းကလေးထဲ၌ ရွှေရောင်သမ်းနေသောအရာများ ရှိနေသည်။

သမားတော်သည် ကွမ်ရှိရှေ့ အတော်လှမ်းသည့်နေရာမှ

www.burmeseclassic.com



ဂါရဝပြုဦးညွှတ်လိုက်သည်။

"မြို့စားကြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်၊ ကျွန်ုပ်ကိုယ်တိုင် ဖော်စပ်ထားတဲ့အဆိပ်ပြေအားတိုးဆေးကိုမွေးနေ့လက်ဆောင်ပေးအပ်ပါတယ်၊ ဒီဆေးဟာသာမန်ဆေးမဟုတ်ပါဘူး။ အင်မတန်ရှားပါးတဲ့ဆေးမြစ်ဆေးဥတွေရွှေမှုန်နဲ့ရောနှောဖော်စပ်ထားတာပါ၊ ဒီဆေးဟာ ဘယ်အဆိပ်ဒဏ်ပြယ်စေနိုင်ပါတယ်၊ သုံးဆောင်ကြည့်ပါ မြို့စားကြီး"

မြို့စားကြီးသည် သမားတော်ကြီးကိုကြည့်သည်။ သမားတော်ကြီးကို သူမြင်ဖူးခြင်းမရှိ။ သို့သော် မိမိအား လေးစား၍ မွေးနေ့ပွဲသို့တက်ရောက်လာသည့် သမားတော်ကြီးတစ်ဦးကို မယုံကြည်မသင့်ပေ။

သမားတော်ဆိုသည်မှာ အသက်ကယ်သူပင် မဟုတ်လား။

"ဟဲ... ဟဲ... ဟဲ သိပ်ကောင်းတာပေါ့ သမားတော်ကြီးရယ်၊ ဟဲ... ဟဲ... ဟဲ ခင်ဗျားဟာ **ဆေးပညာမှာအမြင့်ဆုံးတတ်ကျွမ်း**ခဲ့တဲ့ သမားတော်ကြီးဖြစ်ကြောင်းထင်**ရှားအောင် ကျုပ် ဒီဆေး**သောက်ပြပါ့မယ်"

"ကျေးဇူးပါပဲ မြို့စားမင်း"

ချူယီသည် လွန်စွာ စိုးရိမ်သွား၏။ သူ့ဆေးသာ တကယ်စွမ်းလျှင် မိမိ၏ယပ်တောင်ထဲမှ အဆိပ်အပ်၏အဆိပ်များ အချည်းနှီး ဖြစ်ရပေလိမ့်မည်။



သို့သော် သူမ၏အစီအစဉ်ကိုတော့ မဖျက်နိုင်ပေ။ အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ရပေလိမ့်မည်။

ကွမ်ရှီသည် သူမရှိနေသောနေရာနှင့် အနည်းငယ် အလှမ်းဝေးသော်လည်း အတွင်းအားစိုက်ထုတ်၍ ယပ်တောင်တစ်ချက် ခတ်လိုက်ရုံနှင့် အဆိပ်အပ်ကလေးများက မြို့စားကြီး၏ခန္ဓာကိုယ်ကိုဖောက်ထွင်းဝင်ရောက်သွားနိုင်သည်။

မြို့စားသည် ဆေးများကိုနမ်းကြည့်၏။ ရနံ့သင်းသင်းကလေး ဖြစ်သည်။ ရွှေရောင်အမှုန့်ကလေးများသည် ပုလင်းထဲ၌ လှုပ်ရှား၏။

သူသည် ဆေးမှုန့်များကို လက်ဝါးထဲထည့်ရန် ဟန်ပြင်လိုက်၏။

"မြို့စားကြီး... ဒီဆေးကိုလုံးဝမသောက်ပါနဲ့"

ကျော**ကစားပွဲ**ဘေးတွင် ထိုင်နေသော သမားတော်တစ်ဦး ထရပ်၍ **တားမြစ်လိုက်**၏။ ထိုသမားတော်သည် မြို့စားကြီးအား **အမြဲတစေကုသပေးနိုင်း**နေသည့် သမားတော်ဖြစ်သည်။

**မြို့စား**သည် တားမြစ်လိုက်သည့် သမားတော်အား တမင်ပြန် ကြည့်လိုက်၏။

"ဘာကြောင့် မသောက်ရမှာလဲဗျ"

"အဲဒီဆေးက သေဆေးဖြစ်နိုင်လို့ပါ၊ ဒီဆေးရောင်ကို ကျုပ်တစ်ခါမှ မမြင်ဖူးပါဘူး"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စား၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

သွေးဆုတ်သွားခြင်းဖြစ်သည်။ သူသည် မည်သူမှန်းမသိ သူ သမားတော်ကို သံသယရှိသွားလေပြီ။



(၁၅)

အတိတ်က အကြောင်း

ပထမသမားတော်မှာ ဒုက္ခဖြစ်သွားလေပြီ။

မြို့စားသည် သူ၏ကိုယ်ရံတော်များကို အော်ခေါ်လိုက်သည်။

"ဟေ့... လာကြစမ်း"

ပထမသမားတော်သည် သူ၏ဝတ်ရုံကိုချွတ်ချလိုက်၏။ ထိုအခါ မိစ္ဆာဂိုဏ်း၏ဝတ်ရုံကြီး ပေါ်ထွက်လာလေတော့သည်။

"ဟင်... အစ်ကို"

ပထမ သမားတော်ဟန်ဆောင်လာသူမှာ သူကိုယ်တိုင်အိပ်မွေ့ချခဲ့သော အိပ်ဆေးကျွေးခဲ့သော အစ်ကိုချူယန်းဖြစ်ပေတည်း။

ချူယန်းသည် သူ့ညီမလေးအတွက် စိုးရိမ်ပြီး သူ့ညီမက မည့်ဇာတ်ကွက်ကို သူကိုယ်တိုင်ဝင်ကခြင်း ဖြစ်ပေသတည်း။

"ကျား"

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်… ဝှစ်… ဝှစ်"

ချူယန်းကား တိုက်ခိုက်နေလေပြီ။

ချူယီကလည်း အလွတ်မပေးပေ။ သူမ၏ ယပ်တောင်ကို ထုတ်၍ မြို့စားကိုပစ်ခတ်လိုက်၏။ အဆိပ်အပ်များသည် မြို့စား၏ ခန္ဓာကိုယ်ကို သွားစိုက်သည်။

မြို့စားသည်လည်းကောင်း၊ ကိုယ်ရံတော်နှစ်ယောက်သည် လည်းကောင်း တုံးခနဲလဲကျသွားလေ၏။ အဆောင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ချူယီသည် လက်ထဲမှ ယမ်းထုပ်များကိုအရပ်ရှစ်မျက်နှာသို့ ပစ်ဖောက်လိုက်၏။

"ဖောင်း… ဖောင်း… ဖောင်း"

ချူယန်းနှင့် ချူယီတို့သည် ရှေ့တွင် ပိတ်ဆို့တားဆီးထားသည့် အရာမှန်သမျှကိုခုတ်ထစ်ပစ်ကြသည်။ ယမ်းထုတ်များမှာ မီးခိုးများ အူထွက်လာပြီး ရန်သူ၊သူ ငါ ဟူ၍ မခွဲခြားနိုင်တော့ချေ။

မြို့စားကြီး၏တပ်သားများမှာလည်း မတိုက်ခိုက်ရဲတော့ချေ။ ရန်သူ၊သူငါ မခွဲခြားနိုင်တော့သဖြင့် အချို့ ရှောင်တိမ်းကြသည်။ **အရဲစွန့်၍** တိုက်ခိုက်သူများလည်း ဇိဝိန်ချုပ်ကြွေသွားသည်။

**မီးခိုး**ငွေ့များ ပျက်ပြယ်သွားသောအခါ ချူယန်းနှင့် ချူယီတို့ **မောင်နှမနှစ်**ယောက်တို့ မရှိကြတော့ချေ။ ပျောက်ကွယ်သွားကြလေပြီ။

တပ်မှူးသည် အော်ဟစ်အမိန့်ပေးနေ၏။



"တပ်သားတွေ အတင့်ရဲတဲ့ **မိန္တာမောင်**နှမကို ရှာစမ်း"

"ဗိုက်စိပ်တိုက်ရှာကြ"

တစ်ခန်းလုံး သေသူသေ၊ ကျသူ**ကျ**ဖြင့် အလောင်းချင်း တပ်ကုန်သည်။

မြို့စားကွမ်ရှိမှာ အဆိပ်အပ်များထိပြီး သေဆုံးသွားလေပြီ။ ကိုဆေးချုပ်ချူရှန်းအား သတ်ဖြတ်ခဲ့သည့်ဝဋ်သည် ပြန်လည်သွားလေပြီ။

မွေးနေ့မင်္ဂလာပွဲသည် အသုဘဖြစ်သွား၏။ အမင်္ဂလာပွဲ ဖြစ်သွားသည်။ အချို့တပ်သားများက အလောင်းများကို ရှင်းလင်းနေသည်။

တပ်မှူးသည် တပ်သားတစ်စုနှင့်မိန္တာမောင်နှမကိုလိုက်လံ ရှာဖွေကြ၏။

တပ်သားတစ်ယောက်က တပ်မှူးကိုအစီရင်ခံသည်။

"လုံးမတွေ့ပါဘူး တပ်မှူး"

"တောက်… သူတို့ဘယ်နည်းနဲ့မှ ဝေးဝေးမပြေးနိုင်သေးဘူး။ မြို့ပြင်ထွက်ပေါက်ဆီ အမြန်ဆုံးလိုက်ကြ၊ ထွက်သမျှ လူမှန်သမျှစစ်ဆေး"

တပ်မှူးသည် သူ့တပ်သားများကို အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားနး... ကျွတ်... ကျွတ်"

ချူယန်းမှာ ပေါင်တွင် ဓားချက်တစ်ချက်ထိသွားသဖြင့် ချူယီက တွဲခေါ်လာရသည်။

"အားတင်းစမ်းပါ အစ်ကို၊ မြို့ပြင်ရောက်တော့မှာပါ"

ချူယန်း၏ပေါင်မှ သွေးစက်များကျနေသည်။ သွေးစက်ကို ကြည့်ပါက သူတို့ထွက်ပြေးရာလမ်းကို သိနိုင်သည်။

ချူယီသည် အစ်ကို၏ဒဏ်ရာကိုကြည့်၍ စိတ်မကောင်းဖြစ်မိ၏။

"ညီမလေးကြောင့် အစ်ကိုအခုလိုဖြစ်ရတာ၊ ညီမလေးသာ မွေးနေ့ပွဲမှာ မြို့စားကိုမလုပ်ကြံရင် အစ်ကိုဒီလိုဖြစ်မှာ မဟုတ်ဘူး"

"ပြီးတာတွေ ပြန်မပြောစမ်းပါနဲ့ ညီမလေးရာ၊ ကိုယ့်အသက်ကိုသာလုံခြုံအောင် စောင့်ရှောက်၊ ကိုယ့်အသက်သာ အရေးအကြီးဆုံး၊ ရန်သူတွေ မကြာခင် လိုက်လာမယ်ဆိုတာတော့ သံသယဖြစ်စရာမလိုဘူး၊ သူတို့ရန်က လွတ်ဖို့အရေးကြီးတယ်၊ အစ်ကို့အတွက် ညီမလေး ဘာမှပူစရာမလိုဘူး၊ လွတ်အောင်သာပြေး"

"ဩော်... အစ်ကိုချူယန်းကား သူ့အသက်ထက်ညီမအသက်ကို ပိုတန်ဖိုးထားသူဖြစ်နေပါလား။ သွေးကြွေးသံသရာကား မဆုံးနိုင်ပါတကား။

ဤသို့ဖြင့် သူတို့သည် မြို့ပြင်သို့ထွက်နိုင်ရန် နီးကပ်လာသည်။

"ဝိုင်းထား"

သစ်ပင်များကြားမှ မြို့စား၏တပ်သားများသည် ဘွားခနဲထွက်ပေါ်လာလေ၏။ ရန်သူများ တရကြမ်းဝင်ရောက်ထိုးနှက်ကြလေတော့၏။ သည်မောင်နှမသည် သူတို့၏မြို့စားကို သတ်သွားသူမဟုတ်ပါလား။

ချူယီသည် အပြင်းအထန်ခုခံရတော့သည်။ သူမ၏ဓားချက်များက သွက်လက်မြန်ဆန်လှသည်။ ရန်သူများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်သည်။

ချူယန်းကလည်း ပေါင်မှဒဏ်ရာကြီးဖြင့် ခုခံသည်။ ရန်သူများကို ဇိဝိန်ခြွေပစ်သည်။

ချူယီသည် မြင်းစီးစစ်သည်တစ်ဦးထံမှ မြင်းတစ်စီးကိုလုယူလိုက်သည်။ သို့မှသာ သူတို့မောင်နှမ ဤမြို့ထဲမှ ထွက်နိုင်မည်မဟုတ်ပါလော။

ထိုစဉ် ရန်သူတပ်သားများထဲ၌ ထူးထူးခြားခြား မြားကိုင်စစ်သည်တော်တစ်ဦးပါလာသည်။ ထိုသူသည် လေးမြားကိုတင်ပြီး ချူယန်း၏ကျောပြင်အား ချိန်လိုက်သည်။ ဤအချိန်တွင် ချူယီသည် မြင်းကိုလုနေခိုက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး"

"ဒုတ်"

"အား"

ချူယီသည် မြင်းကိုရပ်ပြီးဖြစ်သဖြင့် မြင်းပေါ်တက်ပြီး သူ့အစ်ကိုအား ဆွဲတင်သည်။

"ခွပ်ခွပ်… ခွပ်ခွပ်"

"ခွပ်ခွပ်… ခွပ်ခွပ်"

သူတို့သည် မြင်းကိုဒုန်းစိုင်းစီးနှင်းတော့၏။ မကြာမီ မြို့ပြင်သို့ရောက်လာသည်။

ချူယန်းသည် ချူယီနောက်မှတက်လိုက်လာခြင်း ဖြစ်၏။ ချူယန်း မြားထိကြောင်း ချူယီမသိပေ။

ချူယန်းကလည်း မပြောပေ။ ချူယန်းသည် မြို့ပြင်ရောက်သောအခါ ချူယီအား ဖက်ထားသောလက်များ ပြေလျော့ကျသွားလေ၏။

"ဝုန်း"

"ဟင်… အစ်ကို"

ချူယီသည် မြင်းကိုရပ်ဆိုင်းလိုက်ပြီး မြင်းပေါ်မှအပြေးကလေးဆင်းလာသည်။ သူမ၏အစ်ကိုအား ပြေးပွေ့သည်။ သူမအစ်ကို၏ကျောပြင်၌ မြားတစ်စင်းစိုက်ဝင်နေလေသည်တကား။

ချူယီသည် လွန်စွာ ထိတ်လန့်သွားလေ၏။

"အစ်ကို… အစ်ကို"



"အင်း"

ချူယန်းသည် အနည်းငယ်လှုးလွန့်လာလေ၏။

"ညီ… ညီ… မ… လေး"

"ပြော… ပြောပါ အစ်ကို"

ချူယန်းသည် စကားပြောရန် ကြိုးစားသော်လည်း မပြောနိုင်ချေ။ နောက်ဆုံး သူသည် ခါးကြားမှ ပဝါဖြူတစ်ထွေည်ကိုဆွဲထုတ်ပြီး ညီမဖြစ်သူအား လှမ်းပေးလေ၏။ ထို့နောက် ခေါင်းကျိုးကျသွားသည်။ ချူယန်း သေဆုံးသွားလေ၏။

"အစ်ကို"

ချူယီသည် အသံကုန်အော်ဟစ်လိုက်၏။ သူသွေးကြွေးဆပ်လိုမိသည့်အတွက် အစ်ကိုဖြစ်သူ ဖခင်နောက်သို့လိုက်သွားရပြန်လေပြီ။

"အစ်ကိုရယ် ညီမလေးမှားပါတယ်။ ဖေဖေ့စကားကို နားထောင်သင့်ပါတယ်"

သူမကား သူမ၏အစ်ကိုက ပဝါဖြူကလေးပေးခဲ့ခြင်းမှာ ထိုပဝါဖြူကလေးသည် မိစ္ဆာဂိုဏ်းတည်ထောင်စဉ်က ဤပဝါဖြူကို အထိမ်းအမှတ်ထားပြီး တည်ထောင်ခဲ့၍ ဖြစ်သည်။

ချူယီ ဆုံးဖြတ်ရခက်လေပြီ။ အဖေလည်း ဆုံးသွားပြီ။ အစ်ကိုလည်း ဆုံးသွားပြီ။ သူမတစ်ယောက်တည်း ကျန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက် အဘွားလဲ မိစ္ဆာဂိုဏ်းကိုဆက်လက်တည်ထောင်ဖို့ စိတ်ဓာတ်ကျသွားတယ်၊ ဒါကြောင့် မိစ္ဆာဂိုဏ်းကိုစွန့်ခွာလိုက်တယ်၊ ကြာဖြူကန်ကိုရောက်လာပြီး ဓာတ်မြှုပ်နေထိုင်ခဲ့တယ်၊ အဘွားဟာ ဒီကြာဖြူကန်မှာ ဖြစ်သလိုနေတဲ့အတွက် ရွာသားတွေက အဘွားကိုအရူးမကြီးဆိုပြီး ဆေးဖော်ကြောဖော် မလုပ်ကြဘူးကွယ်၊ သူတို့အဲဒီလိုဆက်ဆံလေ အဘွားက ကြိုက်လေပါကွယ်၊ ဒါမှ အဘွား အေးအေးချမ်းချမ်းနေမှာ မဟုတ်လား"

ဝမ်ဖေးသည် အဘွားချူယီပြောသည့်စကားများကို နားထောင်နေလေ၏။

သူ၏ဆရာကျန်ရှုက အဘွားကျန်ရစ်ခဲ့သည့် မိစ္ဆာဂိုဏ်းကို အဘွားတို့၏လမ်းစဉ်အတိုင်း ဆက်လက်တည်ထောင်ခဲ့၏။ လက်ဆင့်ကမ်း သယ်ယူခဲ့သည်။

ဝမ်ဖေးက....

"ဆရာကျန်ရှုက အဘွားတို့အစီအမံအတိုင်းဂိုဏ်းကိုတည်ထောင်ခဲ့တာပါ၊ ဒါပေမယ့် ဘာဖြစ်လို့မှန်းမသိဘူး၊ သူဟာ စည်းကမ်းတွေကိုလဲ တင်းကျပ်ခဲ့ပါတယ်၊ တစ်အချက် ကလဲ့စားချေခြင်းမပြုလုပ်ရ၊ နှစ်အချက် အများပြည်သူထံမှ ခိုးဆိုးလုယက်ခြင်းမပြုရ၊



"သုံးအချက် အောက်လမ်းသိုင်းသမားတို့၏ ဘေးရန်ကိုအာအကွယ်ပြုရမည်၊ လေးအချက် သိုင်းပညာအပေါ်မြတ်နိုးတန်ထားရမည်။

"ငါးအချက် သိုင်းလောကအတွက် အရေးအကြီးဆုံးအချိန်ရောက်လာလျှင် မိမိအသက်ကိုစွန့်လွှတ်ရဲရမည်ဆိုတဲ့အချက်တွေကိုတည်အလေးထားခဲ့ပါတယ် အဘွား"

အဘွားချူယီသည် အဝေးသို့ငေးမျှော်ကြည့်လိုက်လေ၏။ ဟောင်းများသည် အသစ်ဖြစ်လာသကဲ့သို့ ခံစားနေရသည်။

ထို့နောက် အဘွားက ဖြည်းညင်းစွာပြော၏။

"ကျန်ရှုဟာ သိပ်ပြီးရိုးသားသူတစ်ယောက်ကွယ့်၊ သူ့ကိုသလိုအရောင်ဆိုးဆိုး ဆိုးလို့မရပါဘူး။ သူက အဘွားရဲ့အစ်ကိုသန်းသုံးတဲ့ရည်ရွယ်ချက် ဦးတည်ချက်တွေကိုပဲ ဆက်သုံးထားတာ"

"အဘွားက တမင်သူ့ကိုပဲ ဂိုဏ်းကိုလွှဲပေးခဲ့တာ၊ အဘွားသည့်ကျန်ရှုက ဂိုဏ်းကိုတိုးတက်အောင် မလုပ်နိုင်ဘူးဆိုတာတော့ မဟုတ်ပါဘူး၊ အခြေအနေအချိန်အခါကလဲ မကောင်းပဲကိုးကွယ့်"

အဘွားချူယီသည် အခြေအနေကို မှန်ကန်စွာသုံးသပ်နိုင်သူဖြစ်သည်။ အဘွားက ဆက်ပြောသည်။

"စာထဲကအတိုင်းဆိုရင် ကျောက်စိမ်းနဂါးဂိုဏ်းက သိုင်းလောကမှာ တော်တော်ခြေလှမ်းကျဲနေတာပဲ၊ သူက သူတို့ထွင်ထား

www.burmeseclassic.com



တဲ့ယန္တရားဖားနဲ့ခြိမ်းခြောက်အနိုင်ယူမယ့်သဘော ဖြစ်နေတယ

"ဒါပေမယ့် အဲဒီဂိုဏ်းကိုမှုစရာမလိုပါဘူးကွယ်၊ လောက

လူပေါ်လာပြီးမှ ယန္တရားဆိုတာပေါ်လာတာပါ။ လူက တီထွင်

ပါ၊ လူကဖျက်ရင် ပျက်တာပါပဲ၊ သူ့ရဲ့အန္တရာယ်ကိုမှုစရာမလိုပါ

အဘွားချူယီသည် သူ့အသက်အရွယ်အတွေ့အကြုံ

စဉ်းစားတွေးတော၍ ပြောလိုက်သည်။ မည်သို့ပင်ဖြစ်စေ ဝမ်

ကတော့ အားတက်သည်သာဖြစ်ပါသည်။

အဘွားက....

"ကဲ... မိစ္ဆာဂိုဏ်းအကြောင်း မင်းလဲ သိသင့်သလောက်

သွားလောက်ပြီ၊ အိပ်ချင်ရင် အိပ်ပေတော့"

ဝမ်ဖေးက ဂါရဝပြုရင်း....

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော် အိပ်ပါတော့မယ်"

သူသည် တစ်စုံတစ်ခုကိုသတိရပြီး....

"အဘွား... မနက်ဖြန် ကျွန်တော်ကို့ခရီးထွက်ကြမှာ

အဘွား"

"အင်း... ခရီးထွက်လို့ကောင်းမကောင်း ရက်တွက်ကြ

ရဦးမယ်၊ ထွက်ကောင်းရင်တော့ ထွက်ကြတာပေါ့"

အဘွားချူယီသည် ထိုမျှသာပြောပြီး သူ့ကိုသွားအိပ်

လက်ပြလိုက်လေ၏။



(၁၆)

သုံးယောက်ပေါင်း ယော်င်းတျော်

ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချန်း၊ ရှောင်လင်ကိုယ်

တော်ဟုန်ကျင်းနှင့် ရွှေဓားသခင် စီလင်ရှူတို့သုံးဦးဆုံမိကြသည်။

သူတို့သည် ခွန်ချန်းက ကျောက်စိမ်းနဂါးဂိုးသားတို့ကို ချေ

မှုန်းလိုက်ပုံကိုပြောပြလိုက်သဖြင့် သိရှိပြီး ဖြစ်သည်။

"ဒီကောင်တွေက ဆင်ကြံကြံတတ်တဲ့ကောင်တွေဗျ၊ ဒကာ

ကြီးက ဒီကောင်တွေရဲ့အကြံကိုကြိုသိနေတယ်ဆိုတော့ တော်တာ

ပေါ့ဗျာ"

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက အားပါးတရပြောလိုက်

လေ၏။

"ကိုယ်တော်ကလဲဗျာ၊ ဒီကောင်တွေရဲ့အကြံအစည်ကိုကြို

သိအောင် ကျုပ်ကလုပ်ထားတော့ ကြိုသိနေတာပေါ့၊ ပြီးတော့

ကျုပ်က ကျုပ်နည်းကျုပ်ဟန်နဲ့ တိုက်ထုတ်လိုက်တော့ ခွေးပြေးပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့ဗျာ"

"ဒကာကြီးကတော့ အကြံဉာဏ်တော့ ထိပ်တန်း

ပါပဲ၊ ဒါပေမယ့် ဒကာကြီးအိုးမဲ့အိမ်မဲ့ဖြစ်သွားတာတော့ ဆိုးတယ်

ဗျာ"

"ဟား... ဟား... ဟား ကိုယ်တော်ကလဲ စိုးရိမ်စရာ

စိုးရိမ်နေပြန်ပါပြီ၊ ကျုပ်က ခြေသလုံးအိမ်တိုင် သိုင်းသမားပါဗျာ

ဘယ်နေရာမှာ အိပ်အိပ် ဘယ်နေရာမှာစားစား အိပ်လို့စားလို့ရ

တယ်"

ခြေသလုံးအိမ်တိုင် သိုင်းသမားခွန်ချွန်းက ပြောပြီးရယ်နေ

နေသည်။ မှန်သည်။ ခြေသလုံးအိမ်တိုင်သိုင်းသမားတွင် စားရန် အိပ်

ရန် ပူစရာမရှိချေ။

မြေကြီးသည် သူတို့၏အိမ်၊ ကောင်းကင်သည် အမိုးအကာ

သာ ဖြစ်သည်။

ရွှေဓားသခင် စီလင်ရှုကတော့ ဘာစကားမျှ မပြောတော့

ချေ။ သူ့မြင်းကိုသာ ပြောင်လက်အောင် တိုက်နေသည်။

သို့သော် ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချွန်းတိုက်ခိုက်

လိုက်ပုံကိုတော့ သူ သဘောကျသည်။ တစ်ယောက်နှင့်အများ ထွက်

ပြေးသွားအောင် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

စီလင်ရှုက....

"ကျုပ်တို့နဲ့တွဲရင် ခင်ဗျား အရက်သိပ်မသောက်မှဖြစ်မယ်"

"ဟ... မင်းစကားပြောတာ ကြည့်ပြောပါ၊ တစ်မြို့လုံး တစ်



ယ်လုံး အရက်သောက်နေကြတာ မင်းမမြင်ဘူးလား၊ ငါ့ကျမှ အ

က်မသောက်ရဘူးလို့ မင်းပြောတာ ဘယ်သူလွန်သလဲ"

မှန်ပေသည်။ တစ်မြို့လုံး တစ်နယ်လုံး တစ်ပြည်လုံး

သောက်နေကြသည်။ အချို့အိမ်ရှင်များက အရက်ဖြင့်ပင် ဧည့်ခံကြ

သေးသည်။

အရက်သောက်ခြင်းမှာ လူတိုင်းလိုလိုဖြစ်နေသဖြင့် ထမင်း

း ရေသောက်ဖြစ်နေကြပြီ။ အပြစ်တခုဟု မမြင်ကြတော့ပေ။

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက တစ်ယောက်နှင့်တစ်

သောက်ရန်ဖြစ်မည်စိုးသဖြင့် ကြားဝင်ကာ တားလိုက်လေသည်။

"တော်ကြပါဗျာ၊ စီလင်ရှုကလဲ တော်ပါ၊ ခွန်ချွန်းကလဲ

တော်ပါ၊ ရှေ့ဆက်ရမယ့်လုပ်ငန်းစဉ်ကိုပဲ စဉ်းစားကြစမ်းပါ"

စီလင်ရှုသည် ဘာစကားမျှ မပြောတော့ချေ။

ခွန်ချွန်းသည် အရက်သောက်သည့်အပြစ်ကလေးတစ်ခုသာ

သည်။ ကျန်သည့် အရာအားလုံးကောင်းနေသည်။

ဤသည်ကို စီ လင်ရှုသိပါသည်။ ထို့ကြောင့်လည်း သူငြိမ်

လိုက်ခြင်း ဖြစ်ပါသည်။

ဟုန်ကျင်းက....

"စီလင်ရှု ခင်ဗျားမြို့စားသမီးနဲ့သွားဆက်သွယ်တာ ရခဲ့သ

လား"

"ဘာမှမထူးခြားသေးပါဘူး ကိုယ်တော်"

"အဆက်အသွယ်ရဖို့တော့ လိုတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်လဲ သဘောပေါက်ပါတယ်"

"သူနဲ့အဆက်အသွယ်ရရင် ကျုပ်တို့ ဘယ်လိုလှုပ်ရှားမယ် ဆိုတာ စီစဉ်နိုင်တာပေါ့"

"တင်ပါ့... အဆက်အသွယ် အမြန်ဆုံးရအောင် တပည့် တော်စီစဉ်ပါ့မယ်"

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ ငြိမ်နေမှာတော့ မဟုတ်ပါ ဘူး"

"ဘယ်ငြိမ်မလဲ... ဒီကောင်တွေဟာ ကျိတ်ပြီး ကြံနေကြ တာဗျ"

"သူတို့ဟာ ယန္တရားဖားနဲ့တခြားဂိုဏ်းတွေကို တိုက်ဖျက်ဖို့ စဉ်းစားနေရတာနဲ့ လက်ထပ်ဖို့ကိစ္စကိုမစဉ်းစားနိုင်တော့ဘူးနဲ့ တူ တယ်"

ထိုအခါ ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချွန်းက မေးလေ ၏။

"ဗျာ... ဘယ်လိုယန္တရားဖားက ပြီးသွားပြီလား။ ကျုပ် သတင်းကို ဘာဖြစ်လို့မကြားမိပါလိမ့်"

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက ခေါင်းညိတ်လိုက်လေ သည်။

"ဒီသတင်းကို ကျောက်စိမ်းနဂါးဂိုဏ်းက ရတာမဟုတ် ဘူး"

"ဒါဖြင့် ဘယ်ကရတာလဲ"



"ရှောင်လင်ကျောင်းတော်က ရှောင်လင်ကျောင်းတော်ဟာ သာက်တော်တွေ အများကြီးစေလွှတ်ထားတယ်၊ သူ့တာဝန်နဲ့ ပေါ့၊ ကျောက်စိမ်းပလ္လေ့ရှင် ဖန်ကောက်တင်ဟာ အန္တရာယ်ကောင် ရားဖားကို စမ်းသပ်မွေးထုတ်လိုက်ပြီလို့ သတင်းပို့ပါတယ်။

"ကျောက်စိမ်းပလ္လေ့ရှင် ဖန်ကောက်တင်ကတော့ စိတ်ကျေ နေမှာပဲ၊ အဲဒါလဲ ကောင်းတာပါပဲလေ၊ သူဘာဝမြင့်နေရင် ကျုပ်တို့ ရကိုင်ရ လွယ်တာပေါ့၊ အရေးအကြီးဆုံးကတော့ သူ့လက်ထဲ က်နေတဲ့ ကျမ်းကိုရှောင်လင်ကျောင်းတော်ကို ပြန်ယူသွားနိုင်ဖို့

စီလင်ရှူက....

"အဲဒီကျမ်းဟာ ကျောက်စိမ်းပလ္လေ့ရှင် ဖန်ကောက်တင်ရဲ့ ထဲမှာပဲ ရှိမှာပေါ့၊ သူ ဘယ်မှာများ သိမ်းထားနိုင်သေးသလဲ"

ဟုန်ကျင်းက....

"ဒါကတော့ ဘုရားမှသိမှာပဲ၊ ကျုပ်ကတော့ ဖန်ကောက် ကို အလျှင်ဆုံးဖမ်းရမှာပဲ၊ ဖမ်းမိမှ ကျမ်းဘယ်မှာရှိတယ်ဆိုတာ သိနိုင်မှာပဲ၊ အရေးအကြီးဆုံးကတော့ ဖန်ကောက်တင်ကိုဖမ်းမိဖို့

"သူ့ကို ကြက်ကလေး ငှက်ကလေးဖမ်းနိုင်ဖို့ကတော့ မ လှဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူကလဲ ထိပ်တန်းသိုင်းပညာရှင် နေတာကိုး"

စီလင်ရှူက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖန်ကောက်တင်ကလဲ လူပါးပဲ၊ သူဟာ ဘယ်နေရာမှ
တည်တကျမနေဘူး၊ သူ့ယန္တရားဖားကြီးကို ဘယ်နေရာမှာလုပ်
တာလဲဆိုတာ သတင်းမရဘူး၊ သူဟာ တကယ့်ထိပ်သီးဖြစ်နေ
အမှန်အတိုင်းဆိုရင် အဲဒီလိုတောင်နေဖို့ မလိုပါဘူး"

"ဒါပေမယ့် သူ့လုံခြုံရေးအတွက် သူဟာ အမြဲတမ်းပဲ
ဒီလိုနေတယ်၊ အဲဒီတော့ ကျုပ်တို့အတွက် အခက်အခဲရှိသွားတာ
သူ့နေရာကို စုံစမ်းနိုင်ဖို့မလွယ်တော့ဘူး"

စီလင်ရှူက ဆက်သည်။

"တကယ်တော့ တပည့်တော်က သူတို့ကို တိုက်ဖို့မစဉ်း
မိဘူး၊ မြို့စားရဲ့သမီးလေး အကျဉ်းအကျပ်ကျနေလို့ ကယ်တင်
စိတ်ကူးခဲ့တာပါ၊ အခုမှ ကိုယ်တော်နဲ့ ခွန်ချုန်းတို့နဲ့ပေါင်းမိ
ကျောက်စိမ်းနဂါးဂိုဏ်းကိုတိုက်ဖျက်ဖို့ ဖြစ်လာတာပါ"

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက....

"အဲဒါ ဝမ်းသာစရာပါဗျာ၊ ကျုပ်တို့သုံးယောက် စိတ်
ကိုယ်တူတိုက်ဖျက်ရင် ဒီဂိုဏ်းဟာ မခံနိုင်ပါဘူးဗျာ"

ထိုအခါ ခွန်ချုန်းက....

"ဟား... ဟား... ဟား ကြိုက်ပြီ ကြိုက်ပြီ၊ ကျုပ်
ယောက်တည်းတောင် ဒီဂိုဏ်းကိုဖြိုနိုင်မယ်လို့ ထင်နေတာဗျ၊
ကိုယ်တော်နဲ့စီလင်ရှူနဲ့ပေါင်းပြီး ဒီဂိုဏ်းကိုဖြိုရမှာဆိုတော့ ဒီဂိုဏ်း
ဖြိုရုံတင်မကဘူး မှုန့်မှုန့်ညက်ညက်တောင်ကြေသွားလိမ့်ဦးမယ်"

သူပြောသည်မှာ မှန်သည်။ ရှောင်လင်ကိုယ်တော်



ကျင်း၊ ခြေသလုံးအိမ်တိုင် သိုင်းသမားခွန်ချုန်းနှင့် ရွှေဓားသခင်စီ
လင်ရှူတို့သုံး ယောက်ပေါင်းမိမှတော့ တော်ရုံတန်ရုံဂိုဏ်းသည်ခံနိုင်
မည် မဟုတ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

## မျက်နှာတစ်ထောင်မိုတီ

မြို့စားဝမ်ပင်း၏စံတော်အိမ်တွင် အမှုထမ်းများ ပျာယာခတ်နေကြ၏။

သခင်မလေး ချင်ချင်သည် စိုးရိမ်သောကများနေသော မျက်ဝန်းများဖြင့် ကြည့်ရှုနေသည်။

ချင်ချင်က....

"ကြာလိုက်တာကွယ်... သမားတော်ကို ဘယ်အထိသွားခေါ်မှာလဲ"

"မြို့ဆင်ခြေဖုံးနားမှာပါ။ သွားတာ ကြာလှပါပြီ၊ မကြာခင်ရောက်လာတော့မှာပါ"

အထိန်းတော်ကြီးက အကျိုးအကြောင်းရှင်းပြလိုက်၏။ အဖြစ်မှာ ဤသို့တည်း။

ကျောက်စိမ်းပလွေ ဖန်ကောက်တင်သည် သူ၏ယန္တရား

BURMESE CLASSIC .com



ဖားပြပွဲသို့ မြို့စားဝမ်ပင်းအား ဖိတ်ကြားပြသခဲ့သည်။

ထိုပြပွဲ၌ ယန္တရားဖား၏အစွမ်းကိုတွေ့မြင်ပြီးကတည်းက မြို့စားမှာ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး စိတ္တဇရောဂါဝေဒနာကပ်ငြိခဲ့ခြင်းတည်း။

ထိုစဉ် အဝေးမှ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသောမြင်းရထားတစ်စင်းသည် မြို့စား၏စံအိမ်တော်အတွင်းသို့ ဝင်လာလေသည်။

မြင်းရထားသည် အိမ်ရှေ့၌ထိုးရပ်သွားပြီး အစောင့်သည် သမားတော်မိုတီကို စံတော်အိမ်ထဲသို့ခေါ်ယူလာလေ၏။

သမားတော်မိုတီသည် မြို့စား၏အခန်းထဲသို့ဝင်လာလေ၏။ မြို့စား၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လျက် ရှိနေသည်။ မျက်နှာကျက်ကို လက်ညှိုးထိုးပြီး အလန့်တကြားအော်လေ၏။

"ဖား... ဖား သံမဏိဖား"

သမားတော်သည် မြို့စားကယောင်ကတန်းအော်နေသည်ကို သိရှိ၏။

ချင်ချင်က သမားတော်အား သိအောင်ပြောပြနေ၏။

"ဖေဖေဟာ ကျောက်စိမ်းနဂါးဖန်ကောက်တင်ရဲ့ ဖိတ်ကြားမှုကိုခံရပြီးကတည်းက အခုလိုဖြစ်နေတော့တာပဲဘာ"

သမားတော်က ခေါင်းညိတ်၏။

"ကျုပ်သိပါပြီ... အဲဒီဖိတ်ကြားပွဲမှာ ဖန်ကောက်တင်ဟာ ကြောက်စရာ လန့်စရာတစ်ခုခုကို ပြသပါလိမ့်မယ်၊ မြို့စားဟာ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကိုစိတ်စွဲပြီး စိတ္တဇရောဂါလို ဝေဒနာရနေတာပါ၊ အဲဒီအကြောင်းကို ဖြေပေးလိုက်ရင် သူ့ဝေဒနာပျောက်သွားမှာပါ၊ ကိစ္စမရှိပါဘူး”

သမားတော် မိုတိက ရှင်းပြရင်း သူ့အိတ်ထဲမှ ဆေးပုလင်းများကို ထုတ်နေလိုက်၏။ ထို့နောက် ပုလင်းနှစ်ပုလင်းကိုယူလိုက်ပြီး အထဲမှဆေးလုံးများကို ထုတ်လိုက်သည်။

သူသည် အထဲမှဆေးလုံးနှစ်လုံးကိုယူပြီး မြို့စားကြီးအား တိုက်လိုက်၏။ အနည်းငယ်မျှ စောင့်ကြည့်သောအခါ မြို့စားကြီးသည် အိပ်ပျော်သွားလေ၏။

သမားတော်ကြီးသည် ချင်ချင်းအား ဆေးလုံးများထုတ်ပြီး ပေးလိုက်သည်။

“ဒီဆေးကို တစ်နေ့နှစ်ကြိမ်တိုက်”

သမားတော်ကြီးသည် သူ၏ဆေးပုလင်းများကိုသိမ်းဆည်းလိုက်ပြီး အခန်းအပြင်သို့ထွက်လေ၏။ ချင်ချင်ကလည်း လိုက်ထွက်လာသည်။

သမားတော်ကြီးက....

“သမီး... သမီးကို ဘဘ ပြောစရာရှိတယ်”

“ပြောပါ ဘဘ”

“သမီး ကျောက်စိမ်းနဂါးရုပ်ကို ဒီအတိုင်းကြည့်နေလို့မဖြစ်တော့ဘူးသမီး၊ တစ်မြို့လုံး တစ်ရွာလုံး ဒုက္ခရောက်ကြတော့မယ်၊ အခုလဲ အတော်ဒုက္ခရောက်နေပါပြီ”

“သမီးလဲသိပါတယ် ဘဘ၊ ဒါပေမယ့် ဖန်ကောက်တင်ကို



သမီးတို့မတုံ့ပြန်နိုင်သေးပါဘူး၊ သမီးတို့ အချိန်ကိုစောင့်နေတာပါ၊ အဲဒီယန္တရားဓားကို သမီးကိုယ်တိုင်ဖျက်ဆီးချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာ အဲဒီဓားကိုစိတ်စွဲနေတာ မဟုတ်လား”

ချင်ချင်က နာကြည်းစွာ ပြောဆိုလိုက်သည်။

သမားတော်ကြီးမိုတိသည် အထက်လမ်း သိုင်းသမားတစ်ယောက်ဖြစ်သည်။

သိုင်းပညာ၌မူ သိပ်ပေါက်ပေါက်မြောက်မြောက်မဖြစ်သေးပေ။ လေ့လာဆဲ လိုက်စားဆဲ သင်ကြားဆဲသာ ရှိသေးသည်။

ယခုကိစ္စမှာ တစ်မြို့လုံးနှင့်သက်ဆိုင်သောကိစ္စဖြစ်၍သာ သူပြောခြင်း ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ကိစ္စဖြစ်က သူပြောမည် မဟုတ်ချေ။

သမားတော်ကြီးက....

“ဘဘ ကြားထားတဲ့သတင်းတစ်ခုရှိတယ် သမီး၊ မဟုတ်ရင်တော့ စိတ်မဆိုးနဲ့နော်”

“ပြောပါ ဘဘ စိတ်မဆိုးပါဘူး”

“သမီးနဲ့ဖန်ကောက်တင်ရဲ့တပည့်တစ်ယောက် မင်္ဂလာဆောင်မယ်ဆို”

“ဟုတ်ပါတယ် ဘဘ၊ အဲဒါအတင်းအဓမ္မစီစဉ်တာပါ၊ ဒီလောက်ဆိုရင် ဘဘသိရောပေါ့၊ အခုဖြစ်နေတဲ့ကိစ္စက ဖန်ကောက်တင်ဟာ အရာရာကိုလွှမ်းမိုးချင်တဲ့ဆန္ဒဖြစ်ပေါ်နေလို့ ဒီမင်္ဂလာဆောင်ကိစ္စကလဲ ဖြစ်ရတာပါ”

www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဒီလိုကိုး"

"ဘဘ သဘောပေါက်တယ်မဟုတ်လား"

"သဘောပေါက်ပြီလား သမီးရယ်၊ ဒီကိစ္စကို သမီး တကယ်စိတ်မပါဘူးလား"

"ဒီကိစ္စကို သမီး လုံးဝဆန္ဒမရှိပါဘူးဘဘရယ်"

"သမီးသာ ဆန္ဒမရှိရင် ဒီကိစ္စဟာ မဖြစ်စေရပါဘူး"

"ဟင်... ဘဘ တကယ်ပြောတာလားဟင်၊ ဘဘမှာ နည်းလမ်းရှိနေလို့လားဟင်"

"ဘဘမှာ အကြံအစည်တွေရှိပါတယ်"

ချင်ချင်၏မျက်နှာမှာ ဝမ်းသာလွန်းသဖြင့် အရောင်တောက်နေသည်။

"ဘဘရယ် ဘဘအကြံအစည်ကိုပြောပြပါလားဟင် သမီးသိရတာပေါ့"

"အချိန်စောပါသေးတယ် သမီးရယ်၊ မသိချင်ပါနဲ့ဦး၊ သမီးကျောက်စိမ်းနဂါးဂိုဏ်းရဲ့လက်ထဲ ဘယ်တော့မှမကျရောက်စေရပါဘူး၊ ဘဘအကူအညီပေးမယ်ဆိုတာ ယုံပါ"

ချင်ချင်သည် သက်ပြင်းချလိုက်လေ၏။

"တကယ်နော် ဘဘ"

"တကယ်ပါကွယ်... ဒီကျောက်စိမ်းနဂါးဂိုဏ်းဟာ ကောင်းတဲ့ဂိုဏ်းမှမဟုတ်တာ၊ လူသတ်၊ ဓားပြတိုက်၊ မဟုတ်တာ အကုန်လုပ်တဲ့ဂိုဏ်းပဲ၊ ဒီလိုဂိုဏ်းမျိုးကို ဘဘက အားမပေးပါဘူး၊ တိုက်ခိုက်ဖြိုဖျက်ပစ်လိုက်ချင်တာပါ၊ ဒီဂိုဏ်းကို သမီးဆန္ဒမပါဘဲ ရောက်သွားမယ်ဆိုတော့ ဘယ်သူက လက်ခံနိုင်မှာလဲ၊ ဘဘကတော့ လက်မခံနိုင်ပါဘူးကွယ်"



သမားတော်ကြီး မိုတီကို ချင်ချင်သည် အတွေ့အမြင်နည်းပေသည်။ စင်စစ် သမားတော်ကြီးမှာ **သူတို့**၏အဘိုးလက်ထက်ကတည်းက ဆေးကုသလာသူဖြစ်၏။ ချင်ချင်ကို သံယောဇဉ်ရှိသည်။ ချင်ချင်ကတော့ ယခုမှသာ သမားတော်ကြီးမိုတီကို သိရှိခြင်းဖြစ်သည်။

"ကဲကဲ... ဘဘပြန်မယ်"

သမားတော်ကြီးက ပြောလိုက်သောအခါ ချင်ချင်က...

စင်စစ် သမားတော်သည် သိုင်းပညာ၌ ထိပ်တန်းအဆင့်အတန်းမဟုတ်ပေ။ သူ ထိပ်တန်းအဆင့်ရှိသည်မှာ ရုပ်ပြောင်းရုပ်လွှဲပညာဖြစ်၏။ သူ့ရုပ်ပြောင်းရုပ်လွှဲပညာတတ်မြောက်ကြောင်းကိုလည်း မည်သူမျှ မသိချေ။

မျက်နှာတစ်ထောင် မိုတီဆိုသည်ကိုမူ မြို့သားများ မသိဖြစ်နေခြင်းက မိုတီ၏အစွမ်းအစ ဤမြို့စားများ အသိအမှတ်ပြုနေရခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

## အပြန်အလှန်လတ်ဆောင်

ချင်ချင်သည် စီလင်ရှူနှင့် ချိန်းဆိုထားသည့်အတိုင်း တောင်ကုန်းတစ်ခုပေါ်သို့ရောက်ရှိနေလေ၏။ တောင်ကုန်းမှာ လွင်တီးခေါင်တောင်ကုန်း မဟုတ်ပါ။

တောပန်း တောင်ပန်း သစ်ပင် ပန်းမာလာတို့ဖြင့် ပြည့်နေသော တောင်ကုန်းဖြစ်သဖြင့် ပန်းရနံ့တို့ဖြင့် ကြိုင်လှိုင်နေသည့် တောင်ကုန်းဖြစ်ပါသည်။

ချင်ချင်သည် ရွှေဓားသခင် စီလင်ရှူအပေါ် တကယ်တမ်းချစ်နေမိသည်။ သို့သော် ရှုပ်ထွေးသောအခြေအနေများရှိနေသဖြင့် သူမ၏အချစ်ကိုလည်း တစိုးတစိမျှ မဖော်ပြခဲ့ပါချေ။

လေပြည်လေညင်းကလေး သွေးလိုက်သောအခါ ပန်းပေါင်းစုံရနံ့သည် ကြိုင်လှိုင်သင်းပျံ့သွားလေ၏။

ချင်ချင်သည် အမွှေးရနံ့ကိုရှူရှိုက်ရင်း သူမအဖြစ်ကို စိတ်မ

BURMESE CLASSIC .com



ကောက်မသာ တွေးလိုက်မိသည်။ ယခုကဲ့သို့သော အခြေအနေမရှုပ်ထွေးပါက စီလင်ရှူ၏အချစ်ကို လက်ခံမိလိုက်ပေမည်။

သူသည် သစ်ပင်ကြီးတစ်ပင်အောက်သို့ရောက်လာသည်။ သစ်ပင်ကြီးကား ပန်းပင်မဟုတ်ချေ။ သီးပင်ဖြစ်သည်။ ထို့သစ်ပင်ကြီးအောက်ရောက်မှ ပို၍အေးမြလာသလို ခံစားရသည်။

ငယ်စဉ်ကတည်းက စံတော်အိမ်၌သာ ကြီးပြင်းခဲ့ရရာ စံတော်အိမ်ဝန်းကျင်သာ အကောင်းဆုံးပတ်ဝန်းကျင်ဟု သူထင်ခဲ့သည်။

ယခုတော့ စံတော်အိမ်၏အဝ ဝန်းကျင်သည်လည်း အေးမြသည့်အရိပ်ဖြစ်နေကြောင်း သူမသိခဲ့ရလေပြီ။

ထိုစဉ် သစ်ပင်ပေါ်မှ ပန်းပွင့်တစ်ပွင့် ကြွေကျလာလေသည်။

"ဟယ်… ပန်းကလေးပါလား"

ချင်ချင်သည် ဝန်းပွင့်ကလေးကိုကောက်ယူ၍ မွှေးမိ၏။ သို့သော် သူမသည် ချက်ချင်း သတိရမိသည်။ ဤသစ်ပင်သည် ပန်းပင်မဟုတ်။ သီးပင်ဖြစ်သည်။

အဘယ်ကြောင့် ပန်းပွင့်ကလေးတစ်ပွင့် ကြွေကျလာပါသနည်း။

သူမ သစ်ပင်ပေါ်သို့ ထပ်မံမော့ကြည့်လိုက်စဉ် ပန်းပွင့်ကလေးတစ်ပွင့် ထပ်မံကြွေကျလာပြန်သည်။ ထိုပန်းပွင့်ကလေးသည် ယခုစောစောက ပန်းပွင့်နှင့်အမျိုးအစားမတူပြန်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လွန်စွာ အံ့ဩရလေ၏။ သူမသည် ပန်းပွင့်ကလေးနှစ်ပွင့်ကို မြတ်နိုးစွာ ရင်၌ကပ်ထားမိလေ၏။ ဤပန်းများသည် လေအဝှေ့၌အဝေးမှ လွင့်မျောလာကြသည့်ပန်းများပေလော။

ထိုစဉ် သစ်ပင်ပေါ်က တစ်စုံတစ်ခုပြုတ်ကျလာလေ၏... ချင်ချင် လန့်သွားသည်။

"အို... အမေ့"

"ဟား... ဟား... ဟား လန့်သွားသလား ချင်ချင်"

"ဟင်... အစ်ကိုပါလား"

"ဟုတ်တယ်"

"အစ်ကို မကောင်းဘူး၊ နဂိုကတည်းက တထိတ်ထိတ်... ရောက်လာရတဲ့အထဲ သူမို့လို နောက်ရက်တယ်"

ချင်ချင်က နှုတ်ခမ်းကလေးစူကာ ပြောလိုက်လေတော့သည်။

"အစ်ကိုခူးလာတဲ့ ပန်းကလေးတွေကိုလဲ ယူသေးတယ် အစ်ကိုကိုလဲ စိတ်ကောက်သေးတယ်ဆိုရင်တော့ မတရားပါဘူးညီး... ရယ်"

"ဟင်... ဒီပန်းတွေက အစ်ကိုခူးလာတဲ့ ပန်းတွေလားဟင်"

"အင်းလေ... အစ်ကိုခူးလာတာပေါ့"

"ဘာကို စဉ်းစားနေတာလဲ"

"ဩော်... ဒီသစ်ပင်ကြီးက သီးပင်ကြီးပါလို့၊ ဘယ်နှယ်ပန်း... ပွင့်ကလေးတွေ ကြွေကျပါလိမ့်လို့၊ နောက်ပြီး ပန်းပွင့်ကလေးနှစ်ပွင့်...



...လဲ မျိုးမတူဘူးလေ၊ ဒီပင်ကြီးက ဒီအပွင့်တွေ ပွင့်တာ ဖြစ်နိုင်ဘူး လို့ တွေးနေတာ"

"ဟား... ဟား... ဟား အခုမှ အဖြေပေါ်သွားတယ် ဟုတ်တလား"

"ဟုတ်တယ် အစ်ကို"

သူမသည် ပန်းပွင့်ကလေးနှစ်ပွင့်ကို ရင်ဝယ်ပွေ့လျက် ကြည်နူးမှုကို ခံစားနေရလေ၏။

သူတို့သည် တောင်ကုန်းပေါ်မှဆင်း၍ လျှောက်လာကြသည်။ စမ်းချောင်းကလေးဘေး၌ လမ်းလျှောက်ပြီးစမ်းချောင်းထဲသို့ သစ်ရွက်သစ်ခက်ကလေးများကို ပစ်ချနေကြသည်။

စီလင်းရှုကို ချင်ချင်က ပြောလိုက်၏။

"အစ်ကို ကျောက်စိမ်းနဂါးဂိုဏ်းရဲ့အခြေအနေကို ကြားပြီး...လား"

"ဘာများထူးလို့လဲ"

"ထူးတယ် အစ်ကို၊ သူတို့ယန္တရားဖားကိုတီထွင်ပြီးပြီတဲ့"

ချင်ချင်ပြောချင်သည်က ထိုစကားမဟုတ်ပေ။ ချစ်စကား ...ကြိုက်စကား နှလုံးသားစကားများသာ ဖြစ်၏။

သို့သော် သူတို့၏အခြေအနေမှာ နှလုံးသားကိုရှေ့တန်းတင် ...အခြေအနေမဟုတ်။ ထို့ကြောင့် ပစ္စုပ္ပန်အခြေအနေကိုသာ ပြော...လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

"သြော်... ဒါတော့ အစ်ကိုလဲ ကြားပြီးပါပြီ"

စီလင်ရှုက ဖြေကြားလိုက်၏။

ချင်ချင်က ဆက်ပြောသည်။

"ဖေဖေဟာ ဖန်ကောက်တင်ခေါ်ပြပြီးကတည်းက ယန္တရားဖားကြီးကို ကြောက်လန့်နေတယ်၊ စိတ္တဇရောဂါလဲရနေတယ် ညညဆိုရင် အိပ်ပျော်ရာက လန့်နိုးပြီး ဖားကြီး ဖားကြီးလို့ လန့်အော်တတ်တယ်၊ ဖေဖေလဲ ဒီစိတ်နဲ့စားမဝင် အိပ်မပျော်ဖြစ်နေတာပဲ"

စီလင်ရှု လန့်သွားသည်။

"ဟင် ဟုတ်လား၊ ချင်ချင်ဖေဖေကို ဆေးမကုသဘူးလား"

"ကုသတာပေါ့၊ သမားတော်ကြီး မိုတီနဲ့ကုနေတာ၊ နည်းနည်းတော့ သက်သာလာပါပြီ၊ ဒါပေမယ့် သွေးလန့်တာကတော့ မပျောက်နိုင်သေးဘူး၊ အဲဒါပဲ လန့်အော်နေတာပဲ၊ လူလဲ တော်တော် ပိန်ချုံးနေပြီ"

"သက်သာတယ်ဆို"

"ဟုတ်တယ်လေ၊ သမားတော်ကြီးရဲ့ဆေးက တော်တော်



ခွမ်းပါတယ်၊ အခုအစားပြန်စားနေပြီလေ၊ အရမ်းတော့ မဟုတ်ဘူးပေါ့"

စီလင်ရှုက ဟင်းခနဲသက်ပြင်းချလိုက်မိသည်။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ကား သိုင်းလောကကိုပက်ပက်စက်စက် ကြံစည်နေတော့သည်။ ရွံ့ရှာဖွယ်ကောင်းလှပါဘိ။

"ညီမ ဖေဖေအတွက် အစ်ကိုစိတ်မကောင်းပါဘူး၊ ဒီဂိုဏ်းဟာ တစ်မြို့လုံးကိုဒုက္ခပေး၊ ညီမဖေဖေကိုလဲ ဒုက္ခပေးနေတယ်၊ ကျောက်စိမ်းနဂါးဂိုဏ်းကို အစ်ကိုတို့နှိမ်နင်းပါ့မယ်၊ အခုအစီအစဉ်တွေ လုပ်နေတယ်၊ သတင်းထူးခြားရင် အစ်ကိုတို့သိပေးပါ"

"စိတ်ချပါ အစ်ကို၊ ဒီတစ်ခေါက် စံတော်အိမ်ကိုရောက်တာနဲ့ ကျောက်စိမ်းနဂါးဂိုဏ်းက သတင်းရဖို့ ညီမလဲစီစဉ်ပါ့မယ်"

ချင်ချင်က ဆက်ပြောလေသည်။

"ညီမ သိပါတယ်၊ အစ်ကိုတို့နဲ့က ဒီဂိုဏ်းနဲ့ဘာမျှအဆက်အစပ်မရှိပါဘူး၊ ညီမသာ အဆက်အစပ်ဖြစ်နေတာပါ၊ ညီမတို့က လုပ်တာလဲ မဟုတ်ပါဘူး၊ သူတို့က လာဆက်စပ်တာပါ၊ အစ်ကိုတို့ရဲ့စေတနာကိုသိရလို့ ညီမလေးတို့လဲ အစ်ကိုတို့ကိုလေးစားလို့ မဆုံးပါဘူး"

စီလင်ရှုသည် ချင်ချင်ကိုစူးစိုက်ကြည့်မိလေ၏။ သူ၏အကြည့်သည် စူးရှလှသောကြောင့် ချင်ချင်မှာ အနေခက်လှသည်။

"ညီမရယ် ညီမလေး ဖေဖေနေမကောင်းတာနဲ့ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လက်ထက်ထိမ်းမြားပွဲအတွက် အစ်ကိုလဲ ညီမလေးတို့နဲ့ ထပ်တူခံ
စားနေရပါတယ်ကွယ်"

"အို... အစ်ကိုရယ်"

"ညီမနားထောင်နေသလားဟင်"

"နားထောင်နေပါတယ် အစ်ကိုရယ်၊ အစ်ကို့စေတနာကို ညီ
မသိပါတယ်"

စီလင်ရှုသည် ချင်ချင်၏လက်ကလေးကို လှမ်းကိုင်လိုက်
၏။ ချင်ချင်တုန်သွားသည်။ သို့သော် မရုန်းပေ။

"ညီမကို အစ်ကိုချစ်တယ်ကွယ်"

"အို... အစ်ကို"

"ချင်ချင်နဲ့ အစ်ကိုပြန်ဆုံရင် အစ်ကို့ကို လက်ခံမှာလားဟင်"

"အင်း"

ချင်ချင်က ခေါင်းညိတ်လိုက်၏။

စီလင်ရှု အလွန်ပင် ဝမ်းမြောက်သွားသည်။

သူသည် အိတ်ထဲမှနှိုက်ထုတ်လိုက်၏။ ပုတီးတစ်ကုံးထွက်
လာသည်။ ချင်ချင်၏လက်ထဲသို့ ထည့်ပေးလိုက်သောအခါ ချင်ချင်
မှာ အံ့သြသွားလေ၏။

"အဲဒါ ဘာလဲ အစ်ကို"

"သစ္စာတိုင်ပုတီးလေ၊ အစ်ကို့ကို အမှတ်တရဖြစ်နေအောင်
ပေးတာပါ"

ချင်ချင်သည် ပုတီးလေးကိုကြည့်သည်။



ပုတီးလေးသည် ပေါ့ပါးချောမွတ်နေ၏။ ပုတီးလုံးကလေး
များပေါ်တွင် ရွှေစားသခင်စီလင်ရှုဟူသည့် စာလုံးလေးများပါသည်။

ချင်ချင်က....

"အစ်ကို့ကိုလဲ ညီမက အမှတ်တရလက်ဆောင်တစ်ခု ပြန်
ပေးပါ့မယ်"

ချင်ချင်သည် သူမရင်ဘတ်၌ထိုးထားသည့် ရွှေစားရင်ထိုး
ကလေးကို စီလင်ရှု၏ဝတ်ရုံပေါ်၌ အမှတ်တရထိုးပေးလေသည်။

စီလင်ရှုလည်း ထိုရင်ထိုးကလေးကိုကြည့်၍ ကြည်နူးနေမိ
လေသည်။

သူတို့နှစ်ဦးသည် ရင်ခုန်မြန်လာကြသည်။

"ပြန်ကြပါစို့နော်"

နှစ်ယောက်သားတောအုပ်ကလေးအတွင်းမှ ထွက်လာခဲ့
ကြသည်။

သာယာလှသောနေရာဒေသကလေးကို ကျောခိုင်းလာခဲ့
ကြပြီးနောက် သူတို့သည် ဆူဆူပူပူလောကကြီးနှင့်တွေ့ကြုံကြရ
တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

ကျားမုဆိုးတန်ချင်း

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်သည် ဒေါသူပုန်ထ
နေလေ၏။

ဒေါသူပုန်ထနေခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ သူ၏အ
ချစ်ဆုံး၊ ယုံကြည်ရဆုံး ကတ္တဝါကြီးသေဆုံးသွားသောကြောင့် ဖ
တည်း။

"တောက်... တစ်ယောက်မှအသုံးမကျဘူး၊ ကတ္တဝါကြီး
ကောင်သေသွားတာကိုတောင် ဘယ်သူမှမသိကြဘူးဆိုတော့ မင်း
တို့ပြောတဲ့စကားကို ဘယ်လိုယုံစားလို့ရမှာလဲ၊ ဒီကောင်ကြီးဟာ ငါ
ရဲ့သစ္စာအရှိဆုံးတပည့်ကွ"

ကတ္တဝါကြီးမှာ လျောင်းအိပ်နေ၍ထားသည်မဟုတ်ပေ။ လွတ်
လွတ်လပ်လပ်ထားခြင်း ဖြစ်သည်။

ထိုလွတ်လွတ်လပ်လပ်ထားသော ကတ္တဝါကြီးကို ပန်းသံ



တွင်အဆိပ်ထည့်ပြီး ကျွေးသတ်လိုက်ခြင်း ဖြစ်သည်။

ကျောက်ဖိန်၊ ချင်ဖုန်၊ ကျောင်ချူးနှင့်ပိတုန်းကေရီ ဇူစီလင်း
တို့သည် အားလုံးငြိမ်သက်တိတ်ဆိတ်နေကြလေ၏။

ဖန်ကောက်တင်သည် ဖားကြီးတီထွင်ပြီးကတည်းက ဂိုဏ်း
တွင်းရှိ သစ္စာဖောက်များကို တစ်ယောက်ပြီးတစ်ယောက်ဖော်ထုတ်
ပြီး သတ်ဖြတ်လာသည်။

ထိုစဉ် ဂိုဏ်းသားများထဲမှ မကျေနပ်သူတစ်ယောက်
ယောက်က ကတ္တဝါကြီးအား လုပ်ကြံသတ်ဖြတ်လိုက်ဟန် တူသည်။

ကတ္တဝါကြီးကလည်း ကတ္တဝါကြီးပင်။ သစ္စာဖောက်ဆိုသူ
များကို သူကဖော်ထုတ်ပေးသည်။ ထို့ကြောင့်လည်း လူမုန်းခံရခြင်း
ဖြစ်သည်။

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ တော်ရုံတန်ရုံဂိုဏ်းမဟုတ်ဘူး
ကွ၊ အင်မတန် စည်းကမ်းကြီးတဲ့ဂိုဏ်း၊ ဒီလောက်တင်းကျပ်တဲ့ စည်း
ကမ်းတွေကို ချိုးဖောက်ချင်ကြသေးတာ ငါတော့ အံ့သြတယ်ကွာ"

ကျောက်ဖိန်သည် အရဲစွန့်၍ ပြောလိုက်၏။

"ဆရာကြီး... ကတ္တဝါကြီးကို ဘယ်သူလုပ်ကြံမှန်း မသိဘဲ
အပြစ်တင်နေရင် ဂိုဏ်းသားတွေအားလုံး စိတ်ဝမ်းကွဲသွားမှာ စိုးရိမ်
ရပါတယ် ဆရာကြီး"

ထိုအခါကျမှ ကျန်လူများသည် ပါးစပ်ရဲလာကြသည်။

ပိတုန်းကေရီဇူစီလင်းက....

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ကတ္တဝါကြီး သေဆုံးမှုအ

www.burmeseclassic.com



တွက် ဂိုဏ်းသားတွေအားလုံး စိတ်မကောင်းဖြစ်ကြရပါတယ်၊ ဂိုဏ်းသားအများစုက ကဗ္ဗဝါကြီးနဲ့ရင်းနှီးနေကြတဲ့ ဂိုဏ်းသားတွေဟာ ကဗ္ဗဝါကြီးကို ချစ်ခင်ကြပါတယ်၊ ဒီထဲမှာ သစ္စာဖောက်တို့သွားရာလမ်းဟာ သေလမ်းပဲဆိုတာတော့ မကြာခင် သူတို့သိကြရမှာပါပဲ ဂိုဏ်းချုပ်ကြီးအနေနဲ့ ဘယ်သူဟာ သစ္စာဖောက်ဆိုပြီးဖော်ထုတ် ဖား စာကျွေးပစ်လိုက်ရင်လဲ ပြီးတာပါပဲရှင်”

ဇူစီလင်း၏ ထပ်ဆင့်ထောက်ခံချက်ကြောင့် ဖန်ကောက်တင်၏ဒေါသများသည် အနည်းငယ်ပြောလျော့သွား၏။

မှန်သည်။ ဇူစီလင်းပြောသည်မှာ မှန်သည်။ သစ္စာဖောက်ကို ကိုယ်တိုင်ဖော်ထုတ်ရပေလိမ့်မည်။

“အေး...ဟုတ်တယ်၊ သစ္စာဖောက်တွေကို တော်တော်သုတ်သင်ပြီးပြီမဟုတ်လား၊ ငါ ရှေ့ဆက်ပြီး သစ္စာဖောက်တွေကို ဖော်ထုတ်မယ်”

ထိုစဉ် အစောင့်တစ်ယောက်သည် သုတ်သီးသုတ်ပျာ ရောက်ရှိလာလေ၏။

“ဘာကိစ္စလဲဟေ့”

“ဧည့်သည်တစ်ယောက်ရောက်နေပါတယ် ဂိုဏ်းချုပ်ကြီး”

အစောင့်က ဂါရဝပြုပြီးပြန်ပြောသည်။

ဖန်ကောက်တင်က....

“ဘယ်သူတဲ့လဲ”

“ကျားမုဆိုး ဟန်ချင်းတဲ့ ဂိုဏ်းချုပ်ကြီး”



“မင်းတို့ နေသာသလိုလုပ်ကြ”

ဖန်ကောက်တင်က အမိန့်ပေးလိုက်၏။

သူသည် ဧည့်သည်အားတွေ့ဆုံရန် ဧည့်ခန်းဆောင်သို့ထွက်လာလေ၏။ ကျားမုဆိုးဟန်ချင်းသည် သူ၏ငယ်ပေါင်းရောင်းရင်းဖြစ်၏။ မတွေ့ရ၍မဖြစ်ပေ။

ဟန်ချင်းသည် ပခြုပ်ကြီးတစ်ခုဖြင့် ဧည့်ခန်းဆောင်ထဲ ရောက်နေ၏။ စားပွဲပေါ်မှ ပခြုပ်ကြီးမှာ စပါးကြီးမြွေတစ်ကောင်ကို လက်ဆောင်အဖြစ် ယူလာခြင်းဖြစ်သည်။

“ဟေ့ကောင်ဟန်ချင်း... ငါဒီမှာရှိတယ်ဆိုတာကို မင်းဘယ် လိုလုပ်သိသလဲကွ”

“ဟား... ဟား... ဟား၊ ငါက မုဆိုးလေကွ”

“ဟ... မုဆိုးဟာ သားကောင်အကြောင်းပဲ သိမှာပေါ့”

“မုဆိုးဆိုတာ အနံ့ခံကောင်းတယ်ကွ၊ သားကောင်တွေရဲ့အနံ့ကိုခံနိုင်သလို လူရဲ့အနံ့ကိုလဲ ခံနိုင်တာပဲ၊ လူကပိုပြီး အနံ့ခံရတာလွယ်ပါတယ်”

ဖန်ကောက်တင်သည် ဟန်ချင်း၏စကားကြောင့် ပြုံးလိုက်မိသည်။

သူသည် လက်ခုပ်သုံးချက်တီးလိုက်၏။ ထိုအခါ အစောင့်တစ်ယောက်ရောက်လာပြီး အရက်နှင့်စားသောက်ဖွယ်ရာများ လာချပေးသည်။

ဤသည်မှာ ရောင်လင်ဂိုဏ်း၊ ဟွာတန်ဂိုဏ်းနှင့် ဆိုးလွန်

www.burmeseclassic.com



ဂိုဏ်းတို့မှာ မမြင်ရသည့်ဧည့်ခံမှုဖြစ်၏။

တရုတ်ပြည်တစ်ပြည်လုံး အရက်ကို ရေကဲ့သို့သောက်သုံးကြသော်လည်း ထိုဂိုဏ်းဝင်များမှု အ ရက်ကိုလုံးဝမသောက်ကြချေ

ကျားမုဆိုးဟန်ချင်းကို သူ့ဂိုဏ်းထဲထည့်၍ အသုံးပြုရမည်ကို သူတွေးမိသောကြောင့်တည်း။

"ကဲ... သောက် သူငယ်ချင်း"

ဟန်ချင်းသည် အရက်ကိုငုံ့သောက်ပြီး အစားအသောက်များကိုလည်း စားလေ၏။

"မင်းလာရင်းကိစ္စကလေးကိုလဲ လင်းစမ်းပါဦး"

"မင်းရဲ့သတင်းပေါ့"

"ဘာလဲ ငါ့ရဲ့သတင်း"

"မင်းရဲ့ယန္တရားဖားသတင်းလေ၊ ဒီသတင်းက တစ်နယ်လုံးပြန့်နေပြီကွ"

"အဲဒါ ဘာဖြစ်သလဲ"

"ဟ... ဒါကြောင့် ငါလာတာပေါ့၊ မင်းကို မြွေကြီးတစ်ကောင် လာလက်ဆောင်ပေးတာပေါ့"

ဟန်ချင်း၏ပြောစကားကို ဖန်ကောက်တင်လွန်စွာ ကျေနပ်၏။ သူ့သတင်းသည် ကြီးမားနေပြီမဟုတ်ပါလော။ ဟန်ချင်းသည် ရိုးသားသူတစ်ယောက်ဖြစ်သည်။

သူသည် မြှောက်ပင့်ပြောတတ်သူ မဟုတ်ချေ။ အမှန်အကန်သာ ပြောတတ်သည်။



"နေစမ်းပါဦး၊ မင်းက တောထဲ တောင်ထဲမှာနေတာ မဟုတ်လား"

"ဘာဖြစ်သလဲဟ"

"တောထဲ တောင်ထဲမှာ ဒီသတင်းတွေကို မင်း ဘယ်လိုကြားလာရသလဲ"

"ဟ... တောထဲ တောင်ထဲမှာနေလဲ တစ်ကိုယ်တော်နေတာမှ မဟုတ်ဘဲကွာ၊ သစ်ခုတ်သမားတွေနဲ့ နေနေရတာပဲ၊ သစ်ခုတ်သမားတွေဆီက ဒီသတင်းကိုကြားတာပေါ့"

"သစ်ခုတ်သမားတွေက ဒီသတင်းကို သိသတဲ့လား"

"ဟ... သိတာပေါ့၊ သစ်ခုတ်သမားတွေထဲမှာ တချို့က သိုင်းသမားတွေရှိတာပဲ၊ မိစ္ဆာအဖွဲ့သား သိုင်းသမားတွေရှိတယ်ကွ"

ဖန်ကောက်တင် အံ့အားသင့်သွား၏။

"မိစ္ဆာအဖွဲ့"

သူသည် နာမည်ကိုမေ့လျော့ထားခဲ့သည်မှာ ကြာခဲ့ချေပြီ။

"မိစ္ဆာအဖွဲ့ရှိသေးသလား"

"ရှိတာပေါ့ကွ"

ဖန်ကောက်တင် လွန်စွာ စိတ်ဝင်စားသွား၏။

"မိစ္ဆာအဖွဲ့အကြောင်းသိသလောက် ပြောပြစမ်းကွာ၊ ငါကြားချင်တယ်"

"ဒီအဖွဲ့ကိုအုပ်ချုပ်နေတဲ့ခေါင်းဆောင်ဟာ တိမ်မျက်လုံးကျန်ရှုတဲ့ကွ၊ အခုတော့ ကြာဖြူကန်အဘွား အုပ်ချုပ်မယ်လို့ ကြား

www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ကြာဖြူကန်အဘွားဆိုတာ ဘယ်သူလဲ”

“ကြာဖြူကန်အဘွားဆိုလို့ မင်း တခြားသူ မှတ်နေသလား။ တိမ်ပုံအဖွဲ့ အကြီးအကဲရဲ့ သမီးလေ၊ သူက ကြာဖြူကန်အဘွားဆိုတဲ့ နာမည်နဲ့ မိစ္ဆာအဖွဲ့ ကိုဆက်ပြီး အုပ်ချုပ်မယ်လို့ သတင်းကြားတယ်”

ဖန်ကောက်တင်သည် တိမ်ပုံအကြီးအကဲ၏သမီး ချူယီအကြောင်းတော့ သိထားသည်။ ချူယီတစ်ဖြစ်လဲ ကြာဖြူကန်အဘွားကိုတော့ မသိချေ။

“ချူယီက မိစ္ဆာအဖွဲ့ ကိုပြန်အုပ်ချုပ်မယ်ဆိုတော့ သိုင်းလောကမှာ တစ်စင်ထောင်လာမယ့်သဘောပေါ့”

ဖန်ကောက်တင်က ပြောလေ၏။

ဟန်ချင်းက....

“မင်း ကြာဖြူကန်အဘွားကိုတော့ အထင်မသေးနဲ့နော်”

“မသေးပါဘူးကွ၊ ငါချူယီကိုတော့ သိပါတယ်၊ သူဟာ မြို့စားကိုသတ်ပြီး သိုင်းလောကထဲက ဇာတ်မြှုပ်သွားတဲ့သိုင်းသမားပဲ”

“အေး... ဟုတ်တယ်၊ ဒါကြောင့် ချူယီကိုအထင်မသေးနဲ့လို့ ပြောတာပေါ့၊ သူ့ မိစ္ဆာဂိုဏ်းဟာ တိမ်ပုံတစ်ဖြစ်လဲကွ၊ နောက်ပြီး မိစ္ဆာဂိုဏ်းလို့သာဆိုထားတာ လုပ်တဲ့အလုပ်က အောက်လမ်းသိုင်းသမားတွေလုပ်တဲ့ အလုပ်တစ်ခုမှ မလုပ်ဘူး၊ အထက်လမ်းဂိုဏ်းဆိုတာတော့ ထင်ရှားပါတယ်”

“ဟား... ဟား... ဟား ဘာအောက်လမ်းသိုင်းဂိုဏ်းပဲဖြစ်



ဖြစ် ဘာကိုမှဂရုမစိုက်ဘူးကွ”

ဖန်ကောက်တင် ရယ်မောလေ၏။

သူသည် မည်သည့်ဂိုဏ်းကိုမျှ ဂရုမစိုက်ဘဲ နေဝံ့သည်မှာ သူတီထွင်ထားပြီးဖြစ်သည့် ယန္တရားဖားကြီးကြောင့်သာ ဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ပရိယာယ်ထောင်ချောက်

ချင်ချင်သည် စီလင်ရှုအား ကူညီပါသည်ဟုကတိပေးထားခဲ့လေပြီ။ သူမသည် ကတိက အကောက်အထည်ဖော်ရပေလိမ့်မည်။

ကတိကို အကောင်အထည်ဖော်ရန် စဉ်းစားသောအခါ ချင်ချင်ကဲ့သို့သော မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်များလှသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ဤကိစ္စတွင် သူမသည် တစ်ကိုယ်တော်မဆောင်ရွက်ချေ။ သမားတော်ကြီးမိုတိနှင့် တိုင်ပင်ဆောင်ရွက်လေ၏။

သူမသည် ကျောက်စိမ်းနဂါးဂိုဏ်းမှ ချင်ဖုန်နှင့်တွေ့ဆုံရန် စားသောက်ဆိုင်တစ်ဆိုင်တွင် ချိန်းဆိုလိုက်သည်။ ထိုစားသောက်ဆိုင် လူဝင်လူထွက်များသောဆိုင်မဟုတ်ပေ။



လူရှင်းသော စားသောက်ဆိုင်မှာဖြစ်၏။

ထိုအကြံဉာဏ်ကိုလည်း သမားတော်ကြီးမိုတိက ပေးခဲ့ခြင်းဖြစ်သည်။

ထိုသည်မှာ အမိဝမ်းတွင်း၌နေစဉ်ကပင် မာယာအတတ်ကိုတတ်ခဲ့သည်ချည်း ဖြစ်လေ၏။

ထို့ကြောင့် ချင်ဖုန်းနှင့်တွေ့သည်နှင့် သူမက ချည်နိုင်တုပ်နိုင်မည်ကို သူမ မစိုးရိမ်ခဲ့ချေ။

သို့သော် ကျောက်စိမ်းနဂါးဂိုဏ်းဆိုသည်ကိုတော့ အထင်သေး၍မရချေ။ မရသဖြင့် သမားတော်ကြီးမိုတိကို အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

ချင်ချင်သည် ချင်ဖုန်အား ချိန်းဆိုသောစာကို ကလူ၏သို့ ၏သို့ ရေးသားထားသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိမပေးရန်လည်း မှာကြားထားသည်။

နောက်ဆုံး ဖန်ကောက်တင်ကိုပင် မပြောရန် တားမြစ်ထားသည်။

ချင်ဖုန်သည် တဏှာရူးဖြစ်သည်။ စာထဲ၌ တားမြစ်ထားသည့်အတိုင်း မည်သူ့ကိုမျှ ပြောလိမ့်မည်မဟုတ်ချေ။

ချင်ချင်သည် ဖြီးလိမ်းဝတ်ဆင်ထားရသဖြင့် အိုက်စပ်စပ်ဖြစ်လာ၏။

သူမ၏လက်ထဲ၌ရှိနေသော ယပ်တောင်ကိုလည်း ကျော့ပ်

www.burmeseclassic.com

www.burmeseclassic.com



ဖျပ်ခတ်နေရသည်။

ချင်ချင်သည် စားသောက်ဆိုင်၏ပြတင်းပေါက်အနီး၌ထိ
ကာ အပြင်သို့ငေးကြည့်မိသည်။

သူမသည် သူမ၏ဘဝဇာတ်ကြောင်းကို ပြန်တွေးနေသ

သူမ လူမှန်းသိတတ်သည့်အချိန်မှစပြီး ဝိလင်ရှုနှင့်ဆေ
သည့်အချိန်အထိ ပြန်ပြောင်းတွေးတောနေမိသည်။

"ဟင်း… ငါ့ဘဝဟာ ဘယ်လိုဘဝမျိုးပါလိမ့်နော်၊ သာ
မယ်လို့ထင်ရပြီးမှ ဘယ်ကဒုစရိုက်သမားက မျက်စိကျသွားပါလ

သူမသည် နောက်ဆုံးစိတ်ထဲမှာ ပြောမိသည်။ ထိုအ
မှာပင် သူသည် လူတစ်ယောက်မြင်လိုက်မိသည်။

"အလို… ချင်ဖုန်ပါလား"

ချင်ဖုန်သည် မော်ရှူးရှူးနေသူဖြစ်၏။ အလွန်လည်း ရု
၏။ ထိုမျက်နှာကို မျက်နှာချေများဖြင့် ပြုပြင်ဖန်တီးလာသဖြင့်
စွာရယ်စရာကောင်းနေ၏။

မျက်နှာတင်မက ဝတ်စားဆင်ယင်မှုကိုကြည့်ပါဦး အ
ရောင်တောက်တောက်ကြီးကို အထက်အောက် ဝတ်ဆင်လာသ

သူသည် အုန်းခွံရောင်မြင်းကြီးကို စီး၍လာနေသည်
နှင့်မြင်း လာသည်တွင် မြင်းကိုချီးကျူးရန်သာရှိသည်။

မြင်းက မွန်ဂို မျိုးစပ်မြင်းကြီးပေကိုး။

ချင်ချင်သည် ပြတင်းပေါက်မှ လက်ပြလိုက်၏။ ချင်
မျက်နှာသည် သကာရည်ဆမ်းလိုက်သကဲ့သို့ ချက်ချင်းပြုံးချိ



သည်။

သူသည် ဆိုင်ရှေ့သို့ မြင်းကိုခပ်သွက်သွက် စီးလာတော့
သည်။

ဆိုင်ရှေ့၌ မြင်းဇက်ကြိုးကိုချည်လိုက်ပြီး ဆိုင်ထဲသို့ ကပျာ
ကယာဝင်လာသည်။ သူသည် ချင်ချင်အား အလွန်မြတ်နိုးနေ၏။

"ရောက်နေတာကြာပြီလား ချင်ချင်"

သူသည် ကမူးရှူးထိုးဖြင့် မေးလိုက်၏။

ချင်ချင်က….

"မကြာသေးပါဘူး"

"ဟဲ… ဟဲ… ဟဲ ကျုပ်က ချင်ချင်ဆီက စာရတော့ သိပ်
ပြီးသြနေတာ၊ ပြီးတော့ လူချင်းလဲ သိပ်တွေ့ချင်နေတာ၊ ချင်ချင်
တစ်ခါမှ မတွေ့ရသေးဘူးမဟုတ်လား၊ များများတွေ့မှ မြန်မြန်ရင်း
နှီးမှာပေါ့"

ချင်ဖုန်သည် အရှက်မရှိသောမျက်နှာဖြင့် ပတ်ချွဲနပ်ချွဲပြော
နေလေ၏။

ချင်ချင်သည် ချင်ဖုန်ကိုကြည့်ကာ အလွန်အော်ဂလီဆန်
သ၏။

မည်သို့ပင်ဖြစ်စေ၊ သူဆင်ထားသည့်အကွက်ထဲသို့ ချင်ဖုန်း
ဝင်လာပြီဖြစ်၏။

"ဒါပေါ့ အစ်ကိုရယ်၊ မကြာခင် လက်ထပ်မယ့် သူ့တွေဟာ
ရင်းနှီးနှီးရှိသင့်တာပေါ့၊ ရင်းနှီးတော့ ပိုပြီးကောင်းတာပေါ့ ချင်

www.burmeseclassic.com



ချင်ကလဲ အစ်ကိုနဲ့တစ်ညလုံး ဆွေးနွေးနေချင်တာ"

"ဘယ်လို တစ်ညလုံး"

"ဟုတ်တယ်လေ တစ်ညလုံး"

ချင်ချင်သည် ပရောပရည်လုပ်၍ ပြောလိုက်လေ၏။

ချင်ဖုန်၏မျက်နှာတစ်ပြင်လုံး ချိုမြသွားသည်။ သူသ

ရမ္မက်ခိုးလျှံသော မျက်လုံးများဖြင့် ချင်ချင်ကိုကြည့်လေသည်။

"ဒါဆို တည်းခိုခန်းမှာ နှစ်ယောက်ခန်းတစ်ခန်း ငှားကြ

ပေါ့နော်"

"အို... ရှက်စရာကြီး"

"ဒါ ရှက်စရာမဟုတ်ပါဘူး ချင်ချင်ရယ်၊ ချင်ချင်က စ

ပြောချင်တယ်ဆို၊ ဒါကြောင့် ငှားရတာပေါ့၊ နို့မို့ဆိုရင် ငှားဖို့

ပါဘူး"

ချင်ချင်သည် နှုတ်ခမ်းကလေးစူ၍ ပြောလိုက်၏။

"ဒါကျတော့ သူက ပြောတတ်တယ်"

ချင်ဖုန်သည် ကလိကလိဖြစ်၍ လာလေ၏။

"အင်း... ချင်ချင်တောင် အစ်ကိုတို့ကျောက်စိမ်းနဂါးရိုး

ကိုတောင် စိတ်ဝင်စားလာပြီ"

"တကယ်လားဟင်... ဒီလိုဆိုရင် အစ်ကို သိပ်ဝမ်းသာ

ပဲ"

ချင်ဖုန်သည် တကယ်ဝမ်းသာသွား၏။

ချင်ချင်က....



"အစ်ကိုက ကျောက်စိမ်းနဂါးရိုးဇာအကြောင်းတွေပြောပြီး

ပေါ့"

ချင်ဖုန်သည် ချင်ချင်၏ပရိယာယ်ကို မရိပ်မိသေးပေ။ ရိပ်မိ

သည်လည်း မဟုတ်ပေ။ ချင်ချင်ပြောသည်မှာ အဓိပ္ပာယ်ရှိသည်။

သူမက ကျောက်စိမ်းနဂါးကို ဝင်ချင်သည်။ သူမက

ကျောက်စိမ်းနဂါးရိုးဇာအကြောင်း သိသင့်သည်ပေါ့။ ဒါက မထူးဆန်း

"ဒီလိုနေလို့ မသင့်ဘူးလေ၊ တည်းခိုခန်းကို သွားကြမယ်

"

"သွားတာပေါ့... သွားကြတာပေါ့"

ချင်ချင်သည် ချင်ဖုန်နောက်မှ ထလိုက်၏။ သူမနှင့် မလှမ်း

မ်းဦးရှိနေသော အပျော်မယ်ကလေးနှင့်အဖော်တစ်ဦးကိုလည်း

မ်း၍ အချက်ပြလိုက်ရသည်။

အပျော်မယ်ကလေးနှင့် အဖော်တစ်ဦးမှာလည်း အသင့်

နေပါသည်။ အချက်ပြလိုက်သည်နှင့် မသိမသာထလိုက်လာသည်။

ရှေ့မှ ချင်ဖုန်နှင့် ချင်ချင်တို့ထွက်ကြသည်။ ချင်ဖုန်သည်

မြင်းကို မယူတော့ချေ။ ချင်ချင်ကိုသာ ယုယုယယနှင့် တည်းခို

ဆောင်သို့ ခေါ်သည်။

နောက်မှလည်း အပျော်မယ်ကလေးနှင့် အဖော်တို့သည်

ပါလာကြ၏။ သူတို့လည်း ချင်ဖုန်တက်သည့် တည်းခိုဆောင်

တက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဖုန်သည် တည်းခိုဆောင်၌ နှစ်ယောက်အိပ်နိုင်သည့် အခန်းကိုငှားရမ်းသည်။

သူ ရှေ့၌ငှားရမ်းနေစဉ် နောက်၌ ချင်ချင်နှင့် အပျော်မယ် ကလေးတို့သည် လူချင်းလဲသွားကြသည်။ ချင်ဖုန်၏နောက်၌ ကပ် လျှောက်နေသည်က အပျော်မယ်ကလေးသာ ဖြစ်တော့သည်။

ချင်ဖုန်ကတော့ နွားပြာကြီးအောက်သွားမရှိသည့်အလား တဟဲဟဲနှင့် ပီတိဖြစ်နေ၏။



(၂၂)

## လျှို့ဝှက်ချက်ကိုဖော်ထုတ်ခြင်း

"ကျောက်စိမ်းနဂါးဝိုဏ်းနဲ့ပတ်သက်ပြီး ချင်ချင် သိချင်တာ တွေကို အားလုံးအစ်ကိုပြောပြမယ်၊ ဟုတ်ပြီလား"

ချင်ဖုန်ဖုံးက ကတိစကားပြောလိုက်လေ၏။ ချင်ချင်က အ ပိုနှင့် ပြောလိုက်သည်။

"ပြောရင် အခုပြော၊ အခုမပြောလို့ကတော့ မရဘူး"

ညအချိန်ရောက်နေပြီဖြစ်၍ အပြင်ဘက်၌ လမင်းသာနေ သည်။ တည်းခိုခန်း၏ပြတင်းပေါက်ဆီသို့ လရောင်က ဖြာကျနေ၏။

ချင်ဖုန်ဖုံးသည် အခန်းထဲသို့ အရက်နှင့်စားသောက်စရာ များ မှာယူထား၏။

သူသည် ချင်ချင်ကို ဘေး၌ထားကာ အရက်သောက် အ

www.burmeseclassic.com

www.burmeseclassic.com



မြည်းစားနေလေ၏။

ဘေးနား၌ ချင်ချင်ရှိနေသည်။ ဤချင်ချင်ကား အပျော်မယ်ကလေး ချင်ချင်သာတည်း။

“သူ ပြောထားတာတွေကို အားလုံးမှတ်မိတယ်နော်”

“ဟုတ်ကဲ့ မှတ်မိပါတယ် မမ”

“ပရိယာယ်မာယာတွေကို မမက ညီမလေးကို သင်ပြနေဖို့ မလိုပါဘူး၊ ဒါတွေက ညီမလေးတတ်ပြီးသားပါ၊ မမမှာချင်တာက ကျောက်စိမ်းနဂါးဂိုဏ်းရဲ့အကြောင်းကို သိဖို့ပဲ၊ ညီမလေးတတ်ထားတဲ့ပရိယာယ်မာယာတွေနဲ့ လှည့်ပတ်ပေးဖို့ပဲ၊ မမက အခန်းပြင်မှာ နေမယ်၊ အပြင်က နားထောင်နေမယ်၊ သိတယ်နော် ညီမ”

“စိတ်ချပါ မမရယ်၊ ဒါတွေဟာ ညီမအဖို့ ဘာမှ မဆန်းပါဘူး၊ မမသိချင်တာတွေကို ညီမလေးသိအောင် မေးပေးမှာပါ”

ဤကား ချင်ချင်သည် အပျော်မယ်ကလေးအား မှာကြားနေခြင်းပင်တည်း။ ယခုတော့ အပျော်မယ်ကလေး ချင်ချင်သည် သူမ၏တာဝန်ကို သူမထမ်းဆောင်ရပေတော့မည်။

အပျော်မယ်ကလေးသည် ရုပ်ရည်ရော ကိုယ်လုံးကိုယ်ပေါက် ချင်ချင်နှင့်ခွဲမရအောင် ပြင်ဆင်ထားသည်။ ရုပ်ဖျက်ထားသည်။

စားပွဲပေါ်၌ အရက်နှင့်စားသောက်စရာများ အပြည့်ရှိနေသည်။ ဤသည်ကို ချင်ဖုန်ဖုံးက မှာကြားထားခြင်းဖြစ်သည်။

“ချင်ချင် အစ်ကိုနည်းနည်းသောက်မယ်နော်”



ချင်ဖုန်ဖုံးသည် မဆိုးပါ။ ချင်ချင်အား အရက်သောက်ချင်တော့ တောင်းသေးသည်။

ချင်ချင်က....

“သောက်ပါ အစ်ကို... သောက်ပါ၊ ချင်ချင်က အရက်သောက်တာကို အပြစ်မမြင်ပါဘူး၊ တခြားမိန်းကလေးတွေလိုပဲ အရက်ကိုမချစ်တတ်ပေမယ့် အပြစ်မမြင်ပါဘူးရှင်”

ချင်ချင်က တစ်ဖက်ခန်း၌ ရှိနေသည်။ သူမသည် တစ်ဖက်ခန်းကို ငှားလိုက်သည်။ ထိုအခန်းနံရံ၌ကပ်ပြီး နားထောင်နေသည်။

ချင်ဖုန်ဖုံးသောက်နေသည့် ဝါးရွက်စိမ်းအရက်မှာ အလွန်ပြင်းလှသဖြင့် သုံးခွက်မျှ သောက်ပြီးသောအခါ ချင်ဖုန်ဖုံး မူးယစ်လာသည်။

“ချင်ချင် အရက်ငှဲ့ပေးမယ်”

ချင်ချင်က ချင်ဖုန်ဖုံးကိုအကဲခတ်ပြီး ပြောလိုက်သည်။

“အင်း... ကောင်းတယ်၊ သိပ်ကောင်းတာပေါ့... ချင်ချင်ငှဲ့ပေးတော့ အရက်က ပိုကောင်းလာတာပေါ့”

ချင်ဖုန်ဖုံးသည် ချင်ချင်ကို ပွတ်သီးပွတ်သပ်လုပ်နေ၏။

“ကျောက်စိမ်းနဂါးဂိုဏ်းအကြောင်း ချင်ချင်ကိုပြောပြမယ်ဆို အစ်ကိုမေ့နေပြီလား”

ချင်ချင်က ချင်ဖုန်ဖုံးလက်မှ ရုန်းထွက်ပြီး ပြောလိုက်၏။

“ပြောပြမှာပေါ့ ချင်ချင်ရယ်၊ အစ်ကိုမမေ့ပါဘူး၊ တစ်ညလုံး ပြောပြလဲ ရတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ဒီတစ်ခွက်သောက်ပြီးရင် ပြောပြတော့၊ တစ် သုလုံး ချင်ချင် နားမထောင်ချင်ဘူး၊ အလျှင်ဆုံး နားထောင်မယ်၊ ခနောက်ကျမှ...."

အပျော်မယ်ကလေးချင်ချင်သည် ချင်ဖုန်ဖုံးထံမှ သတင်းစ ကားကို အစ်အောက်နိုင်စွမ်းရှိသည်။

အရက်ကလေးဝင်ပြီး ရီဝေစပြုနေသော ချင်ဖုန်ဖုံးသည် ချိုမဆံဖြစ်လာသည်။

"ချင်ချင်သိချင်တာတွေ သိရမှ အစ်ကို့ဆန္ဒကို ချင်ချင် ဖြည့် ပေးမယ်"

ချင်ဖုန်ဖုံး မပြောရှဲမဖြစ်တော့ချေ။ ထို့ကြောင့် ကျောက် မ်းနဂါးကိုဏ်း၏လျှို့ဝှက်ချက်များကို တတွတ်တွတ်ပြောပြနေလေ တော့၏။

"ဟား... ဟား... ဟား မြွေမသေတုတ်မကျိုးဆိုတာ ဒါမျိုး ပဲ၊ အခုလောက်ဆို မော်ရှူးချင်ဖုန်တစ်ယောက်တော့ အိပ်ရာထဲမှာ ပ်မက်ကောင်းတွေ မက်နေပြီပေါ့ ဟား... ဟား... ဟား"

သမားတော်ကြီး မိုတီသည် ကျေနပ်စွာပြောပြီး ရယ်နေ သ၏။

"ဟုတ်တယ် ဘဘရဲ့၊ သမီး သူနဲ့စကားပြောနေတုန်းက ထိတ်လိုက်ရတာ၊ ဟိုမိန်းကလေးနဲ့ လူချင်းလဲပြီးသွားမှ စိတ်အေး ားရတာ၊ ဟိုမိန်းကလေးကလဲ သိပ်တော်တာပဲ၊ မှုယာမာယာက များလိုက်တာအလွန်ပါပဲ၊ စကားကို အစ်အောက်မေးတတ်တဲ့နေ



ရာမှာလဲ ပထမတန်းစားပဲ"

"အဲဒီမိန်းကလေးက သူ့ကိုယ်ကို အထိခံသေးသလား"

"ဘယ်အထိခံမလဲ ဘဘရယ်၊ ပထမ ပွေ့လားဖက်လား လုပ်နေသေးတာပေါ့၊ သူမေးချင်တဲ့ မေးခွန်းတွေလဲ အကုန်သိရပြီး ရော လက်ထဲမှာဝှက်ယူလာတဲ့ ဆေးလုံးတစ်လုံးကိုအရက်ခွက်ထဲ ထည့်တိုက်လိုက်တာပါ၊ မော်ရှူးချင်ဖုန်လဲ တစ်ခါထဲ မှောက်သွားတာ ပဲ"

"ဟား... ဟား... ဟား... ကောင်းတယ်၊ သိပ်ကောင်း တယ်"

ချင်ချင်သည် သူမကြုံတွေ့ခဲ့သမျှကို တစ်လုံးမကျန် ပြန် ပြောပြနေလေ၏။

ချင်ဖုန်သည် အပျော်မယ်ကလေး ချင်ချင်အား လိုသလိုအ သုံးချခွင့်မရနိုင်တော့ဘဲ အိပ်ရာထဲ၌ ဗုန်းဗုန်းကြီးလဲကျ အိပ်ပျော်ရ တော့သည်။

အမူးပြေသည့်အခါမှ သူပြောခဲ့သည့်စကားများကို သူ နောင်တရပေလိမ့်မည်။

သို့သော် တကယ်တော့ သူမည်သို့မျှ မှတ်မိလိမ့်မည် မ ဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် သမားတော်ကြီးမိုတီ စီစဉ်ပေး လိုက်သည့် ခြောက်နာရီကြာ အတိတ်မေ့ဆေးပင် ဖြစ်နေသော ကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးမိုတီက....

"သမီး ဒီလိုဆိုရင် ကျောက်စိမ်းနဂါးဂိုဏ်းရှိတယ်ဆိုတာသာ သိကြရတာ၊ သူတို့ရဲ့တည်နေရာကိုမသိဘဲ ဖြစ်နေတာ၊ အခု ပြီးသွားပြီပေါ့၊ ကျောက်စိမ်းနဂါးဂိုဏ်း ဘယ်နေရာမှာရှိတယ်ဆိုတာ အခု သိရပြီပေါ့"

ချင်ချင်က ခေါင်းညိတ်၏။

"သူကတော့ သူတို့ဌာနချုပ်တည်ရာကို ပြောပြတာပဲ၊ သ
းတော့ သူပြောတဲ့နေရာကို မသိပါဘူး။ ဒါပေမယ့် မြေပုံပေါ်မှာ
ာ ကြည့်ရင်တော့ တွေ့မှာပါ"

သမားတော်ကြီးက လေးနက်စွာ ပြောလေ၏။

"အေး... ဘဘတို့ သမီးတို့ တစ်ခုတော့သတိထားရမယ်"

"ဘာများလဲဟာ"

"ဒီသတင်းကို အပြင်လုံးဝပေါက်ကြားလို့ မဖြစ်ဘူးကွယ်"

"စိတ်ချပါ ဘဘရယ်"

"ဒါနဲ့ မြို့စားကြီးဝမ်ပင်းရော အခြေအနေတိုးတက်လာရဲ့လား"

"ဒီလိုပါပဲ ဘဘ၊ ယန္တရားဖားကြီးအကြောင်း အိပ်မက်
းတွေလဲ မက်နေတာပေါ့၊ နောက်ပြီး ဖန်ကောက်တင်က လက်
ပ်ဖို့အကြောင်း ဘယ်တော့တောင်းဆိုလာမလဲဆိုပြီး စိတ်သောက
ရာက်နေရတာပေါ့ ဘဘရယ်"

"အင်း... တကယ်တော့ မြို့စားကြီးဟာ ဖန်ကောက်တင်ရဲ့



အရိပ်မည်းကြီး လွှမ်းနေတာပဲ၊ ဖန်ကောက်တင် မရှိတော့မှဘဲ ဒီအရိပ်မည်းကြီးက လွတ်တော့မှာပဲ၊ ယန္တရားဖားကြီးဟာ မြို့သူမြို့သားတွေကို ဒုက္ခမပေးခင် ဖျက်ဆီးရမယ်၊ သမီး ခေါင်းထဲထည့်ထားနော်"

"ထည့်ထားပါတယ် ဘဘ၊ သမီးဟာ ဒီယန္တရားဖားကြီးကို ဖျက်ကိုဖျက်ဆီးပစ်မယ်"

ချင်ချင်သည် အံကြိတ်၍ ပြောဆိုလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

## ယန္တရားဖားကြီး၏တိုက်ခိုက်မှု

ကြာဖြူကန် ဘွားဘွားချူယီ....။

ကြာဖြူကန်ဘွားဘွားသည် မိစ္ဆာဂိုဏ်းအဖွဲ့ကိုပြန်လည်ဦးစီး ဦးဆောင်ပြုလေ၏။

မိစ္ဆာအဖွဲ့ခေါင်းဆောင်သည် ကြာဖြူကန်ဘွားဘွား ပြန်လည်ဖြစ်သွားပေပြီ။

မြို့ပြင်ရှိ မိစ္ဆာအဖွဲ့ဌာနချုပ်တွင်းသို့ ဝတ်စုံနက်ဝတ်ဆင်ထားသည်။

မိစ္ဆာနက်အဖွဲ့သားများ တဖွဲဖွဲရောက်ရှိနေ၏။

ဤနေ့ကား ကြာဖြူကန်ဘွားဘွားက အဖွဲ့ချုပ်ကြီးအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်သည့် အထိမ်းအမှတ်နေ့တည်း။

ကျန်ရှုသည် မျက်စိတစ်ဖက်လပ်နေသူဖြစ်၏။ သူသည်



သားရေပိတ်ပစ္စည်းတစ်ခုဖြင့် မျက်စိကိုပိတ်ထားသည်။ ကြိုးဖြင့်သိုင်းထားသည်။

သူသည် ကြာဖြူကန်ဘွားဘွားကို အဖွဲ့ခေါင်းဆောင်များနှင့် လိုက်လံမိတ်ဆက်ပေးနေသည်။

ကြာဖြူကန်ဘွားဘွားသည် မိစ္ဆာအဖွဲ့အမှတ်တံဆိပ်များ လိုက်လံတပ်ဆင်ပေးရင် နှုတ်ဆက်နေသည်။

ထိုအထိမ်းအမှတ်ပွဲ၌ အရက်အိုးများကို လိုလေသေးမရှိချထားပေးရာ မိစ္ဆာအဖွဲ့သားအားလုံး အရက်ခွက်ကိုယ်စီနှင့် ဖြစ်နေကြ၏။

ဌာနချုပ်၏ရှေ့ကွက်လပ်၌ မီးပုံကြီးတစ်ပုံ ဖိုထားရာ မီးပုံတစ်ပွဲနှင့် တူနေတော့သည်။

မိစ္ဆာအဖွဲ့သည် အရိုးအစိုင်များ ဖွဲ့စည်းထားသည့် အဖွဲ့ဟု ထင်ရန်ရှိသော်လည်း တကယ်တော့ အလွှာစုံ၊ လူတန်းစားအလွှာစုံ ပါဝင်သည့်အဖွဲ့အစည်းတစ်ခုပင်။

သစ်ခုတ်သမား၊ တံငါသည်၊ ပန်းပဲသမား အစရှိသည့် လူပေါင်းစုံပါဝင်သည့် အဖွဲ့တစ်ခုဖြစ်သည်။

ပါရှိသည့် လူတန်းစားအားလုံး နွမ်းပါးဆင်းရဲကြသော်လည်း အားလုံးလိုလိုပင် ကိုယ်ကျင့်တရားကောင်းသူများ တရားမျှတမှုကိုလိုလားသူများ ဖြစ်နေကြ၏။

ကြာဖြူကန်ဘွားဘွားနှင့် ကျန်ရှုတို့နောက်သို့ တကောက်ကောက်လိုက်နေသူမှာ ဝမ်ဖေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကြာဖြူကန်ဘွားဘွားကို အပါခေါ်ဆောင်လာနိုင်သဖြင့် မိစ္ဆာဂိုဏ်းထဲတွင် သူရဲကောင်းဖြစ်နေသည်။

မိစ္ဆာဂိုဏ်း၏ကြီးမားကျယ်ပြန့်လှသည့် ခြံကျယ်ကြီးအတွင်း၌ ရယ်မောသံများ စကားပြောသံများဖြင့် ဆူညံနေသည်။

သို့သော် မိစ္ဆာဂိုဏ်းသားများမသိကြသည်မှာ သူတို့ခြံကျယ်ကြီး၏ ပတ်လည်အမှောင်တိုက်ထဲ၌ အရိပ်များ လှုပ်ရှားနေကြခြင်းပေတည်း။

မိစ္ဆာဂိုဏ်းသည် ယခုမှ ဂိုဏ်းချုပ်ကြီးအသစ်တာဝန်ယူမည်ဖြစ်သဖြင့် အသင်းအသစ်ကို စတင်တည်ထောင်သကဲ့သို့ဖြစ်နေသဖြင့် သူတို့၌ မည်သည့်ဘေးရန်မျှမရှိဟု ထင်နေကြသည်။

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်သည် သူငယ်ချင်းဖြစ်သူကျားမုဆိုးဟန်ချင်းကို သူ့ဂိုဏ်းထဲပါဝင်ရန် စည်းရုံးလိုက်နိုင်သည်။

သူသည် မိစ္ဆာအဖွဲ့ခေါင်းဆောင်သစ်တင်မည့်နေ့တွင် မိစ္ဆာဂိုဏ်းကိုဖြိုဖျက်ရန် စေလွှတ်လိုက်လေ၏။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် မိစ္ဆာဂိုဏ်း၏ခြံဝင်းကျယ်ကြီးပတ်လည်၌ ရောက်ရှိနေကြလေ၏။

သူတို့သည် ဖန်ကောက်တင်၏အမိန့်အရ မိစ္ဆာဂိုဏ်းကိုဦးချိုးရန် ရောက်ရှိလာကြသူများ ဖြစ်သည်။

မိစ္ဆာဂိုဏ်းသားများသည် ခြံဝင်းကျယ်ကြီးအပြင်၌ အစောင့်များ ချထားသော်လည်း တင်းတင်းကျပ်ကျပ်သဘောမျိုး ချထားခြင်းမဟုတ်ပေ။



ထို့ပြင် ချထားသော အစောင့်ကလည်း နည်းပါးလှသည်။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် အလွန်ကြီးလှသော လှည်းကြီးတစ်စီးကို သစ်ပင်ချုံနွယ်များဖုံးအုပ်ပြီး မိစ္ဆာဂိုဏ်း၏ခြံစည်းရိုးအနီးသို့ မောင်းယူလာခဲ့လေ၏။

ထိုလှည်းကြီးပေါ်တွင် ယန္တရားဖားကြီးရှိနေသည်။

အချိန်ကျရောက်သောအခါ ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီးဖန်ကောက်တင်ကိုယ်တိုင် မိစ္ဆာဂိုဏ်း၏ဌာနချုပ်အနီးသို့ ရောက်ရှိလာလေ၏။

သူသည် သူ့ဂိုဏ်းသားများ အဆင်သင့်ဖြစ်နေသည်ကို တွေ့ရသောအခါ စိတ်ကျေနပ်သွားသည်။

သူသည် ပလွေကို ကောက်မှုတ်လိုက်၏။

"ရွီ...."

ငှက်တစ်ကောင်၏အသံကဲ့သို့ အသံတစ်ခုပြုလိုက်၏။ စင်စစ် သူ့ဂိုဏ်းသားများကို အချက်ပေးလိုက်ခြင်းသာဖြစ်ပါ၏။

အရိပ်မည်းသုံးခုသည် စတင်လှုပ်ရှားလေတော့၏။ သူတို့သည် ခြံစည်းရိုးထိပ်ဝင်း နံရံအနီး၌ရှိခြင်းဖြစ်ရာ ချိတ်ပါသောကြိုးများ ပစ်ပြီး နံရံများပေါ် တက်လိုက်ကြ၏။

နံရံမှာလည်း မမြင့်လှသဖြင့် အခက်အခဲမရှိလှချေ။ သူတို့သည် ခြံအတွင်းသို့ ဝင်သွားနိုင်ကြသည်။

ဂိတ်ဝတွင် လုံခြုံရေး အစောင့်နှစ်ဦးရှိနေသည်။

မိစ္ဆာဂိုဏ်းသားတစ်ဦးသည် ကျောက်တက်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းဂိုဏ်းသားတစ်ဦးကို မြင်ဖိလေ၏။

"ဟိတ်... ဘယ်သူလဲ၊ ရပ်စမ်း"

သူသည် လှမ်းအော်လိုက်၏။

"ဝှစ်... ဝှစ်"

"အင့်... အင့်"

လက်နက်ပုန်းနှစ်ခုက လွင့်ပျံသွားသည်။ အဆိပ်အပ်[illegible] လေးများသာတည်း။ မိစ္ဆာဂိုဏ်းသားနှစ်ဦး ကျဆုံးသွားလေ၏။

ဠာနချုပ်ဂိတ်ဝကို ကျောက်စိမ်းနဂါးဂိုဏ်းသားသုံးဦး အ[illegible] စီးနိုင်ကြလေပြီ။

ဂိုဏ်းသားများသည် မိစ္ဆာဌာနချုပ်၏ဂိတ်ဝတံခါးကြီး[illegible] လျင်မြန်စွာ ဖွင့်ပေးလိုက်၏။

"ကျွီ..."

တံခါးပေါက်ကြီးပွင့်သွားသည်နှင့် ကျောက်စိမ်းနဂါးဂိုဏ်[illegible] သားများသည် ယန္တရားဖားကြီးကိုတင်ဆောင်ထားသည့်လှည်းကြီး[illegible] ကို ခြံကြီးအတွင်းသို့ တအိအိသွင်းလာကြလေ၏။

ရှေ့ကင်းပုန်းများကလည်း ယန္တရားဖားကြီးကို ဆော[illegible] ရောက်လာကြလေသည်။

"ဟေ့... ဘယ်သူလဲကွ"

"ဝှစ်"

"အား"

ရှေ့ပြေးသမားက လျင်သည်။ မိစ္ဆာဂိုဏ်းမှ ကင်းပုန်း[illegible]



[illegible]သားသည့် ဂိုဏ်းသားကို အဆိပ်အပ်နှင့်ပစ်လိုက်သည်။ မိစ္ဆာဂိုဏ်း သား သေဆုံးသွားတော့သည်။

ထိုစဉ် ကျောက်စိမ်းနဂါးဂိုဏ်းမှ အချက်ပြမီးကျည်တစ်ခုအ ပေါ်သို့ တက်သွား၏။

မိစ္ဆာဂိုဏ်းသားများသည် ကျောချမှ ဓားပြမှန်း သိကြတော့ သည်။

"ရန်သူဟေ့... ရန်သူ"

"အားလုံးအသင့်ပြင် ခုခံကြ"

မိစ္ဆာဂိုဏ်းသားများသည် တိုက်ရည်ခိုက်ရည်တော့ မညံ့ကြ [illegible] ရန်သူဝင်ပြီဟု သိသည်နှင့်တစ်ပြိုင်နက် ဓားလှံဆွဲကာ ခုခံကြ တော့သည်။

ကျောက်စိမ်းနဂါးဂိုဏ်းက သူတို့အပိုင်မိပြီဟု ထင်ထား [illegible]ခြင်းမှာ အချည်းအနှီးဖြစ်သွားသည်။ ခုခံမှုကြီးနှင့် ရင်ဆိုင်တိုးတော့ သည်။

"ကျား"

"ခြွမ်း"

"ချွလွမ်း... ချွလွမ်း"

"ထန်း... ထန်း... ထန်း"

တစ်ခြံလုံး ဓားလှံအသံများဖြင့် ဆူညံနေတော့၏။

ကြာဖြူကန်အဘွားသည် သူ့ဂိုဏ်းသားများနှင့် တိုက်ခိုက် [illegible]နေသူများကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းနဂါးဂိုဏ်းသားများဖြစ်ကြသည်ကို သူမတွေ့ သည်။

"ဩော်… ဖန်ကောက်တင်ကိုး"

ကြာဖြူကန်အဘွားသည် သူမ၏တောင်ဝှေးကြီးကိုကိုင်၍ လွှားခနဲခုန်ဝင်လိုက်၏။ ဝိညာဉ်ဖြူကြီးပျံဝဲသွားသကဲ့သို့ ထင်မှတ် သည်။

"တိုက်ကြ… ခိုက်ကြ… ခုခံကြ"

ကြာဖြူကန်အဘွားက စစ်သွေးစစ်သံကဲ့သို့ ကြွေးကြေ လိုက်သည်။

မိစ္ဆာဂိုဏ်းသားများကလည်း ကြာဖြူကန်အဘွား လှုံ့ဆေ သည့်အသံကြောင့် အားတက်ပြီး အတင်းခုခံကြသည်။

မိစ္ဆာဂိုဏ်းမှ ဒုတိယခေါင်းဆောင် ကျန်ရှိသည်လည်း ကျောက်စိမ်းဂိုဏ်းသားများ၏ ထိုးဖောက်တိုက်ခိုက်မှုကို သိရှိ ဘောပေါက်သွား၏။

"နောက်မဆုတ်ကြနဲ့၊ ကြံ့ကြံ့ခံပြီး တိုက်ကြ"

သူကိုယ်တိုင်လည်း ဓားနှစ်လက်ကိုလေထဲ ဝှေ့ယမ်း၍ တိုက်ခိုက်သည်။

"ဝှီး"

"ဝှစ်… ဝှစ်"

"ရွှီး"

"ရှမ်း… ရှမ်း"



ကျောက်စိမ်းနဂါးဂိုဏ်းသားနှစ်ယောက်သည် ကျန်ရှိ ဆက်လက်တိုက်ခိုက်လေ၏။

"ရှမ်း"

"အား"

ကျောက်စိမ်းဂိုဏ်းသားတစ်ယောက် ဓားချက်ထိသွား သည်။

"ဝှီး"

"ဝှစ်… ဝှစ်"

"အင့်"

ကျောက်စိမ်းနဂါးဂိုဏ်းသားနှစ်ယောက်စလုံး လွင့်စဉ်သွား တော့၏။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်သည် လုံးဝတုန် လှုပ်ချောက်ချားခြင်း မရှိပေ။

သူသည် မိစ္ဆာဂိုဏ်းအား တိုက်ခိုက်ရန် အင်အားကုန် မသုံး ခဲ့ချေ။ သူ အင်အားသုံးဆယ်မျှသာခေါ်ယူခဲ့၏။

သူ၏ယုံကြည်အားထားရသော လက်ရုံးတပည့်များဖြစ် သသည့် ကျောက်ဖိန်၊ ချင်ဖုန်၊ ကျောင်ချူးနှင့် ပိတုန်းကောရှုံစီလင်း ဆိုသူများကိုပင် မခေါ်ခဲ့ချေ။

သူသည် ယခုပွဲတွင် ကျားမုဆိုးဟန်ချင်းနှင့် သူ၏ယန္တရား ဓားထားကြီးတို့ကို ပွဲထုတ်မည်ဖြစ်သည်။ သူသည် ကျောက်စိမ်းပ လွေကို ပါးစပ်တွင် တပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှီ... ရှီ... ရှီ"

"ဝုန်း"

သူသည် ယန္တရားဖားကြီးကို စတင်လှုပ်နှိုးလေတော့သည်။

လှည်းတစ်စီးပေါ်တွင် ချုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံထားသည့် ယန္တရားကြီးသည် ခြံထဲသို့ ဝုန်းခနဲခုန်ချလိုက်လေသည်။

ဖားကြီးသည် ပလွေသံနှင့်စည်းချက်ဝါးချက်ညီစွာ တစ်ချက်ချင်း ခုန်ထွက်လာလေ၏။

ကြာဖြူကန်အဘွားသည် ပလွေသံကိုကြားလိုက်ကတည်းက သူတို့ဒုက္ခရောက်တော့မည်ကိုသိသည်။

ထို့ကြောင့် သူမသည် မိစ္ဆာသိုင်းကွက်ရှစ်ကွက်ဖြင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများကို တိုက်ခိုက်တော့သည်။

ဂိုဏ်းသားများကိုရှင်းလင်းပြီးမှသာ ဖန်ကောက်တင်ကို ရင်ဆိုင်တွေ့ရလိမ့်မည်ဟု သူမယုံကြည်မိသည်။

"ဗွီး"

"ဗုစ်... ဗုစ်"

"အင့်"

"အား"

ကြာဖြူကန်အဘွား၏ တောင်ဝှေးသည် လေထဲ၌ တဝင်းဝင်းဖြင့် ဖြတ်သန်းသွားသကဲ့သို့ ကျောက်စိမ်းနဂါးဂိုဏ်းသားများလည်း မြက်ပင်များရိတ်ဖြတ်သကဲ့သို့ လဲပြိုသွားကြသည်။

နောက်မှ တိုက်ခိုက်သူများမှာ ကြာဖြူကန်အဘွား၏တိုက်ကွက်ကိုကြည့်ပြီး အနည်းငယ်လန့်သွားသည်။



သို့သော် ဂိုဏ်းခွဲမှူးတို့က ကြာဖြူကန်အဘွား၏ တိုက်ကွက်ကို မကြောက်ချေ။ ဂိုဏ်းသားများကို အတင်းဝင်တိုက်စေသည်။

"လုံးဝ နောက်မဆုတ်ကြနဲ့၊ အဘွားကြီးကိုဆက်တိုက် အလျှော့ပေးဖို့ မကြိုးစားကြနဲ့"

ဂိုဏ်းခွဲမှူးတစ်ယောက်က အော်လိုက်၏။

ထို့ကြောင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် တလှုပ်လှုပ်နှင့် ရှေ့တက်လာကြ၏။

"ရွှမ်း"

ကြာဖြူကန်ဘွားဘွားသည် သူမ၏တောင်ဝှေးကိုဆွဲချွတ်လိုက်၏။ တောင်ဝှေးထဲမှ ဓားတစ်ချောင်း ထွက်လာသည်။

"ရွှမ်း... ရွှမ်း... ရွှမ်း"

ဓားကို**ဝှေ့ယမ်းလိုက်**သောအခါ တရွှမ်းရွှမ်းနှင့်အသံထွက်လာသည်။ **မီးစက်ဝန်းကြီးတစ်ခု** ရစ်ပတ်သလို ရစ်ပတ်လာသည်။

ကြာဖြူကန်ဘွားဘွားအား ဝိုင်းတိုက်နေသူများမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်၏။

ထိုအချိန်၌ ယန္တရားဖားကြီးကလည်း ဌာနချုပ်အနီးသို့ ရောက်ရှိလာသည်။

"ဂီး... ဂီး... ဂူး... ဂူး"

အသံကြီးသည် ယန္တရားသံကြီးမြည်ဟည်းနေ၏။ ဝင်ရောက်တိုက်ခိုက်ကြသည့် မိစ္ဆာဂိုဏ်းသားများကို သူ၏သံပါးစပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကိုက်ခဲဆွဲဖြုလိုက်၏။

သံလက်ကြီးများဖြင့်လည်း ဖိညှစ်သတ်သည်။ ယန္တရားသ ရုပ်ဖြစ်၍ မည်သည့်သိုင်းပညာမျှ မခံနိုင်တော့ချေ။

"ဂီး... ဂီး... ဂူး... ဂူး"

ကြာဖြူကန်ဘွားဘွားသည် ယန္တရားဖားရုပ်ကြီးကိုတွေ့ သောအခါ လန့်သွား၏။ ဖားရုပ်ကြီး၏ တိုက်ခိုက်သတ်ဖြတ်မှုကို လည်း လန့်သွားလေ၏။

ဤဖားရုပ်ကြီးကိုသိုင်းပညာဖြင့် တိုက်ခိုက်ရန် မရနိုင် ကြောင်း ကြာဖြူကန်ဘွားဘွား သိသွားသည်။

"ဟေး... အားလုံးပြေးကြ၊ လွတ်ရာကိုရှောင်ကြ"

ကြာဖြူကန်ဘွားဘွားသည် အားလုံးကိုအော်ဟစ်သတိပေး ပြီးနောက် သူမသည်လည်း အမှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ် သွားလေတော့၏။

ကြာဖြူကန်ဘွားဘွား ရှောင်တိမ်းသွားလေပြီ။



(၂၄)

ဖြစ်ပုံပျက်ပုံသနစ်ရုံ

ကြာဖြူကန်ဘွားဘွားကား ဘေးရန်မရှိဘဲ ရှောင်ထွက် သွားပေပြီ။

သူမသည် ဂိုဏ်းသားများကိုရှောင်ထွက်ရန် အော်ဟစ်သ တိပေးခဲ့သေးသည်။

သူမသည် ကိုယ်လွတ်ရုန်းပြေးခြင်းတော့ မဟုတ်ပါ။ အား လုံးကိုအော်ဟစ်ခဲ့ပါသေးသည်။

ဖားကြီးကား အောင်ပွဲခံနေလေပြီ။ မိစ္ဆာဂိုဏ်းသားများကို တစ်ယောက်ပြီးတစ်ယောက် နင်းခြေသတ်နေလေ၏။

"ဂီး... ဂီး... ဂူး... ဂူး"

"ဂီး... ဂီး... ဂူး... ဂူး"

ကျန်ရှိသည် ကြာဖြူကန်ဘွားဘွား၏အော်ဟစ်သတိပေး

www.burmeseclassic.com

www.burmeseclassic.com



သံကိုကြားသည်။ သို့သော်လည်း သူသည် ဖားကြီးအား ဖျက်ဆီးရန် အားသန်နေသည်။

ဖားကြီးကို သူ့အစွမ်းဖြင့် ဖျက်နိုင်မည်ဟု သူယုံကြည်နေလေ၏။ ထို့ကြောင့် သူသည် ဖားကြီးအနီးသို့ကပ်ကာ ကြည့်ရှုလေ့လာနေသည်။

ဖားကြီးကား သူ့ဂိုဏ်းသားများ၏အသက်ကို တစ်ယောက်ပြီးတစ်ယောက် ဝါးမျိုနေ၏။ ကျန်ရှုသည် အလွန်ဒေါသထွက်နေ၏။

ဖားကြီးကို အသက်သွင်းနေသူမှာ မည်သူနည်း။ အသက်သွင်းသူ မည်သည့်နေရာကိုရောက်နေသနည်း။ ကျန်ရှု ရှာဖွေသည်။ သို့သော် မတွေ့ရချေ။ ပလွေသံကိုသာ ကြားနေရ၏။

"ရှီ... ရှီ... ရှီ"

"ရှီ... ရှီ... ရှီ"

ကျန်ရှုသည် မီးတုတ်ကြီးကိုကိုင်လျက် ဖားကြီးရှေ့၌ ရပ်နေသည်။ ဖားကြီးမှာလည်း ကျန်ရှုအလှည့်မကျသေးသဖြင့် လှစ်လျူရှုထားခြင်းဖြစ်သည်။

ထိုသတ္တဝါကောင်ကြီးကိုသာ မီးရှို့နိုင်လျှင် ကျောက်စိမ်းနဂါးဂိုဏ်းရှုံးနိမ့်သွားမည်မှာ သေချာသည်။

ကျန်ရှုသည် အော်ဟစ်သံများကြားသဖြင့် နောက်သို့လှည့်ကြည့်မိ၏။ ထိုစဉ်...

"ဆရာ... နောက်မှာ... နောက်မှာ"

တပည့်ဖြစ်သူဝမ်ဖေးသည် ဆရာဖြစ်သူအား အော်ဟစ်သ



တိပေးလိုက်၏။

"ဝုန်း"

ယန္တရားဖားကြီးသည် ကျန်ရှုအား ခုန်အုပ်လိုက်သည်။ အကယ်၍ ယန္တရားဖားကြီးအောက်ရောက်သော် ကျန်ရှု စိစိညက်ညက်ကြေရမည်သာတည်း။

ကျန်ရှုသည် သူ၏တစ်ဖက်တည်းသောမျက်လုံးဖြင့် ရိပ်ခနဲမြင်လိုက်ရာ လိမ့်၍ရှောင်ထွက်လိုက်သဖြင့် သီသီကလေးလွတ်သွား၏။

ဖားကြီးသည် ကျန်ရှုကို ထပ်မံတိုက်ခိုက်ရန်အကွက်ကောင်းရှာနေဟန်ဖြင့် တဂီးဂီး တဝူးဝူးမြည်နေ၏။

ယန္တရားဖားကြီးကိုကြည့်ရသည်မှာ သည်းထိတ်ရင်ဖိုဖြစ်ဖွယ်ကောင်းသည်။

ဖားကြီးသည် အနီးကပ်ကြည့်လေလေ ရုပ်ဆိုးလေလေ ဖြစ်တော့သည်။

"ရှီ... ရှီ... ရှီ"

ကျောက်စိမ်းပလွေသံသည် ပို၍ သွက်လက်မြန်ဆန်လာလေ၏။ ထို့အတူ ဖားကြီး၏ပါးစပ်ဟပုံ၊ လက်ခြေလှုပ်ရှားပုံတို့မှာလည်း ပို၍မြန်ဆန်သွက်လက်လာ၏။

ဝမ်ဖေးမှာ ဆရာဖြစ်သူ လွတ်မြောက်သွားပုံကိုကြည့်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။

သူသည် ဆရာဖြစ်သူ၏ ကျန်ရှု၏လက်ထဲတွင် ပြေးပြင်း

www.burmeseclassic.com

www.burmeseclassic.com



လာရသူဖြစ်သည်။ ထို့ကြောင့် ဆရာ့အသက်သည် သူ့အသက်ပင် ဖြစ်နေသည်မဟုတ်ပါလား။

ထို့ပြင် ဆရာကျန်ရှုသည် သူ့ကိုယ်ကျိုးအတွက် တိုက်ပွဲဝင်နေသူမဟုတ်ပါ။

ကြာဖြူကန်ဘွားဘွားကဲ့သို့ ရှောင်ထွက်သွားလျှင် ရနိုင်ပါသည်။ **သို့သော် သူ့ဆရာကျန်ရှုသည်** မရှောင်ထွက်ချေ။

**မိစ္ဆာဂိုဏ်း၏အကျိုး**အတွက် သူ့ဆရာတိုက်ပွဲဝင်နေခြင်း **ဖြစ်သည်။ သူ့ဆရာသည်** မိုက်ရူးရဲလုပ်နေခြင်းမဟုတ်ပါ။

တကယ်တော့ မိုက်ရူးရဲလုပ်နေလျှင်လည်း ဝမ်ဖေးက ဆရာဖြစ်သူအား တားမြစ်လိမ့်မည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် သူ အင်မတန် ရိုသေလေး**စား**ရသောဆရာ ဖြစ်နေသောကြောင့်တည်း။

ကျုံးမုဆိုးဟန်ချင်းသည် ဝမ်ဖေးတို့ဆရာတပည့်လှုပ်ရှားနေပုံကို ကြည့်သည်။

သူသည် လေးမြားပညာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ထားသူဖြစ်၏။

သူသည် လေးနှင့်မြားကိုတင်လိုက်၏။ ထို့နောက် ကျန်ရှု၏ တစ်လုံးတည်းသောမျက်လုံးကို **ချိန်**လိုက်၏။

"ဖောက်"

မြားသည် ဖားကြီးကိုသာ တစိုက်မတ်မတ် ဂရုစိုက်**သည့် ကျန်ရှု၏မျက်လုံးအား** သွားစိုက်လေ၏။



"အား"

နာကျင်သောဝေဒနာကို ကျန်ရှုသည် ခံစားရလေ၏။

ဝမ်ဖေးသည် **ဆရာဖြစ်သူ**ကို ကယ်တင်နိုင်ရန် ခုန်လွှားပြေးထွက်လာ၏။

သူသည် လှံရှည်ကြီးတစ်ချောင်းဖြင့် ဆရာဖြစ်သူအား အကာအကွယ်ပေးသည်။

ဖားကြီးသည် သူတို့ရှိရာသို့ခုန်ဝင်လာသည်။

"ဝုန်း"

ဝမ်ဖေးသည် ဆရာဖြစ်သူအား ဖေးမ၍ နောက်သို့ဆုတ်ပေးသည်။

"ဂီး... ဂီး... ဂူး... ဂူး"

ဖားကြီးထံမှ စက်ကိရိယာများမြည်သောအသံသည် ထင်ရှားစွာ ပေါ်လာ၏။

"ဝုန်း"

ဖားကြီး ထပ်မံခုန်လာသောအခါ ဝမ်ဖေးသည် ဆရာဖြစ်သူအား တွန်းလွှတ်လိုက်ရသည်။ ဆရာ**ဖြစ်သူ**ကို ဖားကြီး**အနင်း**မခံစေချင်ပေ။

ဝမ်ဖေးသည် သူ့အနီးသို့ရောက်လာသည့် **ဖားကြီး**ကို ကြည့်လိုက်သည်။ ဖားကြီးသည် သံပြားများနှင့် **ရောယှက်ဆောက်**လုပ်ထားခြင်း ဖြစ်သည်။

မိစ္ဆာဂိုဏ်းသားများကို ဝါးမျိုးစားသောက်လိုက်ပုံမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကြောက်စရာ။

ဝမ်ဖေးသည် ယန္တရားဖားကြီး၏ကိုယ်ထည်ကို စေ့စေ့စပ်စပ်ကြည့်၏။

သံပြားများ တစ်ခုနှင့်တစ်ခုဆက်ထားသည့်နေရာ၌ အပေါက်ငယ်တစ်ခုတွေ့ရ၏။

ထိုအပေါက်မှ စက်ယန္တရားများလှုပ်ရှားပုံကို အတိုင်းသား မြင်ရသည်။

သူသည် သူကိုင်ထားသည့်လှံတံကို ထိုအပေါက်ထဲထိုးထည့်လိုက်သည်။

"ဒိုး"

"ဒုတ်"

"ဖြောင်း"

ထိုအပေါက်ငယ်ထဲသို့ လှံရှည်ထိုးသွင်းလိုက်ရာ ဒုတ်ခနဲမြည်ပြီး ဖားကြီးမှာ ခေတ္တခဏရပ်တန့်သွား၏။

သို့သော် ဘာမှုမကြာ လိုက်ချေ။ လှံရှည်ကြီးသည် ဖြောင်းခနဲ ကျိုးသွားလေ၏။

ဝမ်ဖေး ဘာမှုမတတ်နိုင်တော့။ ဆရာဖြစ်သူအား ပြေးခေါ်ပြီး ထွက်ပြေးရန် ကြံလိုက်မိသည်။ သူလှမ်းကြည့်လိုက်ရာ သူ့ဆရာကျန်ရှုသည် လဲကျနေရာမှထရပ်ရန် ကြိုးစားနေသည်။

"ဆရာ ကျွန်တော်လာပြီ"

သူသည် အော်ဟစ်ရင်း သူ့ဆရာဆီသို့ပြေးသည်။ ထိုစဉ်



ဖားကြီးသည် ခုန်လိုက်၏။

"ဝုန်း"

ဝမ်ဖေးနှင့် ဆရာကျန်ရှုကြားသို့ ဖားကြီးရောက်သွားသည်။

"ဆရာ လှည့်ပြေး လှည့်ပြေး"

ဝမ်ဖေးက အသံကုန်အော်၏။ ဖားကြီးသည် ဆရာကျန်ရှုအား လက်ကြီးဖြင့် နင်းခြေလိုက်သည်။

"ဗြိ... ဗြိ"

"အား"

ဆရာကျန်ရှု၏ မချိမဆံ့အော်သံသည် လွင့်ပျံ့ထွက်လာသည်။

"ဆရာ... ဆရာရယ်"

ဝမ်ဖေးသည် မျက်နှာကိုအုပ်လိုက်ပြီးနောက် မှောင်ထဲသို့ ပြေးထွက်သွားသည်။

ဝမ်ဖေးတစ်ယောက် ကြောက်လန့်တကြားဘွားဘွားကဲ့သို့ ရှောင်တိမ်းပြေးသွားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

## ဖြိုခွင်းခြည့်အစီအစဉ်

ရွှေစားသခင် စီလင်ရှုနှင့်ချင်ချင်သည် တောလမ်းကလေး တစ်ခုသို့ တွေ့ဆုံကြ၏။ တောလမ်းကလေးမှာ သာယာသည်။ လူသွားလူလာလည်း ပြတ်လပ်သည်။

သူတို့တွေ့ဆုံနေသော နေရာကလေးပင်။ ချင်ချင်သည် စီလင်ရှုအား ယူဆောင်လာခဲ့သည့် မြေပုံကို ပေးအပ်လေ၏။

ချင်ဖုန်အား အပျော်မယ်ကလေးက အစ်အောက်မေးမြန်း ပြီး မှတ်သားခဲ့သည့် မြေပုံပင်ဖြစ်သည်။ ကျောက်စိမ်းနဂါးဂိုဏ်း၏ တည်နေရာပင် ဖြစ်လေ၏။

"ဟ... တကယ့်နေရာပဲ"

"ဘာဖြစ်လို့လဲဟင်"

"ရေခဲတောင်တွေကြားမှာ ဌာနချုပ်က တည်ရှိနေတာဆို တော့ သွားဖို့လာဖို့ အင်မတန်ခက်တာပဲ"

ချင်ချင်က....



"အစ်ကိုတို့က ယောက်ျားပဲ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားပေါ့"

"နေဦး... ညီမ၊ ဒီမှာခဏစောင့်ဦး အစ်ကိုတို့ အဖော်တွေ ကို သွားခေါ်လိုက်ဦးမယ်"

စီလင်ရှုသည် ပြေးထွက်သွား၏။ မကြာခင် ပြန်ရောက်လာ သည်။ သူ့နောက်၌ ခွန်ချန်းနှင့်ဟုန်ကျင်းတို့ ပါလာသည်။

စီလင်ရှုက မြေပုံကိုပြပြီး အခြေအနေအစုံအလင်ကို ပြောပြ လိုက်လေ၏။

"ဟေ့... စီလင်ရှု၊ ရေခဲတောင်ပဲဖြစ်ဖြစ် မီးတောင်ပဲဖြစ်ဖြစ် ငါတို့ရောက်အောင်သွားရင် ဖြစ်ပါတယ်ကွ"

ခွန်ချန်းက ပြောလိုက်၏။

"အရမ်းမပြောပါနဲ့ဗျာ၊ စဉ်းစဉ်းစားစား ပြောပါ။ ကျုပ်တို့အ ခုကိစ္စက အားလုံးစဉ်းစဉ်းစားစားစားနဲ့ လုပ်ရမယ့်ကိစ္စဗျ"

ခွန်ချန်းသည် အရက်ဘူးကိုကောက်မော့နေလေ၏။

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက....

"ဒီမြေပုံရလာတာကတော့ အတော့်ကို ကောင်းတယ်၊ ပထ မ ကျုပ်တို့ဖြစ်နေတာက မျက်ကန်းတွေလိုဖြစ်နေတယ်၊ ဘယ်ကို လိုက်ရမှန်းမသိဘဲ ဖြစ်နေတယ်၊ ချင်ချင်က အခုလို ရလာတော့ ကျုပ်တို့အတွက် မျက်စိပွင့်သွားတာပါ"

ချင်ချင်က လက်အုပ်ချီရင်း....

"မှန်ပါ့ဘုရား၊ တပည့်တော်လဲ တော်တော်စွန့်ပြီး ဒီမြေပုံရ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ ဘုရား"

"ယုံပါတယ်... ယုံပါတယ်၊ ဒီကျောက်စိမ်းနဂါးကိုအကောင်တွေဆီက တော်ရုံတန်ရုံ သတင်းရဖို့မလွယ်ဘူးဆိုတာ"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက ခေါင်းညိတ်၍ပြောလိုက်လေ၏။

စီလင်ရှုက....

"သူတို့ရဲ့ဌာနချုပ်ဆီမသွားခင် ချင်ချင်ကိစ္စကို ဘယ်လိုလုပ်ကြမလဲဟင်"

စီလင်ရှု စိုးရိမ်မည်ဆိုကလည်း စိုးရိမ်လောက်သည်။ ချင်ချင်ကို ဖန်ကောက်တင်ကသာ လက်ထပ်ပေးပါဟုတောင်းဆိုလာလျှင် မြို့စားကြီးဝမ်ပင်းအနေဖြင့် မငြင်းပယ်ရဲသည်မှာ သေချာနေပြီမဟုတ်ပါလား။

ထိုအခါ ချင်ချင်က ဝင်ပြောလာ၏။

"ညီမအတွက် မပူပါနဲ့အစ်ကို၊ သမားတော်ကြီးမိုတီတစ်ယောက်လုံး အနားမှာရှိသေးတာပဲ"

စီလင်ရှုက....

"သမားတော်ကြီးမိုတီက ဘာများအသုံးကျလို့လဲ"

ချင်ချင်က သဘောကျစွာ ရယ်လိုက်၏။

"အစ်ကိုတို့က သမားတော်ကြီးမိုတီအကြောင်းကို မသိသေးဘဲကိုး၊ မျက်နှာတစ်ထောင်မိုတီဆိုတာ အစ်ကိုတို့မကြားဖူးဘူးမဟုတ်လား၊ အဲဒီသမားတော်ကြီး ညီမနားမှာရှိနေရင် ညီမအတွက်



စစ်သားတစ်ထောင်စောင့်နေတာနဲ့ တူနေပါတယ်၊ အရေးအကြီးဆုံးက ယန္တရားဖားကြီးကိုဖျက်ဆီးပစ်ဖို့နဲ့ ကျမ်းကိုပြန်ယူနိုင်ဖို့ပဲ မဟုတ်လား"

ချင်ချင်က သူမ နားလည်သဘောပေါက်ထားသည့်အတိုင်း ပြောလိုက်လေ၏။ စီလင်ရှုက ရှင်းပြလေ၏။

"အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ချင်ချင်ကိုလုံးဝစိတ်မချနိုင်ပါဘူး ကိုယ်တော်၊ ဘာဖြစ်လို့ တပည့်တော်စိတ်မချနိုင်တာလဲလို့ ကိုယ်တော်က မေးနိုင်ပါတယ်၊ ဖန်ကောက်တင်ဟာ ဉာဏ်နီဉာဏ်နက်များလွန်းလို့ပါပဲ"

"ဒါကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ချင်ဖုန်ကို မြို့စားသမက်ဖြစ်အောင် ကြံဆောင်မှာပဲ၊ ချင်ဖုန် မြို့စားသမက်ဖြစ်ရင် ဒီမြို့ဟာ သူ့လက်သူ့ခြေ ဖြစ်သွားပြီပေါ့"

"ကျုပ်တို့အားလုံး ကျောက်စိမ်းနဂါးဌာနချုပ်ကို သွားရောက်ဖြိုခွင်းနေချိန်မှာ ချင်ချင်အနားမှာ သမားတော်ကြီးမိုတီ လွဲလို့ ဘခြား ဘယ်သူမှမရှိဘူး၊ သမားတော်ကြီးမိုတီဟာ အသက်အရွယ်ကြီးရင့်နေပြီ၊ ဒါကြောင့် အန္တရာယ်ကိုရင်ဆိုင်နိုင်စွမ်း မရှိတော့ပါဘူး"

စီလင်ရှု ရှင်းပြချက်မှာလည်း မှန်ကန်သည်။ သမားတော်ကြီးတစ်ယောက်တည်းဆိုလျှင် ခုခံနိုင်မည်မဟုတ်ချေ။ တကယ်တမ်းဆိုလျှင် သူတို့သုံးယောက်ပူးပေါင်း အကြံထုတ်ရမည်ဖြစ်သည်။

"ဒါဆိုရင်လဲ မင်း ဒီမှာစောင့်ကျန်ရစ်ပေါ့ကွာ၊ ဒါမှ ချင်ချင်လုံခြုံမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ခွန်ချွန်း၏အကြံပေးချက်ကို စီလင်ရှုက လက်မခံချေ။

"ဟာ... ဘယ်ဖြစ်မှာလဲ၊ ကျောက်စိမ်းနဂါးကိုထားကိုဖြို့ခွင်းတဲ့နေရာမှာ ကျုပ်မပါလို့ မဖြစ်ပါဘူး၊ ကျုပ်လဲ ဒီအဖွဲ့ကိုဖြို့ချင်တာပေါ့"

**သူသည် ရဲဘော်ရဲဘက်စိတ် အပြည့်အဝရှိကြောင်း ပြသလိုက်ခြင်းပင်။**

"အစ်ကို့ကို **ညီမ ကတိပေး**ထားတဲ့စကားရှိတယ် မဟုတ်လား၊ အဲဒါကို မှတ်မိ**သေးရဲ့လားလို့** အစ်ကိုမေးချင်တာပါ"

"အို... အစ်ကိုရယ်"

"မှတ်မိရဲ့လားဟင်"

"မှတ်မိတာပေါ့ **အစ်ကိုရယ်၊** ညီမ လုံးဝမမေ့ပါဘူး"

သာယာနာပျော်ဖွယ်**ကောင်းသည့်** အသံကလေးသည်တိမ်ဝင်သွားလေ၏။ ချင်ချင်သည် နှမ်းနယ်စွာ ပြုံးပြလေ၏။ ထို့နောက် ဝတ်စုံထဲမှ ပုတီးကလေးကိုထုတ်ပြလိုက်သည်။

"သွားတော့မယ်နော်"

သူမသည် နှုတ်ဆက်ထွက်ခွာသွား၏။

နေရောင်ခြည်သည် ဝတ်စုံကြီးဖြန့်ချထားသလို အလင်းရောင်များ ကျနေ၏။ နေမင်းကြီး ဝင်တော့မည်မဟုတ်ပါလား။

ရဲသုံးဘော်တို့သည် ချင်ချင်၏ဝေးကွာသွားသော ကျောပြင်ကလေးကိုငေးကြည့်နေမိလေ၏။



(၂၆)

# သဝဏ်လွှာ

**ကျောက်စိမ်းပလွေရှင်၏စစ်ခြေရင်းတွင် အောင်မြင်မှုအ**ဆင့်ဆင့်သည် ခြေနင်းကြမ်းတုံးများသဖွယ် အဆင်သင့်ဖြစ်နေလေပြီ။

"ယန္တရားဖားကြီး"

သူသည် ဤဖားကြီးကိုအတော်ဦးနှောက်ခြောက်အောင် တီထွင်တပ်ဆင်ခဲ့ရသည်။ တီထွင်ရကျိုးလည်း နပ်ခဲ့သည်။

ဤသတ္တဝါကောင်ကြီးရှိနေသမျှ တစ်နယ်လုံးက သူ့အား ခြိမ်းခြောက်မှု ကြောက်ရွံ့ကြမည်မဟုတ်ပါလော။

သူသည် နောက်ထပ် ယန္တရားဖားရုပ်တစ်ရုပ် တပ်ဆင်ရန် စိတ်ကူးနေသည်။

ယန္တရားဖားကြီးများကို တပ်ဆင်ပြီးလျှင် **လူသားနှင့်** ယန္တရားစစ်ပွဲကို ဆက်လက်ဆင်နွှဲရုံပင်ရှိတော့သည် မဟုတ်ပါလား။

www.burmeseclassic.com



သိုင်းလောကၣ် ထိပ်သီးသိုင်းသမားဟူ၍ ကျော်ကြားသူ ဖြစ်စေရ။ စက်ယန္တရားကို အန်တုယှဉ်ပြိုင်မည့်သိုင်းသမားမရှိစေရ။

အခြားအခြားသော သိုင်းအဖွဲ့အစည်းအားလုံးကို ဤလောကၣ် ပပျောက်သွားစေရမည်။

ထို့ပြင် သိုင်းကျမ်းများ သိုလှောင်ထားသည့်နေရာ ဘုန်းကြီးကျောင်း၊ ပြတိုက်များကိုလည်း ဖျက်ဆီးပစ်ရန် ဖန်ကောက်တင်၏ စိတ်ထဲတွင် တေးထား၏။

ဖန်ကောက်တင်သည် အနာဂတ်ဖြစ်လာနိုင်မည့် အရာအားလုံးကိုတွေးတောရင်း ကျေနပ်ပီတိဖြစ်နေမိ၏။

"ဆရာကြီး"

မရဲတရဲ ခေါ်လိုက်သည့် ချင်ဖုန်၏အသံသည် တိုးညင်းစွာ ပေါ်ထွက်လာသည်။

ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်၏ အတွေးများသည် ပြတ်တောက်သွားသည်။

သူသည် လက်ထဲတွင်ကိုင်ထားသောကျောက်စိမ်းပလွေကို ခါးကြား၌ ထိုးထည့်လိုက်၏။

သူသည် ခန္ဓာကိုယ်ကိုလှည့်လိုက်သည်။

"ဝင်ခဲ့"

သူ၏တပည့်ရင်းဖြစ်၍ သိပ်ဟန်ပန်မလုပ်တော့ချေ။

"ဘာများ အကြောင်းထူးလာပြန်ပြီလဲ"

ချင်ဖုန်သည် စာတစ်စောင်ကို အသင့်ကိုင်ထား၏။



"မြို့စားကြီးဝမ်ပင်းက မေးခိုင်းလိုက်လို့ပါ ဆရာကြီး"

"ဟေ"

ဖန်ကောက်တင် အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် မြို့စားဝမ်ပင်းက မည်သည့်အခါကမှုစတင်၍ အဆက်အသွယ်မလုပ်ဘူးသောကြောင့်တည်း။

သူကသာ အမြဲတမ်း မြို့စားဝမ်ပင်းကို ဆက်သွယ်ခဲ့ရသည်။ ယခုနောက်ပိုင်း၌ မဆက်သွယ်ခဲ့သည်မှာ ကြာပြီဖြစ်၏။

သူသည် ယန္တရားဖားရုပ်ကိုဆောက်လုပ်ခဲ့သည်မှာ အလွန်ခေါင်းရှုပ်ခဲ့သည်မဟုတ်ပါလား။ ထို့ကြောင့် မြို့စားနှင့်မဆက်သွယ်ခဲ့ရချေ။

ယန္တရားဖားရုပ်ကြီး စမ်းသပ်ပြသည့်ပွဲတွင် မြို့စားဝမ်ပင်းကိုဖိတ်ခေါ်ပြသခဲ့၏။ ဖားရုပ်ကြီးသည် အမှန်တကယ် အစွမ်းထက်ခဲ့၏။

ထိုနေ့ရက်မှစ၍ မြို့စားဝမ်ပင်း နေထိုင်မကောင်းဖြစ်ခဲ့သည်ဟု သူသိခဲ့ရ၏။

"စာကိုဖောက်လိုက်စမ်း"

ချင်ဖုန်သည် စာအိတ်ကိုဖောက်၍ အထဲမှစာကိုထုတ်လိုက်သည်။

ဖန်ကောက်တင်သည် တပည့်ဖြစ်သူ၏မျက်နှာကိုအကဲခတ် ကြည့်ရှုလိုက်သည်။

တပည့်၏မျက်နှာပေါ်ရှိ မည်သည့်အမူအရာမျှ မတွေ့ရသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စာကိုဖတ်ရန် ဖြန့်လိုက်သည်။

စာကိုဖတ်ရင်း သူ့မျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်။

စာထဲ၌ ထူးခြားမှုတစ်ခုခုရှိနေပြီဖြစ်ကြောင်း ချင်ဖုန်ရိပ်မိသိရှိလေ၏။

ထို့ကြောင့် သူ့အတွက် မင်္ဂလာသတင်းဖြစ်ပါစေဟု ဆုတောင်းမိသည်။

ဖန်ကောက်တင်သည် စာကိုဖတ်ပြီး ကျေနပ်စွာပြုံးလေ၏။ သူ့နောက်နား၌ မျက်လွှာချပြီးရပ်နေသည့် တပည့်ဖြစ်သူကိုကြည့်လိုက်သည်။

"ရော့... ဖတ်ကြည့်စမ်း"

ဆရာဖြစ်သူ၏စကားကိုကြားလိုက်ရသောအခါ ချင်ဖုန်သည် သူ့နားသူ **မယုံသလိုဖြစ်သွားလေ၏**။ သူသည် စာပါအကြောင်းအရာများကို **အလွန်သိချင်နေသည်**။

သူ့ကိုဖတ်ခိုင်း**သောအခါ** သူသည် မယုံမရဲဖြင့်လှမ်းကြည့်သည်။

"ရော့လေ... စာကိုဖတ်ကြည့်"

သူသည် မယူဝံ့ဝံ့ယူဝံ့ စာကိုယူလိုက်၏။ စာကိုဖတ်လိုက်သည်။

"ကျွန်ုပ်လေးစားရပါသော ကျောက်စိမ်းနဂါးဂိုဏ်း**ချုပ် အ**ကြည်တော် ဖန်ကောက်တင်...



အသင်၏အစွမ်းကား မယုံနိုင်လောက်အောင် ထက်မြက်ပါပေသည်။ သင်တီထွင်လိုက်သည့် ယန္တရားသည် အလွန်ဆန်းကြယ်လှပါသည်။ ထိုဖားကြောင့် ကျွန်ုပ်တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြစ်ရပါသည်။

သင့်အပေါ်တွင် ယခင်ကထက်ပို၍ ချစ်ခင်အားကိုးလိုစိတ်များလည်း တဖွားဖွားပေါ်ခဲ့ရပါသည်။ **ကျွန်ုပ်**၏သမီးငယ်ချင်ချင်နှင့်သင်၏တပည့်ရင်း ချင်ဖုန်တို့လက်**ထပ်မည့်**ကိစ္စကို အမြန်ဆုံးစီစဉ်ပေးချင်ပါသည်။

ရွှေလမ်းငွေလမ်းဖောက်၍ ရွှေတံခါးငွေတံခါးပွင့်ပါစေ။

မြို့စားကြီးဝမ်ပင်း"

စာဖတ်၍ဆုံးသောအခါ ချင်ဖုန်သည် အားရပါးရ ပြုံးပျော်မိလေသည်။ ဖန်ကောက်တင်သည် ပြုံး၍မေးလေသည်။

"ဘယ့်နှယ်လဲ ချင်ဖုန်၊ မင်းဆရာရဲ့ ဂုဏ်သတင်းဟာ ဘယ်လောက်ကြီးမြင့်လာပြီလဲဆိုတာ မင်း သိပြီမဟုတ်လား"

ချင်ဖုန်က အားရပါးရ ထောက်ခံလေ၏။

"ယုံပါတယ်ဆရာ ယုံပါတယ်၊ ဆရာကြီးရဲ့တပည့်တွေ မသိရင် ဘယ်သူ**တွေသိမှာလဲ**၊ အခုတော့ မြို့စားဝမ်ပင်း ဆရာရဲ့ခြေရင်းမှာ ဝပ်ဆင်း**ရပြီမဟုတ်လား**"

"ဟား... ဟား... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက်အတိုင်းအဖောက်ညီစွာ ပြောပြီး တဟားဟားနှင့် ရယ်မောမိကြလေ၏။

ဖန်ကောက်တင်က…

"မြို့စားဝမ်ပင်းက ဘယ်အချိန်ကစပြီး ငါ့ကိုဖြုံသွားတာလဲ ဆိုတာ မင်းသိရဲ့လား"

"ဘယ်အချိန်ကလဲ ဆရာ"

"ဟာ… ယန္တရားဖားကြီးပွဲထုတ်တဲ့နေ့ကပေါ့ တပည့်ရဲ့ အဲဒီမှာတင် သူဟာ ကြောက်ချေးကြောက်သေးပါသွားတာပေါ့ တပည့်ရဲ့"

"ဟုတ်မယ် ဆရာကြီး ဟုတ်မယ်"

ဆရာတပည့်နှစ်ယောက်သည် ပြုံးပြုံးသားကိစ္စများကိုအရသာခံ၍ ပြောနေကြလေ၏။

စင်စစ် သူတို့သည် ဤစာကိုမည်သူရေးကြောင်း မသိကြပါ။

သူတို့စိတ်ထဲတွင် မြို့စားဝမ်ပင်းရေးသည်ဟုသာ ထင်နေကြပါသည်။

တကယ်တော့ ဤစာကို ချင်ချင် ရေးပို့လိုက်ခြင်းသာတည်း။

ချင်ချင်သည် သမားတော်ကြီးမိုတီနှင့်တိုင်ပင်ပြီး လက်ထပ်ရန်ကိစ္စကိုအမြန်ဆုံးဆောင်ရွက်ရန် ရေးပို့လိုက်ခြင်းသာဖြစ်သည်။

ဤအကြောင်းကို ဖန်ကောက်တင် လုံးဝမသိချေ။ မြို့စား



ကြီး သူတို့ကိုအကြောက်လွန်ပြီး ရေးလိုက်သည်ဟုသာ ထင်နေသည်။

"ကျွန်တော်သာ မြို့စားရဲ့သမီးကိုရရင် ဆရာကြီးကို စံတော်အိမ်ကြီးထဲခေါ်ထားပြီး သီးသန့်ကိုးကွယ်ထားပါ့မယ် ဆရာကြီးရယ်"

ထိုအခါ ဖန်ကောက်တင်က တဟားဟား ရယ်တော့၏။

"ယုံတယ်တပည့်၊ ငါတပည့်ဆို ဆရာယုံတယ်၊ ငါကလဲ တပည့်တွေ အများကြီးရှိတဲ့ကြားက မင်းကိုရွေးပြီး စီစဉ်ပေးတာကွ၊ မင်း အဲဒါကိုသဘောပေါက်၊ အေး…ငါ့ကို သစ္စာဖောက်ဖို့တော့ မကြိုးစားနဲ့၊ ယန္တရားဖားစာ ကျွေးပစ်လိုက်မယ်"

"ဆရာကြီးရယ် ဆရာကြီးက သေဆိုရင်သေ ရှင်ဆိုရင်ရှင်တဲ့ တပည့်ပါ၊ သစ္စာဖောက်တဲ့စကား မပြောပါနဲ့လား ဆရာကြီးရယ်"

ဖန်ကောက်တင်သည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေ၏။

ချင်ဖုန်သည် ဖားကိုတော့ အသေကြောက်သည်။ ယခင်ကလည်း သူ့ဆရာဆိုလျှင် အသေကြောက်ခဲ့သည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



## (၂၇)

## လူရမ်းကားဆိုင်

ဟိုင်စွိ စားသောက်ဆိုင်....။

မြို့လယ်ကောင်၌တည်ရှိသော စားသောက်ဆိုင်ဖြစ်သည်။ လူပေါင်းစုံစားသောက်သည့်ဆိုင်လည်း ဖြစ်သည်။

ဆိုင်ရှင်၏နာမည်မှာ ဟိုင်စွိဖြစ်၏။ ဟိုင်စွိသည် လူမိုက်တစ်ယောက်ဖြစ်ရုံမျှမက သူနှင့်ဆက်ဆံသူတိုင်းအား ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလေ့ရှိ၏။

ဆိုင်ရှင်က ရိုင်းပျနေမှတော့ စားပွဲထိုးများကလည်း ရိုင်းရိုင်းစိုင်းစိုင်းပင် စားသောက်သူများကို ဆက်ဆံကြ၏။

အိုးရွဲ့စလောင်းရွဲ့နှင့်ဖုံးဟူသည့်စကားအတိုင်း ဆိုင်ရှင်စားပွဲထိုးများက ရိုင်းနေသောအခါ စားသောက်သူများကလည်း ထိုဆက်ဆံမှုများကို ထိမထင်သည့် ရိုင်းရိုင်းစိုင်းစိုင်းလူတန်းစားများက လာရောက်စားသောက်ကြသည်။



ထိုဆိုင်သည် ရိုင်းစိုင်းသဖြင့် စားသောက်သူများမရှိဟု မထင်လိုက်ပါနှင့်။ စားသောက်သူများ စည်ကားမြဲ စည်ကားဆဲသာ ဖြစ်ပါသည်။

ဤသို့လူစည်ကားနေရခြင်းမှာ အကြောင်းရှိသည်။

ဤစားသောက်ဆိုင်တွင် အစားအသောက်များ ပေါပေါလောလောရရှိခြင်း၊ အရက်ကိုစိတ်ကြိုက်သောက်နိုင်ခြင်း၊ ဈေးနှုန်းချိုသာခြင်း ပြဿနာတစ်စုံတစ်ရာရှိလျှင် ချက်ချင်းပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်း စသောအချက်များသည် ဤဆိုင် လူစည်ကားရခြင်း အချက်များဖြစ်၏။

ဆိုင်သို့ လူရမ်းကားများ ရောက်ရှိလာကြသော်လည်း ဆိုင်ရှင်က လူမိုက်ဖြစ်နေသဖြင့် ရန်မဖြစ်ရဲကြချေ။ ရန်ဖြစ်လျှင်လည်း ဟိုင်စွိက ဒိုင်ခံဖြေရှင်းပေးသည်သာ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ လူဆိုးလူရမ်းကားများ စားသောက်သည့်ဆိုင်သည် အေးအေးချမ်းချမ်းရှိသည်ကတော့ အလွန်ပင်ဖြစ်သည်။

ထိုဆိုင်သို့ သုံးယောက်ပေါင်းလောင်းကျော် သုံးယောက် ရောက်ရှိလာကြသည်။

ထိုသူများကား ရှောင်လင်ကိုယ်တော် ဟုန်ကျင်း၊ ရွှေစားသခင်စီလင်ရှုနှင့် ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချန်းတို့ပင် ဖြစ်ကြသည်။

သူတို့သည် ဆိုင်ထဲတွင် မောမောပန်းပန်းထိုင်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... စားပွဲထိုးကလေး လာစမ်း"

စားပွဲထိုးကလေးကား ဂရုမစိုက်ချေ။ သူလုပ်ချင်ရာကို လုပ်နေသည်။

စီလင်ရှုက....

"ဟာ... ဒီဆိုင်က တစ်မျိုးပါလား"

"ဘာဖြစ်လို့လဲ"

ခွန်ချွန်းက မေးလိုက်၏။

"ခေါ်တာ ဂရုမစိုက်ဘူးလေ၊ ကြည့်ရတာ အခါတစ်ရာလောက် ခေါ်ရမယ်နဲ့တူတယ်"

"လာမှာပါကွာ"

သုံးခွန်းမျှ ဆက်ခေါ်သောအခါ စားပွဲထိုးကလေးရောက်လာသည်။

သူတို့စားချင်ရာ သက်သတ်လွတ်ဟင်း၊ ဟင်းပွဲအစရှိသည်တို့ကိုမှာကြားလေ၏။

မကြာမီ ဟင်းများရောက်လာသဖြင့် စားသောက်ကြသည်။

စီလင်ရှုက....

"ခွန်ချွန်းက ဟင်းချက် ဘယ်ဆိုးလို့လဲဗျ၊ ကျုပ်က ခင်ဗျားပြောပုံထောက်ပြီး ခပ်ညံ့ညံ့ဆိုင်အောက်မေ့နေတာ"

စားပွဲထိုးကလေးတစ်ယောက်သည် စီလင်ရှုပြောသည့်စကားကို ကြားသွားသည်။ သူသည် စားပွဲဆီသို့ပြန်လျှောက်လာ၏။

"စောစောက စကားကို ခင်ဗျားပြောတာလား"



"အေး"

"ကျုပ်တို့ဆိုင်ကို နာမည်ဖျက်ဖို့မကြံနဲ့ဗျ၊ ဒီဆိုင်ဟာ ဒီနေရာမှာ အရောင်းရဆုံးဆိုင်ဗျ၊ ဘယ်ဆိုင်မှ ကျုပ်တို့ဆိုင်ကို မမီဘူး၊ အစားအသောက်ကောင်းတယ်၊ ဈေးချိုတယ်၊ ဒီလိုဆိုင်မျိုး ဒီနားမှာမရှိဘူးဗျ၊ ခင်ဗျားတို့ ကျုပ်တို့ထမင်းအိုးကိုခွဲရင် ခင်ဗျားတို့လဲ ခေါင်းပြုတ်မှာပဲ"

စားပွဲထိုးကလေးက ဟောက်လိုက်လေ၏။

စီလင်ရှုမှာ စားပွဲထိုးလေး၏စကားကြောင့် ခေါင်းပုသွား၏။

ခွန်ချွန်းက တောင်းပန်ရသည်။

"ငါတို့က မင်းတို့ဆိုင်ကိုမကောင်းဘူးလို့ပြောတာ မဟုတ်ပါဘူးကွာ၊ ဈေးပေါပေါနဲ့စားရတယ်၊ စားကြည့်လို့ပြောတာပါ၊ မင်းတို့ဆိုင်က ဟင်းလျာတွေကလဲ ကောင်းပါတယ်"

"အင်း... ဒီလိုဆိုတော့လဲ မဆိုးပါဘူး၊ အရက်ဆိုရင် သောက်ကြည့် မီးဟုန်းဟုန်းတောက်သွားမယ်၊ အသည်းကင်ပြီးသား ဖြစ်သွားမယ်"

ခွန်ချွန်းက ရယ်မောရင်း....

"ဟုတ်ပါ့မလား မောင်ရာ၊ ကျုပ်တို့က လက်တွေ့သမားနော်၊ မင်းပြောတဲ့အရက်ကို သောက်ကြည့်မှာကွ၊ ဟောဒီအရက်ဘူး မင်းတို့နမူနာပေးနိုင်ပါ့မလား"

"ဟာ... ဒါတော့ နမူနာမပေးနိုင်ဘူးဗျ၊ ကျုပ်က စားပွဲထိုး

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဟိုဟာဒီဟာတွေ လျှောက်ပေးခွင့်မရှိဘူး၊ ကျုပ်အပေါ်ကလူတွေ ကျုပ်ကိုထုလိမ့်မယ်"

**သူသည် စီလင်ရှတို့အား** ကြည့်လိုက်ပြီး....

**"ခင်ဗျားတို့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်သောက်ပါလား၊ ဟို** လူက **သားသားနားနား** ရှိတာပဲဥစ္စာ"

စီလင်ရှုက ရယ်လိုက်၏။

"ငါက ဝတ်စားထားတာ သားနားပေမယ့် ပိုက်ဆံတော့ မရှိဘူးကွ"

စားပွဲထိုးကလေးသည် ခေတ္တမျှ စဉ်းစားလိုက်၏။

"ကောင်းပြီ၊ ခင်ဗျားအရက်ဘူး အရက်တော့အပြည့်မရဘူး၊ တစ်ဝက်ကိုတော့ ကျုပ်အကျိုးအကြောင်းပြောပြီး ထည့်ပေးမယ်"

"ကျေးဇူးပါပဲကွာ"

"အဲဒါသောက်ပြီး ခင်ဗျားတို့လက်ခံရင် ဝယ်သောက်ရမယ် နော်"

**"ဝယ်သောက်ပါ့မယ်ဗျာ"**

**ထိုအခါ စားပွဲထိုးကောင်**လေးသည် ခွန်ချန်းထံမှအရက်ဘူး ကိုယူကာ ဆိုင်နောက်**ဘက်သို့ဝင်**သွားလေ၏။

ခွန်ချန်းက **ကြွားလိုက်**၏။

"တွေ့လား ငါ့ အရက်အလကားသောက်ရအောင်လုပ်တာ ကွ၊ ဒီကောင်လေး ဘာမှမသိဘူး"

"မထင်နဲ့ဗျ၊ ဒီဆိုင်က အရက်က ဒီလောက်ကောင်းမယ်



မထင်ဘူး"

"မင်းပြောတာ မှားသွားပြီကွ၊ ဟိုင်စွီဟာ အရက်သမားကွ၊ သူက အရက်ကောင်း ရောင်းတတ်တယ်"

"ကြည့်ဦးပေါ့ဗျာ"

ထိုစဉ် အခြားတစ်ပိုင်းမှ ဆူဆူညံညံအသံများကို ကြားလာ ရလေ၏။

"ဟော့ကောင် မင်း ဘယ်လိုလုပ်တာလဲ"

အမေးခံရသူက ဝမ်ဖေးတည်း။ ဝမ်ဖေးသည် မိစ္ဆာဂိုဏ်း သားဖြစ်ပြီး ယန္တရားဖားကြီးတိုက်ခိုက်လာသောတိုက်ပွဲ၌ လက်တစ် ဖက်ဆုံးရှုံးသွားရသူဖြစ်သည်။

စားပွဲထိုးက ဝမ်ဖေး၏ကုပ်ကိုဆွဲပြီး ပြော၏။

"မင်း ပိုက်ဆံမပါဘဲနဲ့ ဒီဆိုင်ကို ဝင်စားတာမဟုတ်လား"

"မဟုတ်ရပါဘူးဗျာ၊ ကျုပ်မှာ ပိုက်ဆံပါပါတယ်၊ အဲဒီပိုက် ဆံကျပျောက်သွားလို့ပါ"

"မယုံဘူးဗျာ၊ လုံးဝမယုံဘူး"

အခြေအနေမကောင်းတော့ပေ။

စားပွဲထိုးသည် အတင်းမာဆုံးအခြေအနေသို့ ရောက်ရှိသွား သည်။ စီလင်ရှုသည် ပြဿနာကိုဝင်ရှင်းရန် ဖင်တကြွကြွဖြစ်နေ၏။ ချောင်လင်ကိုယ်တော်ဟုန်ကျင်းက....

"ဒကာကြီး ခဏစောင့်ကြည့်ပါဦး၊ ကျုပ်တို့မဝင်လဲ ဆိုးဆိုး ဝါးဝါးတော့ဖြစ်မှာ မဟုတ်ပါဘူး၊ ဖြစ်တော့လဲ ဝင်တိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခွန်ချုန်းနှင့် ဟုန်ကျင်းတို့သည် စီလင်ရှုအား ဆွဲထားကြ သည်။

"မဟုတ်ဘူးကိုယ်တော်၊ ဟိုလူအမှန်အတိုင်းပြောနေတာလို့ တပည့်တော် ထင်တယ်"

"အခြေအနေ ကြည့်ပါဦးလေ"

"နည်းနည်းနောက်ကျမှဝင်လဲ အခြေအနေကတော့ အဆိုး ဆုံးမဖြစ်မသွားပါဘူး"

ထို့ကြောင့် စီလင်ရှု ထိုင်နေလိုက်ရတော့၏။ ပြဿနာကား ဖြေရှင်းနေရဆဲ။



(၂၈)

## လူရမ်းကားကိုဆုံးမခွဲ

ထိုအခြေအနေသည် ပိုမိုဆိုးရွားမည့်အခြေအနေသို့ဆိုက် ရောက်သွားသည်။

ဆိုင်ရှင်ဟိုင်စွီသည် ထိုစားပွဲသို့ထလာခြင်းတည်း။

"ဟေ့... ဘာဖြစ်နေတာလဲ"

ခြင်္သေ့ဟိန်းသံကဲ့သို့ ဟိန်းဟောက်သည့်အသံကြီးပေါ်လာ သည်။

စားသောက်နေသူအပေါင်းသည် စားသောက်သူဝမ်ဖေး တော့ ဒုက္ခရောက်ပြီဟု တွေးနေကြ၏။

"ပိုက်ဆံပျောက်သွားတယ်လို့ပြောနေတယ် ဆရာ၊ အလ ကား ညာတာပါ"

"ဘာကွ"

ဟိုင်စွီ၏မျက်လုံးသည် ကျဉ်းမြောင်းသွား၏။ ပြောင်လက်

www.burmeseclassic.com



နေသော သူ့ခေါင်းတုံးကြီးကိုပွတ်ပြီး စားပွဲဆီသို့လျှောက်လာ‌လေ၏။

"မင်းက ငါ့ဆိုင်ကို တစ်ပတ်ရိုက်ပြီး စားတဲ့သဘောပေ ဟုတ်လား"

"မ... မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားဆိုင်ဟာ ဈေးလဲချို အစား အသောက်လဲကောင်းလို့ ဝင်စားတာပါဗျာ၊ တစ်ပတ်ရိုက်ပြီး စားမယ် ဆိုတဲ့သဘောမရှိပါဘူးဗျာ"

"တော်စမ်း... ဒါမျိုးတွေ ရိုးနေပြီကွ၊ မရှိရင် အကြွေးစားနိုင် တယ်. ငါကြေညာထားတယ်၊ ဒါတောင် လိမ်ချင်တဲ့ကောင်ပဲကိုး"

"ကျွန်တော်လိမ်တာ မဟုတ်ပါဘူးဗျာ"

"ဖြန်း"

ဝမ်ဖေး၏ပါးပြင်ကို ဟိုင်စွီသည် ပြင်းထန်စွာရိုက်လိုက် သည်။

ဖမ်ဖေးမှာ လူရော‌ကုလားထိုင်ပါ လွင့်သွားသည်။ ဆိုင်ထဲ၌ စားသောက်နေသူများ၏စကားပြောသံ၊ ရယ်မောသံများ တိတ် ဆိတ်သွား၏။

ဟိုင်စွီသည် ဒေါသထွက်လျှင် ဘာကိုမျှမြင်သည့်လူ မဟုတ် ပေ။ ဒေါသဖြစ်နေလျှင် ဝက်ဝံကြီးတစ်ကောင်ကဲ့သို့ ကုတ်ဖဲ့ ပစ်ချင်သူ ဖြစ်၏။

ကြွေးပေးရမည့်ရက်တွင် ကြွေးမပေးသူသည် သေဖို့သာ ပြင်ပေရော့။ ဟိုင်စွီ၏လက်သံကိုကောင်းကောင်း မြည်းရမည်ဖြစ် သည်။



ယခု ဝမ်ဖေးကိုလိမ်လည်၍ စားသောက်သူဟု ဟိုင်စွီယုံ ကြည်နေပေပြီ။

"ထစမ်း ဟေ့ကောင်"

ဝမ်ဖေးမှာ ကုလားထိုင်ရော လူပါလိမ့်ကျသွားရာ ရုတ်တ ရက် မထနိုင်ချေ။ သူ့တွင် လက်တစ်ဖက်လည်း ပြတ်နေသည်မ ဟုတ်ပါလော။

"ထဆို... ငါပြောနေတယ်"

ဟိုင်စွီက ခြိမ်းခြောက်လိုက်၏။

"သူ့ကို လက်ဖျားနဲ့တောင် မတို့ထိပါနဲ့မိတ်ဆွေ၊ သူစား သောက်ထားတဲ့ကျသင့်ငွေကို ကျုပ်ရှင်းပေးမယ်"

စီလင်ရှူသည် ထလာပြီး ဟိုင်စွီကိုပြောလိုက်သေ၏။

ခေါင်းတုံးကြီး ဟိုင်စွီသည် စီလင်ရှူကိုမျက်ထောင့်နီကြီးနှင့် စူးစိုက်ကြည့်လေ၏။

သူသည် ဒေါသဖြစ်နေပြီ။ ဒေါသဖြစ်နေလျှင် မည်သူ့ကိုမျှ မြင်တော့ပေ။

"မင်း ဘယ်သူလဲ"

"ငွေရှင်းမယ့်လူလေ"

"ဘာကွ"

ပမာမခန့်ပြောဆိုလိုက်သည့်စကားများသည် သူ့ဒေါသကို ၍ ထကြွစေသည်။ သူသည် စီလင်ရှူကို ရန်လိုသောအကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

စီလင်ရှုက....

"ဘာဖြစ်သွားတာလဲဗျာ၊ ကျုပ်စကားထဲမှာ ဘာများထူးဆန်းတာပါလို့လဲ၊ ကျုပ် ဘယ်သူလဲလို့ ခင်ဗျားမေးဖို့လဲ မလိုပါဘူး ကျုပ်နာမည်သိလို့လဲ ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေမဖြစ်နိုင်ပါဘူး ခင်ဗျားသိဖို့လိုတာက သူ့ရဲ့စားပွဲက စားသောက်လို့ကုန်ကျတဲ့ငွေတွေပါပဲ"

စီလင်ရှု၏စကားမှာ အေးဆေးသော်လည်း ဟိုင်စွီအတွက် လုံးဝနားမခံသာသော အောက်ကလိအာ စကားဖြစ်နေသည်။

ဟိုင်စွီသည် အလွန်နားခါးသွား၏။ ယခုအချိန်အထိ သူ့ဆိုင်ထဲတွင် သူ့ကိုဤသို့ပြောသူ မရှိခဲ့ဖူးသေးချေ။

ဟိုင်စွီက ဒေါသဖြင့် အော်လိုက်၏။

"ဟေ့ကောင် တိတ်စမ်း၊ မင်း ဒီကိစ္စမှာ ဘာမှရှုပ်ဖို့မလိုဘူး"

စီလင်ရှုက ပြုံးလိုက်၏။

"ဒီကိစ္စကို ခင်ဗျားတို့ကသာ ရှုပ်ဖို့လုပ်နေတာပါ၊ ကျုပ်က ဒီကိစ္စရှင်းဖို့ ဝင်ကြိုးစားနေတာဗျ"

ဟိုင်စွီတစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာ၏။ မိုက်သွေးကြွသောမျက်နှာကြီးဖြင့် စီလင်ရှုကို အမှုန့်ချေရန် ရှေ့သို့တိုးလာတော့သည်။

ပွဲအခြေအနေက မဟန်တော့ပေ။ တိုက်ပွဲတော့ ဖြစ်လေ



ပေမည်။ အနီးအနားစားပွဲမှာ ထိုင်နေသူများ ဖယ်ခွာသွားကြ၏။

လူချင်းကိုယှဉ်ကြည့်လိုက်ပါဦး။ ဟိုင်စွီသည် [illegible] စားမကုန်သော ခန္ဓာကိုယ်ကြီးရှိ၏။ ကြွက်သားများ အမြောင်းမြောင်းထနေသည်။

စီလင်ရှုမှာ သာမန်ကိုယ်လုံးသာရှိသည်။ သူလိုကိုယ်လိုသာ ဖြစ်သည်။

"ခွမ်း"

ဟိုင်စွီသည် သူ့ဦးခေါင်း မည်မျှမာကျောကြောင်း ပြသရန် စားပွဲပေါ်ရှိ အရက်အိုးတစ်လုံးကိုခေါင်းနှင့်တိုက်ပြလိုက်၏။

ထို့နောက် ပုလင်းတစ်လုံးကိုရိုက်ခွဲကာ ပုလင်းပြတ်ကြီးကို ကိုင်ကာ ရှေ့သို့တိုးလာသည်။

"ဟိုင်း"

"ရှပ်... ရှပ်... ရှပ်"

ပုလင်းပြတ်ကြီးကိုကိုင်ကာ လေထဲဝှေ့ယမ်းလိုက်သောအခါ လေထဲ၌ တရှပ်ရှပ်အသံမြည်လာ၏။ ပုလင်းပြတ်ကြီးသည် စီလင်ရှုအနီးမှ ဖြတ်၍ဖြတ်၍ သွားသည်။

သူသည် စီလင်ရှုရှောင်နေသဖြင့် အားမလိုအားမရဖြစ်လာသည်။

ဝုန်းခနဲ ရှေ့သို့ပြေးထိုးလိုက်သည်။ ဤကား ဟိုင်စွီ၏အမှား။ ကြီးစွာသော အမှားတစ်ခုပေ။

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းပြတ်ကြီးသည် စားပွဲတွင် သွားစိုက်၏။ သူ၏လက်ကိုစီလင်ရှုက လှန်ပြီး ထိန်းချုပ်ထားသည်။ လုံးဝလှုပ်မရဘဲ ဖြစ်နေသည်။

ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ကြီးကို ခန္ဓာကိုယ်သေးငယ်သော စီလင်ရှုက ချုပ်ကိုင်ထားခြင်းကိုမြင်ရသည်မှာ ရယ်စရာပင် ကောင်းသေးတော့သည်။

"ခင်ဗျားကို ကျုပ်အကြမ်းမကိုင်ချင်လို့ အေးအေးဆေးဆေးပြောနေတာ မရဘူး၊ ခင်ဗျားဟာ အင်မတန် သွေးဆာတဲ့လူပဲ"

စီလင်ရှုသည် ဟိုင်စွီ၏ခေါင်းကို ခပ်ဖွဖွရိုက်ချလိုက်၏။

"ဝုန်း"

"အား"

ခေါင်းတုံးကြီးသည် ကြမ်းပြင်သို့ပစ်လဲကျသွားလေ၏။

စီလင်ရှုကသာ စိတ်ရှိလက်ရှိရိုက်ချလိုက်လျှင် ဟိုင်စွီသည် ထိုနေရာ၌ပင် အသက်ပင်ပါသွားပေမည်။

စီလင်ရှု ညှာလိုက်သဖြင့် ဟိုင်စွီအသက်မထွက်သေးပေ။ သူသည် ဒူးထောက်လျက် ပြန်ထလာ၏။ သူ၏မျက်နှာကြီးမှာ ဒေါသကြောင့် ရဲတွတ်နေ၏။

စားသောက်ခန်းထဲမှ လူများသည် စီလင်ရှု၏အေးဆေးသောဟန်ပန်ကိုကြည့်၍ ဤပွဲမှာ စီလင်ရှုပွဲသာဖြစ်ကြောင်း သိရှိသွားသည်။

စားသောက်ခန်းထဲ၌ ဟိုင်စွီ၏တပည့်များသည် သူတို့ဆရာ



ခံလိုက်ရသဖြင့် တုတ်ဓားများဆွဲပြီး ပြေးထွက်လာကြသည်။

"ဟေ့... ဘယ်သူလဲကွ၊ တို့ဆရာကိုရိုက်တာ"

"အဲဒီကောင် မလွတ်စေနဲ့"

"ဝိုင်းရိုက်"

တစ်ယောက်တစ်ပေါက် ဆူဆူညံညံပြောဆိုနေကြသည်။

ထိုစဉ် ဟိုင်စွီသည် ထရပ်လာလေ၏။

"မင်းတို့ အသာနေကြစမ်း"

ဟိုင်စွီသည် သိက္ခာကျမခံချေ။ သူ့တပည့်များကို တားဆီးလိုက်သည်။

သူသည် လူအများနှင့်အနိုင်မယူ။ တစ်ယောက်ချင်းချပြီး အနိုင်ယူမည့်ဟန် ပြုမူပြခြင်းဖြစ်သည်။

ဟိုင်စွီသည် သိုင်းပညာကို ဟိုစပ်စပ် သည်စပ်စပ်၊ ဟိုတစ်ကွက် သည်တစ်ကွက် သင်ကြားထားခြင်းဖြစ်သည်။ အဓိကမှာ သူ့အင်အားဖြင့် တိုက်ခိုက်ခြင်းပင်။

"ဝုန်း"

"ခွမ်း"

ဟိုင်စွီသည် စီလင်ရှုထံ ပြေးဝင်တိုက်ခိုက်၏။ စီလင်ရှုက ရှောင်တိမ်းပေးလိုက်သည်။

ထိခိုက်ကွဲစရာမှန်သမျှ ဟိုင်စွီ၏ခန္ဓာကိုယ်နှင့်တိုက်မိပြီး အားလုံးကွဲကုန်သည်။

ဟုန်ကျင်းနှင့် ခွန်ချန်းတို့သည် နွားသိုးကြိုးပြတ်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



နေသော ဟိုင်စ္စီ၏အပြုအမူကိုတွေ့ရှိရသည်နှင့် စီလင်ရှုအသာကလေး အနိုင်ရနိုင်သည်ကိုသိလိုက်ကြသည်။

ထို့ကြောင့် ဝမ်ဖေးအား ဆွဲမထူကြပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်စေသည်။

ခွန်ချန်းက **အားပေးလိုက်၏။**

**“မင်း တို့နဲ့တွေ့မှတော့** ဘာမှမပူနဲ့တော့၊ စိတ်အေးအေး**သာထား၊ တို့လူက ဆိုင်ရှင်**ကိုကောင်းကောင်းဆုံးမပါလိမ့်မယ်၊ မင်း**ကြည့်နေပေါ့”**

ပွဲသည် တဖြည်းဖြည်း ကြမ်းလာ၏။ အခန်းထဲရှိသမျှပစ္စည်းများလည်း ကွဲကုန်ပေပြီ။

ဟိုင်စ္စီမှာ သူ့ကိုယ်လုံးကြီးဖြင့် အားလုံးကိုလိုက်တိုက်နေသည်။

သူ့ဘာသာတော့ တိုက်နေသည်မဟုတ်ချေ။ စီလင်ရှုက သူ့အရှိန်နှင့်သူ လမ်းလွှဲပေးနေခြင်းဖြစ်သည်။

ဟိုင်စ္စီတစ်ကိုယ်လုံးလည်း သွေးသံရဲရဲဖြစ်နေချေပြီ။ ဆိုင်ခန်းထဲ၌ ကွဲကြေနေသောပစ္စည်းများ ပြန့်ကျဲနေ၏။

ဆိုင်ထဲမှလူများ သည် သွေးသံရဲရဲဖြင့် ယခုတိုင် တိုက်ခိုက်နေဆဲဖြစ်သော ဟိုင်စ္စီအား အံ့ဩထိတ်လန့်စွာ ကြည့်နေကြလေသည်။

စီလင်ရှုမှာ အေးဆေးတည်ငြိမ်စွာ ဖျံကလေးတစ်ကောင်ကဲ့သို့ ခုန်ပျံရှောင်တိမ်းလျက်ရှိလေ၏။



စီလင်ရှု၏ရှောင်တိမ်းပုံမှာ အလွန်လှပသဖြင့် **အားလုံး**ရင်သပ်ရှုမောဖြစ်နေကြသည်။

ဟိုင်စ္စီဒေါသဖြစ်နေသည်မှာ သူ့ထက် **သေးကွေးသော**သူကလေးတစ်ယောက်အား သူက အဘယ်ကြောင့် **အနိုင်**မရနိုင်သ**နည်းဟု တွေးနေခြင်း**ဖြစ်သည်။

**စီလင်ရှုသည် သိုင်းသမားဟန်ပန်လုံးဝမပေါ်**စေခြင်းက သူ**ဤသို့အထင်မှားနေခြင်းသာ** ဖြစ်သည်။

“ကျား”

“ဝုန်း”

“အား”

စီလင်ရှုက ဟိုင်စ္စီအား ဆိုင်နံရံနှင့်တိုက်ပစ်လိုက်၏။ ဟိုင်စ္စီဒယီးဒယိုင်ဖြစ်နေချေပြီ။ သူ့တစ်ကိုယ်တည်းလည်း ချွေးများ သွေးများ ရွှဲနေချေပြီ။

ဟိုင်စ္စီမှာ စားပွဲပေါ်တွင်တွေ့သော တရုတ်ဓားမကြီးတစ်ချောင်းကိုဆွဲယူလိုက်၏။

“ကျား”

သူသည် အသံကုန်အော်ရင်း စီလင်ရှုအားပြေး၍ တိုက်ခိုက်လေသည်။

စီလင်ရှုက လှပစွာ ရှောင်လိုက်၏။

စီလင်ရှုက ဟိုင်စ္စီ၏ကျောပြင်အား အသာတွန်းလွှတ်လိုက်ရာ သူသည်တိုင်ကြီးတစ်တိုင်ကို ပြေးခုတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

သူသည် ကွဲရှနေသောရေတံဆိပုလင်းကိုလှမ်းယူပြီး ဟိုင်စွိ မျက်နှာဆီသို့ ပက်လိုက်သည်။

"ဖြန်း"

"အား"

ဟိုင်စွိမှာ မျက်စိပိတ်ပြီးအော်နေ၏။ စီလင်ရှသည် ဟိုင်စွိ မှာနေအောင်ပညာပေးပြီးဖြစ်၍ ပွဲသိမ်းရန်သာလိုတော့သည်။

ထို့ကြောင့် သူသည်ဟိုင်စွိ၏ဦးခေါင်းကိုခြေဖြင့် ပတ်ကန် လိုက်၏။

"ဝုန်း"

"အား"

ဟိုင်စွိမှာ မှောက်ကျသွား၏။

"ဆိုင်ထဲမှာ ဟိုင်စွိလိုမိုက်တဲ့ကောင်ရှိသလား။ ရှိရင်ထွက် "

စီလင်ရှက အော်လိုက်၏။

တစ်ဆိုင်လုံး ငြိမ်သက်နေ၏။ မည်သူမျှ ထွက်မလာရဲတော့ ချ။



(၂၉)

မင်္ဂလာခွဲသို့

စီလင်ရှ၊ ခွန်ချန်းနှင့် ရှောင်လင်ကိုယ်တော် ဟုန်ကျင်းတို့ သည် ဝမ်ဖေးနှင့်အေးအေးဆေးဆေး စကားပြောမိကြလေသည်။

"ဒါဆို ခင်ဗျားက မိစ္ဆာဂိုဏ်းကပေါ့"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဂိုဏ်းကို ဖန်ကောက်တင်ဟာ ဖားနဲ့လာတိုက်တယ်ဗျာ၊ အဲဒီတိုက်ပွဲမှာ ကျွန်တော့်ဆရာကိုကယ်ဖို့ ကြိုးစားရင်း လက်တစ်ဖက်ဆုံးရှုံးသွားတာပါပဲ"

"မင်းဆရာက ဘယ်သူလဲ"

"ဆရာကျုန်ရှပါ"

"ဩော်... မိစ္ဆာဂိုဏ်းရဲ့လက်ထောက်ပဲ"

"သူလဲ သေသွားပါပြီ၊ ဖားရဲ့တိုက်ကွက်ကိုလွတ်အောင် မ ရှောင်နိုင်ပါဘူး"

ဝမ်ဖေးသည် ထိုစဉ်က အဖြစ်အပျက်များကိုရှိုးသားစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြန် လည်ပြောပြလေ၏။

ခွန်ချန်းက....

"မင်းလဲ သိုင်းပညာတတ်တာပဲ၊ ဟိုင်စီ ပါးရိုက်တာကို ဘာကြောင့်ခံတာလဲ၊ ပြန်လုပ်ထည့်လိုက်ရင် ဟိုင်စီ ငြိမ်သွားမှာပဲ"

"မလုပ်ချင်ပါဘူးဗျာ၊ ကိုယ်က မှားထားတာပဲ၊ သူ့ ထမင်းဟင်းကိုပိုက်ဆံမပေးနိုင်ဘဲ ကိုယ်က စားထားတယ်လေ"

ခွန်ချန်းသည် မိစ္ဆာဂိုဏ်းသားများ၏ တရားမျှတမှုကိုကြားသိထားသူဖြစ်၍ မအံ့သြတော့ချေ။

"ယန္တရားဖားကြီးကို ကျုပ်ကိုယ်တိုင်ဖျက်ဆီးပစ်ချင်တာဗျ၊ ဆရာကျန်ရှုကို ဖားကြီးဖိခြေတာကို ကျုပ် ခုထိမျက်စိထဲက မထွက်ပါဘူး၊ ယန္တရားနဲ့လူသားတိုက်တော့ ဘယ်လူသားက ခံနိုင်မလဲဗျာ"

စီလင်ရှုက....

"ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ ကျုပ်တို့နဲ့ လက်တွဲပေတော့၊ ကျုပ်တို့နဲ့အတူသွား အတူစားပေါ့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ ခုထွက်လာတာလဲ အဲဒီဖားကြီးကိုဖြိုဖျက်ပစ်ဖို့ပဲ၊ ကျုပ်တို့လေးဦး ပေါင်းပြီး ဖားဖြိုခွင်းရေးအစီအစဉ်ဆွဲကြတာပေါ့"

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ရဲ့မိစ္ဆာဂိုဏ်းဟာလဲ ပြိုကွဲသွားလို့ ကျုပ်တစ်ယောက်တည်းဖြစ်နေတဲ့အချိန်ဆိုတော့ အားရှိသွားတာပေါ့၊ ကျုပ် ခင်ဗျားတို့နဲ့ပေါင်းမယ်ဗျာ"

သုံးယောက်ပေါင်းလောင်းကျော်ဖြစ်ရာမှ လေးယောက်ပေါင်းလောင်းကျော်ဖြစ်သွားပေပြီ။ ဟိုင်စီစားသောက်ဆိုင်ကိုပင်



ကျေးဇူးတင်ရပေဦးမည်။

ဤသို့ဖြင့် ဝမ်ဖေးသည် စီလင်ရှုတို့၏အသင်းအဝင်းဝင်ဖြစ်သွားတော့သည်။

ခွန်ချန်းသည် တစ်နေ့တွင် အိတ်ကြီးတစ်လုံးကိုချုပ်နေ၏။ သားရေအိတ်ကြီးဖြစ်သည်။

စီလင်ရှုက....

"ခွန်ချန်း ခင်ဗျား ဘာလုပ်နေတာလဲ"

"သားရေအိတ်ချုပ်နေတာလေ"

"သားရေအိတ် ဘာလုပ်မလို့လဲဗျ"

"ဟိုကွာ ကုလားအုတ်တွေ ကန္တာရခရီးသွားရင် ရေပိုတွေကို သူတို့ခန္ဓာကိုယ်ထဲမှာ သယ်ဆောင်သွားတယ်မဟုတ်လား၊ ငါလဲ အရက်ငတ်မှာစိုးလို့ ဒါကြောင့် အရက်ထည့်ဖို့ သားရေအိတ် ချုပ်နေတာကွ"

ခွန်ချန်းက တဟဲဟဲရယ်ရင်း ဖြေသည်။ စီလင်ရှုမှာ ခွန်ချန်းကို အပြစ်တင်၍မရပေ။ အဘယ်ကြောင့်ဆိုသော် ခွန်ချန်း၏အရက်သည် တစ်ခါတစ်ရံ လက်နက်ဖြစ်တတ်၏။

တစ်ခါတစ်ရံ အနာကျက်မြန်သည့်ဆေးဖြစ်၏။ သူ ဤသို့ သယ်လာသည်ကို ကျေးဇူးတင်ရမလိုဖြစ်နေသည်။

ခွန်ချန်းက....

"ချင်ချင်ဆီက ဘာသတင်းရသေးသလဲ စီလင်ရှု"

"ရပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြောလေကွာ"

"လက်ထပ်ဖို့ကိစ္စကို ဖန်ကောက်တင်ဆီပို့လိုက်ပြီတဲ့ဗျ"

"သူ့အနေနဲ့လား၊ မြို့စားဝမ်ပင်းအနေနဲ့လား"

"မြို့စားဝမ်ပင်းအနေနဲ့ပေါ့"

"ဘာတွေတဲ့လဲ"

"အကုန်မသိရသေးဘူးဗျ၊ ကျန်တဲ့အစီအစဉ်တွေကို သမားတော်ကြီးမိုတိနဲ့တိုင်ပင်ဆွေးနွေးပြီးမှ သတင်းပို့လိုက်မယ်တဲ့"

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းက....

"အင်း... ချင်ချင်ဟာ သနားစရာပဲ၊ သူ့အစီအစဉ် အောင်မြင်ပါစေလို့ ဆုတောင်းရတာပဲ၊ အစီအစဉ် မအောင်မြင်မှာဘဲ စိုးရိမ်ပါတယ်"

မြို့စားကြီးဝမ်ပင်း၏စံအိမ်တော်သို့ မြင်းရထားကြီးတစ်စင်းသည် အပြင်းမောင်းနှင်လာ၏။

မြင်းရထားကြီးနောက်၌ ဖုန်လုံးကြီးများ လိမ့်တက်လာသည်။

မြင်းရထားကြီးသည် အလုံပိတ်ထားသည့် ရထားကြီးဖြစ်သည်။ အထဲ၌ မည်သူပါကြောင်းမသိနိုင်ပေ။

များသောအားဖြင့် မြင်းရထား၏ပြတင်းပေါက်များကို



ွင့်ထားတတ်၏။

ယခုတော့ တံခါး အားလုံးပိတ်နေသည်။ ထူးခြားချက် တစ်ပင်။

ထိုမြင်းရထားကိုမြင်ရုံနှင့် မြို့စား၏စံအိမ်တော်မှ တံခါးပေါက်သည် အလိုအလျောက်ပွင့်သွားသည်။ အဘယ်ကြောင့် ဤမြင်းရထားကို ကြောက်လန့်ကြပါသနည်း။

ဤမြင်းရထားသည် ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီး ဖန်ကောက်တင်၏မြင်းရထားဖြစ်သောကြောင့်တည်း။ မြင်းရထားသည် ြို့စားကြီးစံအိမ်တော်ရှေ့တွင် ရပ်သွား၏။

ရထားပေါ်တွင် ဖန်ကောက်တင်၊ ကျောက်ဖိန်နှင့် ချင်ဖုန်တို့ ဆင်းလာကြလေ၏။

သူတို့အဘယ်ကြောင့် ဆင်းလာကြသနည်း။ သူတို့ ကိုယ်ပေါ်တွင် ဝတ်ကောင်းစားလှများ အဘယ်ကြောင့်ဆင်ယင်ထားကြပါသနည်း။

သူတို့သည် စေ့စပ်မင်္ဂလာပွဲအတွက် သတို့သားဘက်မှလူကြီးအနေဖြင့် လာရောက်ကြခြင်းဖြစ်ပါသည်။

ဖန်ကောက်တင်၏မျက်နှာမှာ ကြည်လင်ရွှင်မြူးနေသည်။ အား မြို့စားကြီးက အလေးပေးဖိတ်ကြားခြင်းဖြစ်သည့်အတွက် သည် လွန်စွာ စိတ်ပေါ့ပါးနေသည်။

ချင်ဖုန်ကတော့ စေ့စပ်မည့်သတို့သားလောင်းပီသစေရန် ဝါရောင်ပိုးမဲ့ဝတ်ရုံကြီးကို ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုးလှသော မျက်နှာကြီးကို မျက်နှာချေများဖြင့် ဖုံးဖိဖိ ပြုလုပ်ထားသည်။ အဝါရောင်ဂန္ဓာမာပန်းကြီးကိုလည်း ကိုင် တွယ်ထားသေးသည်။

ဤကား ဖန်ကောက်တင်၏အမိန့်အရ ဝတ်စားဆင်ယင် လာခြင်းတည်း။

အစောင့်က အော်လိုက်၏။

"ခေါင်းဆောင်ကြီး ဖန်ကောက်တင်ကြွလာပါပြီ ခင်ဗျာ"

ထိုအခါ မြို့စားကြီးဝမ်ပင်းသည် ဝမ်းသာအယ်လဲဖြစ်သော အမူအရာဖြင့် ဖန်ကောက်တင်အား ထွက်၍ကြိုဆိုလေ၏။ သူ့ အား မင်္ဂလာခန်းမဆီသို့ ခေါ်ဆောင်သွားသည်။

အဆောင်ကိုဖြတ်ကျော်ပြီးနောက် သူတို့အားလုံးသည် မင်္ဂ လာခန်းမသို့ရောက်ရှိလာလေ၏။

ဤမင်္ဂလာခန်းမကြီးသည် မြို့စားစံအိမ်တော်တစ်ခုလုံးအတွင်း အလင်းရောင်အရဆုံးနှင့် အကျယ်ပြန့်ဆုံးသောခန်းမကြီးပင် ဖြစ် သည်။

အခန်းထောင့်တိုင်းတွင် နှင်းဆီပန်းအိုးများရှိ၍ အခန်းအ နှင်းဆီနံ့သင်းပျံ့နေလေ၏။

ချင်ဖုန်က စိတ်ကူးယဉ်၍ ကောင်းနေပေလေ၏။ သူက သင့် သားလောင်းဖြစ်နေသည် မဟုတ်ပါလော။

ဂိုဏ်းချုပ်ကြီး ဖန်ကောက်တင်က ခေါ်လိုက်၏။

"ချင်ဖုန်"



"ဆရာကြီး"

"မြို့စားကြီးအတွက်ယူလာတဲ့ ရတနာလက်ဆောင်ဘူးပေး စမ်း"

မြို့စားကြီးဝမ်ပင်းအတွက် ယူဆောင်လာသည့်ဘူးကို ဝမ် ပင်းက ထုတ်ပေးလိုက်၏။

ဖန်ကောက်တင်သည် လက်ခံယူလိုက်ပြီး မြို့စားကြီးဝမ် ပင်းဆီသို့ လှမ်းပေးလိုက်၏။

မြို့စားကြီးက တဟဲဟဲရယ်ရင်း သူ့နေရာ၌ပြန်ထိုင်လိုက် သည်။

အလွန်ကြီးမားလှသော ကျွန်းကုလားထိုင်ကြီးတွင် ပြန်ထိုင် ကြခြင်းဖြစ်သည်။ ဝမ်ပင်း၏မျက်နှာကြီးမှာ ပြုံးချိုနေသည်။ ဤအ ချိန်၌ မပြုံးချို၍ မဖြစ်တော့ချေ။

ဖန်ကောက်တင်မှာ သူ့ကုလားထိုင်ကြီး၌ မိန့်မိန့်ကြီးထိုင် နေလေတော့၏။

(၃၀)

မင်္ဂလာညီ့ခန်းဆောင်ကြီးထဲ၌ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြို့စားကြီး၏ဆွေ မျိုးသားချင်းများ ဖြစ်ဟန်တူသည်။

ခန်းမဆောင်ကြီးထဲ၌ အခြားသူများတော့မရှိကြချေ။ ဝမ်ပင်းက လူရွေးပြီး ဖိတ်ကြားထားဟန်ရှိသည်။

ရောက်ရှိနေသူအားလုံးသည် ဖန်ကောက်တင်နှင့် သူ့တပည့်များကို မုန်းတီးကြသည်။

သို့သော် ယခုပွဲတွင် အမုန်းရုပ်ကိုမပေါ်ကြချေ။ အပြုံးရုပ်များကိုသာ ဆင်ယင်ထားကြ၏။

ဖန်ကောက်တင်က....

"မြို့စားကြီး ကျူပ်ပေးတဲ့လက်ဆောင်ကိုနှစ်သက်ရဲ့လား ဗျ"

ဖန်ကောက်တင်က မေးသဖြင့် မြို့စားကြီးဝမ်ပင်းသည် ဘူးကိုဖွင့်မကြည့်လျှင် မကောင်းတော့ချေ။ ထို့ကြောင့် ကတ္တီပါဘူးကို ဖွင့်ကြည့်ရတော့သည်။

အထဲ၌ တလက်လက် ပြောင်လက်နေသောလက်စွပ်ကလေးနှစ်ကွင်းကို မြင်ရသည်။ စိန်လက်စွပ်များ ဖြစ်ဟန်တူသည်။

"ဟုတ်ကဲ့... ကောင်းပါတယ်ဗျာ၊ အင်မတန် အဖိုးတန်တဲ့ စိန်လက်စွပ်တွေ ဖြစ်ပုံရပါတယ်"

မြို့စားကြီးဝမ်ပင်းသည် ဖန်ကောက်တင်ကျေနပ်အောင် ပြာဆိုလိုက်လေ၏။

ဖန်ကောက်တင်သည် ကျေနပ်စွာပြုံးလေ၏။ သူ့တပည့်



များသည် ကျောက်ဖိန်နှင့်ချင်ဖုန်တို့သည် အရယ်အပြုံးနည်းလှသည့် ဖန်ကောက်တင်၏မျက်နှာကိုကြည့်၍ရင်ထဲပေါ့ပါးကြသည်။

ဆရာ ဖြစ်သူ စိတ်လက်ပေါ့ပါးနေလျှင် တပည့်များလည်း စိတ်လက်ပေါ့ပါး ကြသည့် မဟုတ်လား။

သတို့သားချင်ဖုန်ကတော့ သတို့သမီးလေဝင်းချင်ချင်ကို သာ ရှာဖွေနေသည်။

ထိုစဉ် ဖန်ကောက်တင်က မေးလိုက်သဖြင့် ချင်ဖုန်သည် ရေငတ်တုန်း ရေတွင်းထဲကျသွားသည်။ သူသည် ဤမေးခွန်းကို မြို့စားကြီးဝမ်ပင်းအား မေးချင်နေသည်မဟုတ်ပါလော။

"ခင်ဗျားသမီးလေးကော မမြင်ပါလား"

မြို့စားကြီးက လေးလေးစားစားဖြေသည်။

"ရှိပါတယ် ရှိပါတယ်၊ စောစောကတင် ကျူပ်သွားကြည့်လိုက်ပါသေးတယ်"

"ရှိရင်ပြီးတာပါပဲဗျာ"

"ဟာ... ရှိတာပေါ့၊ သမီးလေးက စိတ်ရောဂါပျောက်ကင်းစဆိုတော့ သူဖြစ်ချင်တာကို မကြာခဏတောင်းဆိုတိုင်း ကျူပ်ကလိုက်လျောနေရတာပါပဲ၊ သူက စေ့စပ်မင်္ဂလာရက်ကို အမြန်ဆုံး သတ်မှတ်ပေးဖို့ တောင်းဆိုခဲ့တာဗျ၊ ဒါကြောင့် ချက်ချင်းစီစဉ်ရတာပါ"

မြို့စားကြီးဝမ်ပင်းသည် အဆင်ပြေလိုက်လျောမည့်စကားကို ပြောလိုက်ခြင်းဖြစ်ပါသည်။ အမှန်ကတော့ ချင်ချင်၌ အစိတ်

www.burmeseclassic.com

www.burmeseclassic.com



ရောဂါမျှ မရှိချေ။ ရောဂါမရှိကြောင်းလည်း ဖွင့်ဟဝန်ခံပြီးဖြစ်သည်။

တစ်ခါက ချင်ချင်သည် စံအိမ်တော်မှထွက်ပြေးဖူးသည်။ ချင်ဖုန်နှင့် လက်ထပ်ပေးပါမည့်အကြောင်း ဖန်ကောက်တင်က အဆိုပြုခဲ့သည့်ရက်များအတွင်း ထွက်ပြေးသွားခြင်းဖြစ်၍ မြို့စားကြီးဝမ်ပင်းသည် ဖန်ကောက်တင်ကိုအလွန်အားနာခဲ့သည်။

ယခု မြို့စားကြီးက ထိုအကြောင်းကို ပြန်လှန်ပြောဆိုပြီး တောင်းပန်စကားပြောသည်။

ဖန်ကောက်တင်က....

"ဟာ... ကိစ္စမရှိပါဘူး၊ ဒါက သူ စိတ္တဇရောဂါဖြစ်နေလို့ ထွက်ပြေးတာပဲဥစ္စာ၊ ဒီအတွက် မြို့စားကြီး တောင်းပန်နေဖို့မလိုပါဘူးဗျာ"

ဖန်ကောက်တင်သည် အလွန်စိတ်သဘောထားပြည့်ဝသည့် လူကြီးတစ်ယောက်အလား ပြောဆိုနေလေ၏။

မြို့စားကြီးက....

"အဲဒါနဲ့ ကျုပ်လဲ သမီးကိုအိမ်ထောင်မြန်မြန်ပြုရင်အေးတယ်ဆိုပြီး အိမ်ထောင်ပြုပေးချင်တာပါ"

ဖန်ကောက်တင်က ခေါင်းညိတ်သည်။

"ကောင်းတာပေါ့ဗျာ၊ စိတ္တဇရောဂါဆိုတာ ပျောက်ကင်းနိုင်တဲ့ရောဂါပါ၊ သမားတော်ကြီးတွေကလဲ တော်ပါတယ်ဗျာ၊ ကျုပ်အကဲခတ်ရသလောက်တော့ ကောင်မလေးဟာ အိမ်ထောင်ပြုလိုက်ရင် သူ့စိတ်ဝေဒနာပျောက်သွားလိမ့်မယ်လို့ ထင်တာပဲဗျာ"



မြို့စားကြီးက ခေါင်းညိတ်လိုက်၏။

"အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းရတာပါပဲဗျာ"

"ဗျို....."

ထိုအခါ မောင်းထုသံတစ်ချက် ထွက်ပေါ်လာလေ၏။

"ဟော... သမီးကလေး ထွက်လာပြီ"

မြို့စားကြီးဝမ်ပင်းက လွှတ်ခနဲပြောဆိုမိလေ၏။

တံခါးပေါက်ကြီးရှိရာသို့ အားလုံးလှည့်ကြည့်မိသည်။

"ရှပ်... ရှပ်... ရှပ်"

တရှပ်ရှပ်နှင့်ခြေသံများကို ကြားလိုက်ရသည်။ မကြာမီ လှပစွာ ဝတ်စားဆင်ယင်ထားသော ချင်ချင်ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၁)

## စေ့စပ်ကြောင်းလမ်းခြင်းသည့်မင်္ဂလာ

ချင်ချင်သည် ဝတ်စုံများ ရွေးချယ်ဝတ်ဆင်ရခြင်းကို မနှစ်သက်ချေ။

သို့သော် ယခုပွဲတွင်မူ အဝါရောင်ကိုရွေးချယ်ဝတ်ဆင်ထား၏။ မျက်နှာကို တမင်ပြုံးပြထားရသည်။

သူမသည် တစ်ဖက်တစ်ချက်မှ အထိန်းတော်နှစ်ဦး၏ဖေးမခြင်းကို ခံယူပြီးလျှောက်လာရလေ၏။ သူမသည် မင်္ဂလာဧည့်ခန်းဆောင်အတွင်းသို့ ဝင်လာသည်။

ချင်ဖုန်မှာ လွန်စွာစိတ်ကြီးဝင်သွား၏။ မကြာမီ မြို့စားကြီးသမက်ဖြစ်ရတော့မည် မဟုတ်ပါလား။

သူသည် ချင်ချင်ကိုသာ မျက်စိကျွတ်ထွက်မတတ် ကြည့်နေ၏။

ချင်ချင်သည် သတို့သမီးအတွက်သတ်မှတ်ပေးထားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ သူသည် ဖခင်မြို့စားကြီးအား တစ်



ချက်လှမ်းကြည့်လိုက်သည်။ မြို့စားကြီးသည် ထ၍ စကားပြော၏။

"ကဲ... မင်္ဂလာစေ့စပ်ပွဲဖြစ်တဲ့အညီ သူတို့ကို စေ့စပ်လက်စွပ်ကလေးများ ဝတ်ပေးလိုက်ကြရအောင်"

မြို့စားကြီးသည် စေ့စပ်လက်စွပ်များကိုတစ်ယောက် တစ်ကွင်းစီ ဝတ်ပေးလေ၏။ ချင်ဖုန်သည် သတို့သားလောင်းအဖြစ် သူ့ကိုသတ်မှတ်လိုက်ပြီဖြစ်၍ ခေါင်းတမော့မော့နှင့်ရှိလေ၏။

မြို့စားကြီးက....

"ကဲ... စေ့စပ်ကြောင်းလမ်း မင်္ဂလာလဲပြီးပါပြီ သတို့သား သတို့သမီး ဘာဖြစ်စေချင်သလဲ၊ ပြောကြဆိုကြပါ။ လူကြီးတွေအနေနဲ့ သတို့သား သတို့သမီး အလိုရှိတာတွေကိုတတ်နိုင်သမျှ ဖြည့်စွမ်းပေးရမှာပါ"

ဖန်ကောက်တင်သည် သူ့ကိုယ်သူနယ်စားကြီးတစ်ဦးကဲ့သို့ ထင်မှတ်နေရာ မြို့စားကြီး၏စကားကို ဖြည့်စွက်ထောက်ခံလေ၏။

"ကဲ... သတို့သားနဲ့သတို့သမီး အလိုရှိရာတောင်းကြ၊ ကျုပ်တို့ဖြည့်စွမ်းပေးမယ်"

ထိုအခါ သတို့သမီးလောင်းချင်ချင်က ထ၍စကားပြောသည်။

"ကျောက်စိမ်းနဂါးခေါင်းဆောင်ကြီးရဲ့ ပြောဆိုချက်အရ ကျွန်မချင်ချင် တစ်ခုတောင်းဆိုချင်ပါတယ်"

ဖန်ကောက်တင်က....

"ပြောပါ... ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ငြိမ်သက်စွာ နားထောင်နေကြသည်။ ချင်ဖုန်သည် ချင်ချင်က မည်သည့်အရာကိုတောင်းဆိုမည်နည်းဟု သိချင်စောနှင့် မျှော်လင့်စောင့်စားနေမိသည်။

"မင်္ဂလာပွဲကို လဆန်းလောက်ကျင်းပပေးစေချင်ပါတယ်၊ မင်္ဂလာပွဲမကျင်းပမီတစ်ရက်မှာ မြို့ထဲမှာရှိတဲ့သိုင်းသမားအားလုံးကို ဖိတ်ခေါ်ပြီး သိုင်းပြိုင်ပွဲတစ်ပွဲလောက် ကျင်းပပေးပါ၊ မင်္ဂလာအထိမ်းအမှတ်ပေါ့"

ဖန်ကောက်တင် မျက်လုံးပြူးသွားလေ၏။ သိုင်းပြိုင်ပွဲမှာ နှစ်မျိုးနှစ်စားရှိသည်။

သိုင်းပညာအရ ယှဉ်ပြိုင်သောပွဲနှင့် အနိုင်ယူယှဉ်ပြိုင်သောပွဲ ဖြစ်သည်။ သိုင်းပညာအရ ယှဉ်ပြိုင်သောပွဲမှာ သွေးထွက်သံယိုမှု မရှိချေ။ ထိုပြိုင်ပွဲကိုကျင်းပလျှင် အချိန်ယူရသည်။

နောက်တစ်ပွဲမှာ အနိုင်ယှဉ်ပြိုင်ပွဲဖြစ်သည်။ ထိုပွဲမှာ အချိန်မယူရပေ။ တစ်ရက်တည်းနှင့် ကျင်းပရသည်။ သွေးထွက်သံယိုမှုရှိသည်။

မင်္ဂလာပွဲ၌ သိုင်းပြိုင်ပွဲတစ်ရက်သာ ကြိုတင်ကျင်းပလိုသည်ဆိုသဖြင့် သွေးထွက်သံယိုပွဲကြီး ကျင်းပပေးရမည့်ပုံဖြစ်နေသည်။ မင်္ဂလာပွဲနှင့်ထိုပွဲမှာ မည်သို့မျှမအပ်စပ်ပေ။

ဖန်ကောက်တင်သည် ချင်ချင်၏တောင်းဆိုမှုကြောင့် ဦးနှောက်ခြောက်သွား၏။ ဖန်ကောက်တင်က....

"သမီးရယ် ဒီပြင်ပွဲတစ်ခုခုလုပ်ပါလား"



သူသည် သွေးထွက်သံယိုမှုကိုမဖြစ်လို၍ မဟုတ်ချေ။ သူ၏ ယန္တရားဖားကြီးကိစ္စအတွက် ဆောင်ရွက်စရာရှိသည်တို့ကို ဆောင်ရွက်နိုင်မှာစိုး၍ ဤသို့ပြောခြင်းဖြစ်သည်။

"ဟင့်အင်း... သမီးကတော့ အဲဒီပြိုင်ပွဲပဲလုပ်ချင်တယ်"

ဖန်ကောက်တင်သည် ချင်ချင်အား စိတ္တဇရောဂါဖြစ်လောက်သည့် မိန်းကလေးအဖြစ် တွေးနေ၏။ ဖန်ကောက်တင်သည် ဟင်းခနဲသက်ပြင်းချပြီး.....

"အင်းလေ... သမီးစိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပဲ၊ ကျုပ်တို့ဆောင်ရွက်ပေးရမှာပေါ့"

စေ့စပ်ကြောင်းလမ်းပွဲကား အောင်မြင်သွားပေပြီ။

မြို့စားကြီးဝမ်ပင်းကား စိတ်မချမ်းမြေ့လှပေ။ သမီးကလေးက အဘယ်ကြောင့် ဤသို့မြန်မြန်ဆန်ဆန်လက်ထပ်ဖို့ တောင်းဆိုသည်ကို မသိရှိပေ။

ကျောက်စိမ်းနဂါးဂိုဏ်းမကောင်းသည်ကိုမူ သူကောင်းစွာ သိသည်။ သမီးကလေး၏ ကံကြမ္မာပေပဲဟု နောက်ဆုံးသက်ပြင်းချရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၃၂)

## ကယ်တင်ရေးအစီအစဉ်

ကွမ်ယင်မယ်တော်ဘုရားရှိခိုးကျောင်း။ ဤဘုရားကျောင်းသည် မြို့ပြင်တွင်ရှိသည်။ ယခုတိုင် မြို့သူမြို့သားများ ရှိခိုးဝင်ထွက်နေသည့် ဘုရားကျောင်းပင်။

ဘုရားကျောင်း၏ပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်များ ပေါက်ရောက်နေရာ အလွန်အေးချမ်းသည့်နေရာလေးတစ်ခု ဖြစ်နေသည်။

သမားတော်ကြီးမိုတိနှင့် ချင်ချင်တို့သည် ဤနေရာကလေး၌တွေ့ဆုံဆွေးနွေးရန် သတ်မှတ်ထားကြသည်။

မြို့စားကြီး၏စံအိမ်တော်၌ဆိုလျှင် ကျောက်စိမ်းနဂါးဂိုဏ်းမှ တစ်နည်းတစ်ဖုံ ရိပ်မိသိရှိသွားမည်ကိုစိုးရိမ်၍ ဖြစ်သည်။

သမားတော်ကြီးမိုတိသည် စေ့စပ်ပွဲသတင်းကိုကြားသိလိုသဖြင့် ဤနေရာ၌ လာစောင့်နေခြင်းဖြစ်သည်။

ကွမ်ယင်မယ်တော်ဘုရားကျောင်းထဲ သမားတော်ကြီးမိုတိ



ထက် အလျင်ဦးစွာ ရောက်ရှိနေသူတစ်ဦးရှိ၏။ ထိုသူကား ခေါင်းဖြူဖြူနှင့် အဘွားအိုတစ်ဦးတည်း။

ထိုအဘွားအိုသည် အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ဆက်ကပ်နေရာ သမားတော်ကြီးသည် ထိုအဘွားအိုအား သာမာန်အဘွားအိုတစ်ယောက်အဖြစ်သာ ထင်မြင်မိ၏။

ထိုအဘွားအိုသည် ထူးခြားသောအဘွားအိုတစ်ယောက်ဖြစ်မည်ဟု မထင်မိချေ။ စင်စစ်ကား ဤအဘွားအိုသည် ကြာဖြူကန်အဘွားတည်း။

ကြာဖြူကန်အဘွားသည် သူ၏မိစ္ဆာဂိုဏ်းသားများအသတ်ခံရပြီး မိစ္ဆာဂိုဏ်းကြီးပြိုကွဲသွားပြီးနောက် ကျောက်စိမ်းနဂါးရန်မှ လွတ်မြောက်ရန် အမျိုးမျိုးရုပ်ဖျက်၍ ရှောင်တိမ်းနေခဲ့ရသည်။

သူ၏ဂိုဏ်းသားတစ်ဦးတစ်ယောက်မျှနှင့်လည်း အဆက်အသွယ်မရရှိသဖြင့် အကုန်လုံးအသတ်ခံရသည်ဟု တွေးထင်ဖွယ်ရာရှိနေသည်။

သူသည် သူ၏ဂိုဏ်းဖြိုခွင်းခံရသည့်နေ့ကို မှတ်မိနေပြီးအလွန်နာကျည်းနေသည်။

ထို့ကြောင့် ရုပ်ဖျက်ပြီး ကျောက်စိမ်းအဖွဲ့၏ဂိုဏ်းချုပ်ဖန်ကောက်တင်၏သတင်းကိုလိုက်လံစနည်းနာပြီး လက်စားချေရန် ကြိုးစားနေခြင်းဖြစ်သည်။

သူမတစ်ယောက်တည်း လက်စားချေရန် ကြိုးပမ်းနေခြင်းကတော့ လွယ်မည်မထင်ပေ။ သို့သော် သူမသည် လှည့်လည်သွား

www.burmeseclassic.com

www.burmeseclassic.com



လာရင်း ကျောက်စိမ်းနဂါးရုပ်ထုတ်၏အချက်အလက်များကို အမြဲတမ်း စုဆောင်းသည်။

ကြာဖြူကန်အဘွားသည် ဘုရားကျောင်းအတွင်းလှည့်လည်သွားလာရင်း သစ်ပင်တစ်ပင်အောက်၌ထိုင်နေသူ သမားတော်ကြီးမိုတီအား အမှတ်မထင်တွေ့မိ၏။ သူမသည် စိတ်ထဲမှ တအံ့တသြရေရွတ်မိ၏။

"ဟင်... မိုတီ"

သမားတော်ကြီးမိုတီသည် သူ့ကိုမမှတ်မိပေ။ အဘယ်မှာလျှင် မှတ်မိမည်နည်း။ နုပျိုသော ချူယီဘဝမှ ကြာဖြူကန်အဘွားအဖြစ် ပြောင်းလဲနေပြီမဟုတ်ပါလား။

ယခင်က သမားတော်ကြီးမိုတီသည် မြို့စားကြီးကွမ်ရှိကို အမြဲတမ်းကုသပေးနေသူ ဖြစ်လေ၏။

ထိုစဉ်ကတည်းက ချူယန်း နှင့်ချူယီတို့ကို သမားတော်ကြီးမိုတီ သိရှိခဲ့ပေသည်။

သို့သော် မိုတီသည် သူတို့၏ရန်ငြိုးရှိသူများကိုလည်း ဆေးကုသပေးခဲ့၏။

ယခုသော် ရုပ်ပြောင်းလွဲနေသည့် ကြာဖြူကန်အဘွားကို ချူယီဟူ၍ မသိ တော့ပေ။

မိုတီသည် သိုင်းသမားတစ်ယောက်ဖြစ်၏။ သူသည် ဘုရားကျောင်းသို့ရောက်နေသည်မှာ သိုင်းလောကနှင့်တစ်နည်း တစ်ဖုံ ဆက်စပ်နေလိမ့်မည်ဟု ကြာဖြူကန်အဘွားတွေး၏။



မိုတီကို သက်သေမကောင်းဖြစ်လာသဖြင့် ကြာဖြူကန်အဘွားသည် အခြားသစ်ပင်တစ်ပင်ကို အကာအကွယ်ယူပြီး မိုတီကိုစောင့်နေလေ၏။

ထိုစဉ် ကွမ်ယင်မယ်တော်ဘုရားကျောင်းသို့ မိန်းမပျိုတစ်ဦး ဝင်လာကြောင်း ကြာဖြူကန်အဘွားတွေ့ရသည်။

ကြာဖြူကန်အဘွားသည် ပို၍လုံခြုံအောင် ပုန်းလိုက်သည်။

ဤမိန်းမပျိုသည် သမားတော်ကြီးမိုတီနှင့်အဆက်အသွယ်ရှိနေသလော။ မိန်းမပျိုသည် မိုတီကိုမြင်သောအခါ ကျောက်လှေကားမှ ပြေးတက်လာ၏။

"ဘဘရောက်နေတာ ကြာပြီလား"

မိုတီသည် မိန်းမပျိုကိုကြိုဆိုလေ၏။

"လာ... သမီး၊ ဘဘရောက်နေတာ မကြာသေးပါဘူး"

ချင်ချင်ပင် ဖြစ်ပါ၏။ ချင်ချင်သည် မိုတီ၏ဘေးတွင် ဝင်ထိုင်လိုက်၏။ ထို့နောက် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုသည်။

"အန္တရာယ်ကင်းပါတယ် သမီးရဲ့၊ ပြောမယ့်ကိစ္စသာ ပြောပါ"

မိုတီက ချင်ချင် စိတ်ချလက်ချဖြစ်စေရန် ပြောလိုက်ရသည်။

ကြာဖြူကန်အဘွားသည် သစ်ပင်ကြီးအကွယ်မှချောင်းမြောင်းနားထောင်နေသည်။ သူ့ကို ချင်ချင်တို့မမြင်နိုင်ပါ။

ချင်ချင်က....

"ဘဘရေ... စံတော်အိမ်ကြီးကို ဖန်ကော်ကောင်နဲ့သူ့တ

www.burmeseclassic.com

www.burmeseclassic.com



ည့်တွေ ရောက်ချလာတာပဲ"

"အင်း... စွေ့စပ်ပွဲကော အောင်မြင်ရဲ့လား"

"အောင်မြင်ပါတယ် ဘဘ"

"သမီးက မတောင်းဆိုဘူးလား"

"တောင်းဆိုတာပေါ့၊ စေ့စပ်ပွဲမှာ တစ်ခါတည်းပြောလိုက်တယ်၊ မင်္ဂလာမဆောင်ခင် တစ်ရက်မှာ သိုင်းပြိုင်ပွဲတစ်ခုလုပ်ပေးရမယ်လို့ တောင်းဆိုလိုက်တယ်"

"ကောင်းတယ်... သူတို့က လိုက်လျောသလား"

"လိုက်လျောပါတယ်"

ထိုအခါ ချောင်းမြောင်းနားထောင်နေသည့် ကြာဖြူကန်အဘွားသည် ဖန်ကောက်တင်နှင့် မြို့စားသမီးချင်ချင်၏အနေအထားကို ရိပ်မိသိရှိသွားလေတော့၏။

မိုတိက....

"မင်္ဂလာပွဲနေ့ကျရင် ဟိုတစ်ခါလိုပဲ စီစဉ်ကြတာပေါ့၊ ချင်ချင်လိုရုပ်ဖျက်ထားတဲ့ ကလေးမကလေးတစ်ယောက်ကို ချင်ချင်နေရာမှာအစားထိုးထားခဲ့ပြီး ထွက်ပြေးလာခဲ့ပါ"

"ဖြစ်ပါ့မလား ဘဘရယ်၊ တစ်ရက်နှစ်ရက်နဲ့ဝေးဝေး မပြေးနိုင်ဘူးနဲ့တူတယ်၊ ကျောက်စိမ်းနဂါးဂိုဏ်းကသာ ပြန်မိသွားရင် ဒုက္ခရောက်ကုန်လိမ့်မယ်၊ ပြီးတော့ ဖေဖေ့ကို သူတို့က သတ်ပစ်ကြလိမ့်မယ်"

မိုတိသည် စဉ်းစားရလေ၏။ သူသည် ချင်ချင်နှင့် ချင်ချင်ဖခင်မြို့စားကြီးဝမ်ပင်းကိုတော့ တစ်ပြိုင်နက် ကယ်တင်နိုင်မည်မဟုတ်ချေ။



မိုတိက စဉ်းစားပြီး....

"ဒီလိုဆိုရင် သိုင်းပြိုင်ပွဲကျင်းပနေတဲ့အခါမှ သူတို့အာရုံမပျက်အောင် လုပ်ဖို့လိုတယ်၊ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းနဲ့ ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ခန်းတို့ကို အကူအညီတောင်းရင်ကောင်းမယ်"

"ကောင်းပါတယ် ဘဘ"

"သမီး... ရွှေဓားသခင်စီလင်ရှူဆီကိုပြေး၊ ဘဘကိုယ်တိုင်မြင်းရထားနဲ့လိုက်ပို့မယ်"

"အချိန်ရပ့ါမလား ဘဘရယ်"

"ရပါတယ် ကျောက်စိမ်းနဂါးဂိုဏ်းက မရိပ်မိအောင်တော့လုပ်ရမှာပေါ့၊ သူတို့မရိပ်မိအောင်လဲ ဟုန်ကျင်းတို့ခွန်ချန်းတို့ကို အကူအညီတောင်းရမယ်"

မိုတိသည် တတ်နိုင်သမျှ သူ့အကြံအား ပြောပြခဲ့လေ၏။ ချင်ချင်ကလည်း သဘောတူသည်။

ကြာဖြူကန်အဘွားသည် သူတို့စကားများကိုကြားပြီး အကြံရသွားလေ၏။

မိုတိက မှာကြားသည်။

"သမီး လမ်းခွဲကစောင့်နော်"

"ဟုတ်ကဲ့ပါ ဘဘ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ချိန်းဆိုသည့်နေရာကိုလည်း ကြာဖြူကန်အဘွားက သေချာစွာ မှတ်သားလေ၏။

မိုတိနှင့် ချင်ချင်တို့သည် ကွမ်ယင်မယ်တော်ဘုရားကျောင်းမှ လူချင်းခွဲ၍ထွက်သွားကြ၏။

"တွေ့ကြသေးတာပေါ့ ဖန်ကောက်တင်ရယ်၊ မင်းက ငါ့ဂိုဏ်းကိုဖျက်ဆီးခဲ့တယ်၊ မင်းကိုလဲ ငါက ဖျက်ဆီးရမှာပေါ့"

ကြာဖြူကန်အဘွား၏ကံကြမ္မာသည် သူမထင်သလို အပေါ်စီးက ရောက်နိုင်ပါဦးမည်လော။



(၃၃)

## စွမ်းရည်ပြပွဲ

ဆူချူးမြို့လေးသည် လှုပ်လှုပ်ရှားရှား စည်စည်ကားကား ဖြစ်နေသည်။ အဘယ်ကြောင့် စည်ကားနေပါသနည်း။

မြို့စားဝမ်ပင်း၏ သမီးကလေးချင်ချင်၏မင်္ဂလာပွဲနေ့အထိမ်းအမှတ် သိုင်းစွမ်းရည်ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်သောကြောင့်တည်း။ ထိုပြိုင်ပွဲကိုစိတ်ဝင်သူ များလှသည်။ အထူးသဖြင့် သွေးကြွနေသည့်လူငယ်လူရွယ်များက ပြိုင်ပွဲသို့သွားလိုနေကြသည်။

အထူးသဖြင့် မင်္ဂလာဆောင်နှံမည့် မြို့စား၏သမီးကလေးက ဆုများကို ကိုယ်တိုင်ချီးမြှင့်မည်ဆိုသဖြင့် လူငယ်များအားရတက်ကြွနေကြသည်။

ရွှေဓားသခင် စီလင်ရှူ၊ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းနှင့် ခြေသလုံးအိမ်တိုင် သိုင်းသမားခွန်ချွန်းတို့သည် ဤပြိုင်ပွဲသို့ရောက်ရှိနေကြ၏။ ကျောက်စိမ်းနဂါးဂိုဏ်းမှ ဦးစီးကျင်းပသောပြိုင်ပွဲဖြစ်သောကြောင့် သူတို့အားလုံး ရှပ်ဖျက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဖေးသည်လည်း သူတို့အသင်းအဝင်းဝင် တစ်ယောက်ဖြစ်နေလေရာ ဝမ်ဖေးသည်လည်းလိုက်ပါလာလေ၏။ သူလည်း ရုပ်ဖျက်ရသည်။ ရုပ်ဖျက်ပုံမှာလည်း တစ်ယောက်တစ်မျိုးဖြစ်သည်။

ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချန်းကိုကြည့်ပါ။ ခွန်ချန်းသည် ခေါင်းစွပ်ပါသောဝတ်ရုံရှည်ကြီး စွပ်ထားသဖြင့် ရုပ်ဆိုးလှသော စုန်းမကြီးနှင့် တူနေသည်။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းမှာ ဆံပင်တုတပ်ဆင်ထားပြီး အပေါ်မှ ဝတ်ရုံကြီးထပ်ဝတ်လိုက်သဖြင့် မည်သူမျှ မမှတ်မိကြတော့ချေ။

စီလင်ရှုကတော့ ခေါင်းမှဆံပင်ကို ကျစ်ဆံမြီးကျစ်ပြီး မျက်နှာကိုလည်း ပြုပြင်လိုက်သည်။ စီလင်ရှုသည် ဤမြို့သားမဟုတ်သဖြင့် မှတ်မိသိရှိသူ နည်းပါး၏။ ရုပ်ဖျက်မည့်သာ ဖျက်သည်။ သူ့ရုပ်ရည်ကို အထူးဖျက်စရာမလိုပါ။

ဝမ်ဖေးကတော့ မျက်နှာကိုပြုပြင်ပြီး ဝတ်စုံဖားဖားကြီးဝတ်ဆင်လိုက်သောအခါ သူ၏လက်တစ်ဖက်ပြတ်နေမှန်း မည်သူမျှ မသိကြတော့ချေ။

သူတို့သည် သိုင်းပြိုင်ပွဲစင်မြင့်သို့ရောက်ရှိနေကြသည်။ သူတို့ကြိုတင်ရောက်ရှိနေခြင်းသာ ဖြစ်၏။ ချိန်းဆိုထားသည့်အချိန် မတိုင်သေးပေ။

သိုင်းပြိုင်ပွဲကား စနေလေပြီ။ သိုင်းပြိုင်ပွဲတွင် ထူးခြားသော စွမ်းရည်ပြပြိုင်ပွဲလည်း တစ်မျိုးပါဝင်သည်။ ထိုပြိုင်ပွဲကား တတ်သမျှ မှတ်သမျှ စွမ်းရည်ပြသရသော ပြိုင်ပွဲပေတည်း။



ယခု စွမ်းရည်ပြပြိုင်ပွဲ ဆက်လက်ကျင်းပနေသည်။ စွမ်းရည်ပြသသောပြိုင်ပွဲမှာ သိပ်ထူးထူးဆန်းဆန်းတော့ မဟုတ်ချေ။

တကယ့်အစစ်အမှန်ဆူးနှင့် အတုအယောင်ဆူးနှစ်မျိုးကိုခင်းထားသည်။ ထိုအခင်းသည်ခြေလှမ်း နှစ်ဆယ်စာမျှရှိသည်။

ဆူးအစစ်နှင့် ဆူးအတုတို့မှာ မည်သို့မှခွဲမရချေ။ ဆူးခင်းလမ်း၏အဆုံးတွင် ချင်ချင်၏ပဝါကလေး ချိတ်နှောင်ထား၏။ ထိုပဝါဖြင့် ဆုငွေထုတ်ရမည်ဖြစ်သည်။

ထိုဆူးခင်းလမ်းပေါ်တွင် တစ်ယောက်ပြီးတစ်ယောက် လျှောက်နေသည်။ မည်သူမျှ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းထက်ပို၍ မလျှောက်နိုင်ချေ။ အော်ဟစ်ပြီး ဘေးသို့ဆင်းပြေးသွားကြသည်သာ။

"အား"

"ဟား... ဟား... ဟား"

"လျှောက်ပေး... လျှောက်ပေး၊ ဟုတ်ပြီ... ဟုတ်ပြီ"

"အား"

"ဟား... ဟား... ဟား"

တစ်ယောက်ပြီးတစ်ယောက် အောက်သို့ဆင်းပြေးကြရသည်။ မည်သူမျှ ခရီးဆုံးအောင် ဆူးများကိုမနင်းနိုင်ကြပေ။

တကယ်အားပေးသူကလည်း အားပေးသည်။ လှောင်ပြောင်ရယ်မောသူများ ကလည်း ရယ်မောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့အားဖြင့် စွမ်းရည်ပြပွဲတစ်ခုလုံး ဆူညံနေကြသည်။

စွမ်းရည်ပြပွဲတွင် လူငယ်များသည် သူတို့အတွက်ကိုစမ်းသပ်နေလိုကြသည်။ ထို့ကြောင့် စွမ်းရည်ပြပွဲတွင် ဝင်ရောက်စမ်းသပ်ရန် တန်းစီနေကြခြင်းဖြစ်သည်။

ခွန်ချွန်းက ကိုယ်တော်ဟုန်ကျင်းအား မေး၏။

"ကိုယ်တော်... အဲဒီဆူးပေါ်ကို လျှောက်နိုင်ပါ့မလား"

ဟုန်ကျင်းက ခေါင်းညိတ်ပြီး တီးတိုးပြော၏။

"ဖြစ်နိုင်ပါတယ်၊ ဒါဟာ သာမန်လူတွေအတွက် အခက်အခဲရှိပေမယ့် သိုင်းသမားတွေအတွက်တော့ အခက်အခဲမရှိလှပါဘူး"

"အင်း... ဟုတ်တယ်"

"ရှောင်လင်ကျောင်းတော်မှာ ဒီထက်ခက်ခဲတဲ့ လေ့ကျင့်ခန်းတွေလုပ်ခဲ့ရတာပဲ၊ ဒီလိုဆူးတွေကိုနင်းနိုင်ဖို့ ကိုယ်ဖော့ပညာကျွမ်းကျင်ရမယ်၊ ဒါဟာ အဓိကအချက်ပဲ"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက ရိုးသားစွာပြောပြလေ၏။ ဤသည်ကို ခွန်ချွန်းလည်း သိပါသည်။

စီလင်ရှုကတော့ ချင်ချင်ချိန်းဆိုထားသည့်အချိန်ကိုသာ စိတ်အာရုံရောက်နေသည်။ ထို့ကြောင့် သူက ရှောင်လင်ကိုယ်တော်ဟုန်ကျင်းအား ဤသို့အကြံဉာဏ်ပေးလေ၏။

"ဒါဆိုရင် တပည့်တော် အကြံပေးမယ်၊ ကိုယ်တော်တစ်ခုလုပ်ပေးပါလား"

"ဘာများလဲ"



ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက ပြန်လှန်မေးမြန်းလေသည်။ စီလင်ရှုက...

"ကိုယ်တော်က ဆူးပေါ်မှာလျှောက်ရတာ အန္တရာယ်မရှိဘူး ဆိုလို့ပါ"

"ဟုတ်ပါတယ် မရှိပါဘူး"

"မရှိဘူးဆိုရင် ကိုယ်တော်ဟာ အဲ့ဒီဆူးတွေပေါ်မှာ အချိန်ဆွဲပြီး လမ်းလျှောက်ပြလိုက်ပါ"

"ဘယ်လောက်ကြာကြာအချိန်ဆွဲရမှာလဲ"

"တစ်နာရီကျော်ကျော်... မဖြစ်နိုင်ဘူးလား"

"တစ်နာရီ ဟုတ်လား"

"ဘာလဲ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်"

ဟုန်ကျင်းသည် စီလင်ရှု၏စိမ်ခေါ်ခွဲမှုကိုသဘောတူညီလိုက်သည်။

"ဒီလိုဆိုရင် ကိုယ်တော်သွားတန်းစီတော့လေ"

စီလင်ရှုက တစ်ဆက်တည်းပြောလိုက်၏။

"ရပါတယ်ဗျာ... ကျုပ်ရှေ့က တန်းစီနေတဲ့လူတွေ များနေပေမယ့် တစ်ချက်နှစ်ချက်နင်းပြီးတာနဲ့ ဘေးထွက်သွားမယ့်လူတွေပါ"

"ဒါပေမယ့် တန်းမစီရင် ကိုယ်တော်စွမ်းရည်ပြပွဲမှာဝင်မနွှဲနိုင်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ... ဒကာကြီးစိတ်ပူနေရင် အခုပဲ ကျုပ်သွား တန်းစီလိုက်ပါ့မယ်"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် လူများနောက်၌ သွားရောက်တန်းစီလေ၏။ စီလင်ရှုသည် အချိန်မဖြုန်းတော့ပေ။

"ဝမ်ဖေးက ကျုပ်နဲ့လိုက်ခဲ့၊ ခွန်ချန်းကတော့ ကိုယ်တော် ဟုန်ကျင်းကို စောင့်နေခဲ့ပေါ့၊ ကျုပ်ကတော့ ချိန်းထားတဲ့ဆီပြေးလိုက် ဦးမယ်"

"လုပ်လိုက်လေ"

စီလင်ရှုနှင့် ဝမ်ဖေးတို့သည် ထွက်သွားကြလေ၏။

ထိုအခါမှ ခွန်ချန်းသည် သူသယ်ယူလာသောအရက်ဘူးကို ဖွင့်၍ မော့ချလေတော့၏။

"ဟင်... စီလင်ရှုရှိနေတော့ အရက်သောက်ရတာ သိပ်မ ကောင်းဘူး၊ သူမရှိမှ အရက်ပိုသောက်လို့ကောင်းတယ်၊ ကိုယ်တော် ဟုန်ကျင်းရေ... ကိုယ်တော်အလုပ် ကိုယ်တော်ဆက်လုပ်ပေတော့"

ခွန်ချန်းသည် အော်ဟစ်ရင်း အရက်ကိုမော့နေတော့သည်။

ပြိုင်ပွဲဝင်ရန် တန်းစီနေသူများမှာ များသထက်များလာ သည်။ ကိုယ်တော်ဟုန်ကျင်းမှာ သူ့အလှည့်ရောက်ရန် ခေါင်းငုံ့၍ တန်းစီနေလေ၏။ ကိုယ်တော်ဟုန်ကျင်းကတော့ လူများပြောခြင်းကို ဂရုမစိုက် ချေ။ ခြေသလုံးအိမ်တိုင်သိုင်းသမား ခွန်ချန်းကတော့ အရက် သောက်မြဲပင်။



(၃၄)

## ဖြစ်ပျက်အစဦး

ကျောက်စိမ်းနဂါးခေါင်းဆောင် ဖန်ကောက်တင်သည် သူစီ စဉ်ပေးသည့်ပွဲကြီး စည်စည်ကားကားဖြစ်နေသဖြင့် လွန်စွာ ကျေနပ် နေသည်။ သိုင်းပြိုင်ပွဲ၌လည်း လူစည်ကားနေသည်။

စွမ်းရည်ပြပြိုင်ပွဲ၌လည်း လူစည်ကားနေသည်။ ထို့ကြောင့် ဖန်ကောက်တင် ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

မြို့စားကြီးဝမ်ပင်းကတော့ စိတ်မချမ်းသာပေ။ သူသည် သိုင်းပြိုင်ပွဲကိုကြည့်နေသော်လည်း စိတ်မပါလှပေ။

ဖန်ကောက်တင်၏နောက်နား၌ ကျောက်ဖိန်၊ ကျောက် ချူး၊ ပိတုန်းကေရီရှုစီလင်း၊ ကျားမုဆိုးဟန်ချင်းနှင့် သတို့သား လှောင်း ချင်ဖုန်တို့ကပ်ပါနေကြသည်။

ချင်ဖုန်က ကျောင်ချူးကို တီးတိုးပြောလေ၏။

"သတို့သမီး ပြင်ဆင်တာလဲကြာလိုက်တာ၊ ဘယ်လောက် များ ပြင်ဆင်နေသလဲမသိဘူး၊ အလှတစ်ခါပြင်တိုင်း အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ကြာနေရင်တော့ မလွယ်ဘူး"

သူမည်မျှတီးတိုးပြောစေ၊ နောက်နား၌ ရှိသူတို့အားလုံး ကြားကြသည်သာ။

ပိတုန်းဇကရီဇူစီလင်းက....

"အခုတော့ သည်းခံပေါ့ရှင်၊ မကြာခင် မြို့စားသမက်ဖြစ် တော့မှာပဲ၊ မြို့စားသမက်ဖြစ်မှ ရှင်လိုသလို ကြိုးဆွဲပေါ့၊ မိန်းမသား ပဲရှင်၊ ရှင်လိုသလို ကြိုးဆွဲနိုင်မှာပါ"

ကျောက်ဖိန်က ဝင်ပြောလိုက်၏။

"အေးလေ... ဟုတ်တယ်၊ မင်းက ရှုဖြင့်မရသေးဘူး၊ မ ကြိုက်တဲ့အချက်က များနေပြီ၊ မကြိုက်ရင်လဲ စကတည်းက မယူနဲ့ ပေါ့ကွာ၊ ရှင်းရှင်းလေးပဲ"

ကျောင်ချူးက....

"ဟေ့ကောင် ချင်ဖုန်၊ သတို့သမီးကို တွေးရှုမနေနဲ့၊ သတို့သ မီးကိုတွေးနေရင် အမျိုးမျိုးစိတ်လှုပ်ရှားနေမယ်၊ သိုင်းပြိုင်ပွဲကိုသာ ကြည့်နေ"

သတို့သားလောင်းချင်ဖုန်မှာ ငြိမ်ကျသွားလေ၏။ သူသည် စိတ်မပါဘဲနှင့် ပြိုင်ပွဲကိုကြည့်ရှုနေရသည်။ ပြိုင်ပွဲကလည်း စိတ်ဝင် စားစရာ မကောင်းပေ။

သူတို့သည် စွမ်းရည်ပြပြိုင်ပွဲသို့ လှောက်ကြည့်ကြ၏။ စွမ်း ရည်ပြပွဲမှာ ရယ်စရာကောင်းသည်။

ထိုအချိန်၌ ချင်ချင်တစ်ယောက် ရုပ်ဖျက်၍ စံတော်အိမ်၏



နောက်ဘက်ပေါက်မှ ထွက်လာခဲ့သည်။ သိုင်းသမားတစ်ဦးကဲ့သို့ ရုပ် ဖျက်ထားသည့် သူမကို မည်သူကမျှ အထင်မမှားကြချေ။

ပြိုင်ပွဲဝင်မည့်သူ တစ်ဦးကဲ့သို့သာ ထင်မှတ်နေသည်။

သူမသည် သမားတော်ကြီးမိုတိရှိရာသို့ ခပ်သွက်သွက် လှောက်လာလေ၏။

သမားတော်ကြီးမိုတိကလည်း မြင်းရထားကို အပြင်း မောင်းနှင်လာသည်။ ရုပ်ဖျက်ထားသည့် ချင်ချင်အနီးသို့ရောက်မှ ရပ်လိုက်သည်။

"ဘယ်လိုလဲ ဘဘ၊ သမီးနဲ့ လူချင်းလဲမယ့်လူ ပါသလားဘ ဘ"

"ပါတယ် ပါတယ်၊ အဆင်သင့်ပါပဲ၊ သိုင်းသမားတစ်ဦးကို ချင်ချင်နဲ့တူအောင် ရုပ်ဖျက်ပေးထားတယ်၊ မြင်လို့ကတော့ ချင်ချင်မှ ချင်ချင်ပဲ"

"ကဲ... ဒါဖြင့် ကြည့်ကြရအောင်"

သမားတော်ကြီးသည် မြင်းရထားတံခါးကိုဖွင့်လိုက်သည်။ ချင်ချင်ကို အစားထိုးရမည့်သိုင်းသမားကို မြင်လိုက်ရသည်။

သမားတော်ကြီး၏လက်ရာကား လွန်စွာအံ့သြစရာကောင်း လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ဦးကို ချင်ချင်အဖြစ် ဖန်တီးထားသည်မှာ လွန်စွာလက်ရာမြောက်လှပါသည်။

“သမီး သူ့ကိုခေါ်သွား၊ စံအိမ်တော်က သမီးအခန်းထဲအရောက်ပို့ပေးလိုက်၊ ပြီးရင် သမီးက အမြန်ဆုံးပြန်လာခဲ့ ဟုတ်ပြီလား”

“ဟုတ်ကဲ့ ဘဘ”

ချင်ချင်သည် အချိန်လုံးဝမဖြုန်းတော့ဘဲ ရုပ်ဖျက်ထားသူကိုခေါ်၍ ထွက်သွားလေ၏။ စံတော်အိမ်ဆီသို့ပြန်လာခဲ့သည်။

လူများ ရှုပ်ထွေးနေသဖြင့် ပုန်းကာကွယ်ကာဖြင့် သူမ၏အခန်းဆီသို့ ခေါ်လာခဲ့ရသည်။

ချင်ချင်က တီးတိုးပြောသည်။

“ကဲ... ရှင် ဒီအခန်းထဲမှာနေပြီး မီးစဉ်ကြည့်ကပေတော့၊ ကျွန်မ သွားတော့မယ်”

“ဟုတ်ကဲ့ပါဗျာ”

ချင်ချင်သည် အခန်းဆီမှ ထွက်ခွာသွားလေတော့၏။

(၃၅)

စီလင်ရှုနှင့်ဝမ်ဖေးတို့သည် လမ်းခွဲဆီသို့ မြင်းကိုယ်စီဖြင့် ထွက်ခွာလာကြလေ၏။



သူတို့သည် အိမ်တစ်အိမ်မှ မြင်းနှစ်ကောင် ကိုဝယ်စီးခဲ့ခြင်းဖြစ်သည်။

မြင်းနှင့်ခရီးသွားရသည်မှာ ခြေကျင်ခရီးသွားသည်ထက် ပို၍မြန်ဆန်သည်မဟုတ်ပါလား။

သူတို့သည် လမ်းခွဲသို့ရောက်ရန် မြို့ပြင်မှ ပတ်လာခဲ့ကြရသည်။ အနည်းငယ်တော့ ကြန့်ကြာမှုရှိသည်။

အရေးအကြီးဆုံးအချက်က အားလုံးချိန်သားကိုက်ဖို့ပင်။ သူတို့သည်အုပ်စုသုံးစုခွဲ၍ လှုပ်ရှားနေသည်။

သမားတော်ကြီး မိုတိနှင့်ချင်ချင်က တစ်အုပ်စု၊ ရှောင်လင်ကိုယ်တော် ဟုန်ကျင်းနှင့် ခွန်ချန်းက တစ်အုပ်စု။ သူနှင့်ဝမ်ဖေးက တစ်အုပ်စု။

ဤသုံးအုပ်စု အချိန်ကိုက်လှုပ်ရှားမှု၊ ချိတ်ဆက်မိမှုအရေးကြီးသည်။

သူတို့၏ ချိတ်ဆက်မိမှုမှာ ချင်ချင်ကိုကယ်တင်ရေးအတွက် လွန်စွာအရေးကြီးသည်။

သူတို့သည် မြင်းများကို တရကြမ်းခရီးနှင်လာကြ၏။ လမ်းခွဲသို့ရောက်ရန် အရေးတကြီး ခရီးနှင်နေကြခြင်းဖြစ်သည်။

ဝမ်ဖေးမှာ လက်တစ်ဖက်ပြတ်နေသော်လည်း သိုင်းသမားတစ်ယောက်ဖြစ်၍ လူကောင်းတစ်ယောက်ကဲ့သို့လှုပ်ရှားနိုင်သည်။

သူသည် ကျောက်စိမ်းနဂါးဂိုဏ်းမှ ယန္တရားဖားကြီးအားဖျက်ဆီးရန် လွန်စွာ စိတ်ထက်သန်နေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန္တရားဖားကြီးနှင့် တစ်ပါတည်း ကျောက်စိမ်းနဂါးဂိုဏ်းကိုပါဖျက်ဆီးနိုင်သော ကောင်းလေစွဟု သူတွေးနေလေ၏။

သူတို့သည် လမ်းခွဲသို့ တဖြည်းဖြည်းနီးကပ်လာလေ၏။

ထိုအချိန် မင်္ဂလာပွဲအခန်းအနားၞ...

"ဟေး... ဟုတ်ပြီကွ၊ ဟုတ်ပြီကွ"

"ရောက်တော့မယ်... ရောက်တော့မယ်"

"လုပ်ပေး... လုပ်ပေး"

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းသည် ခန္ဓာကိုယ်ကိုထိန်းသိမ်းပြီး လမ်းလျှောက်နေလေ၏။

သူသည် ကိုယ်ဖော့ပညာကိုသုံး၍ လမ်းလျှောက်ခြင်းဖြစ်၍ ဆူးများသည် သူ့ကိုဒုက္ခမပေးပေ။ နာကျင်မှုဝေဒနာကို လုံးဝမခံစားရပေ။

သူ ခြေဖဝါးချလိုက်တိုင်း ဆူးအစစ်၊ ဆူးအတုကို ခြေဖဝါးက ခံစားသိရှိသည်။ သူသည် အသက်ကိုဖြည်းညင်းစွာ ရှူသွင်းရှူထုတ်လုပ်လျက် ဆူးများပေါ်တွင် လမ်းလျှောက်နေလေ၏။

ဟုန်ကျင်း၏စိတ်ထဲတွင် သူသည် ငှက်မွေးတစ်ပင်ကဲ့သို့ ပေါ့ပါးနေသည်။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်း၏ လမ်းလျှောက်နေပုံကို လူအများက သဘောကျနေကြ၏။

"ဒီလူလမ်းလျှောက်နေတာ ပေါ့ပါးလိုက်တာနော်၊ ငှက်မွေးကလေး တစ်ချောင်းလိုပဲ"



"အေး... ဟုတ်တယ်ကွ၊ သူဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်နိုင်တယ်၊ ဒီမျက်နှာမျိုး ဒီနယ်မှာ တစ်ခါမှမတွေ့ဖူးသေး ဘူး"

ထိုသို့ပြောနေကြသူများကား အခြားသူများမဟုတ်ပေ။ ကျောက်စိမ်းနဂါးဂိုဏ်းမှ ကျောက်ဖိန်နှင့်ကျောင်ချူးတို့တည်း။

သူတို့ပြောဆိုနေသည့်စကားကြောင့် ပိဟုန်းကေရှုစီလင်းသည် သံချွန်ပေါ်လမ်းလျှောက်နေသူကို သတိထားမိသွား၏။ သူမသည် ရှောင်လင်သိုင်းသမားဟုန်ကျင်းကို စူးစိုက်ကြည့်နေမိ၏။

သူမသည် ရှောင်လင်သိုင်းသမားဟုန်ကျင်းနှင့် တိုက်ခိုက်ခဲ့ဖူးသည်။ ထို့ကြောင့် ဟုန်ကျင်း၏လှုပ်ရှားမှုများ မျက်စိထဲ၌ကျက်မိသလိုဖြစ်နေ၏။ သူသည် ဟုန်ကျင်းကိုကြည့်၍ ဇဝေဇဝါဖြစ်နေ၏။

သူသည် သူမနှင့် တိုက်ခိုက်ခဲ့ဖူးသည့် ရန်သူပင်လော။ ရှုစီလင်းသည် ဟုန်ကျင်းကိုသာ မမှိတ်မသုန်ကြည့်နေမိလေသည်။

ဖန်ကောက်တင်တို့မှာ ရိုးရိုးစိတ်ဝင်စားခြင်းဖြစ်သည်။

ရှုစီလင်းတစ်ယောက်သာ အထူးစိတ်ဝင်စားနေခြင်းဖြစ်သည်။

ဤပွဲကို စိတ်မဝင်စားဆုံးလူတစ်ယောက်ရှိ၏။ ထိုသူကား ချင်ဖုန်ဖုံးပေတည်း။

ချင်ဖုန်ဖုံးစိတ်ဝင်စားသည့်မိန်းကလေးမှာ ချင်ချင်သာဖြစ်၏။ သူသည် ချင်ချင်ထွက်လာမည်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ချင်ချင်ကို ထွက်လာစေချင်သည်။ သို့သော် ဆရာဖြစ်သူနှင့် မြို့စားကြီးဖြစ်သူတို့က သူ့ဒုက္ခကိုမသိကြပေ။ ဤအတွက် သူ ကျိတ်မနိုင်ခဲမရဖြစ်နေသည်။

သူသည် အခြေအနေကိုအကဲခတ်လိုက်၏။ ဖန်ကောက်တင်နှင့် မြို့စားကြီးမှာ စွမ်းရည်ပြိုင်ပွဲကိုကြည့်နေကြ၏။

ကျောက်ဖိန်၊ ကျောင်းချူးနှင့် ဇူစီလင်းတို့မှာလည်း သံချွန်ပေါ်နင်းနေသည့် သိုင်းသမားကိုစိတ်ဝင်စားနေသည်။

(ဒုတိယပိုင်း) ပြီး၏။

(တတိယပိုင်း ဇာတ်သိမ်း)ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com